# မြရန္ဒါ

ချစ်တေးချီချီ



design : bo bo htoon



စာပေ

အမှတ် ၃၉-၄၁ ၅၄လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့။
☎ ၀၁- ၂၉၈၀၉၀

67890 86 21
12345 89 23
80 25

ရွှေသမင်စာပေ၏ တင်ဆက်မှု

# မြနန္ဒာ

86 1000
68 500
89 1000
98 500

# ချစ်တေးချိုချို



အပိုင်း (တစ်)

ကြည့်ကြည့်မြင့်
စာပေ
အမှတ်(၂)၃-လမ်းနှင့်တောဇလမ်းဒေါင့်၊မအူပင်မြို့

၁။

ကားကို ဘီးတစ်လိမ့်စာလေး ဆက်ပြီး ရွေ့ဖို့တောင် ဘယ်လိုမှ ကြိုးစားအားထုတ်လို့ မရတော့သည့် အဆုံးတွင် 'မေချိုတေး' က စိတ်ရှုပ်ရှုပ်နှင့် လမ်းဘေးနားကို ကပ်ရပ်လိုက်ပါသည်။ ဘာဖြစ်ပြန်ပြီလဲ။ မိန်းကလေးများရဲ့ ထုံးစံအတိုင်း တေးက ကားကို မောင်းရုံသာ မောင်းတတ်ပြီး ပြင်တတ်တာ မဟုတ်။ မပြင်တတ်တာကလည်း သိပ်တော့

အရေးမကြီး။ ဝှပ်ရှော့ကို ဖုန်းဆက်ပြီး မကြွင်းနှစ်ကို လှမ်းခေါ်လိုက်ရုံပင်။

ဒီပေမယ့် အနီးအနားမှာ ဖုန်းဆက်လို့ မလွယ်ကူပါ။ ဒီကြားထဲမှာ မိုးကရွာနေသေးရဲ့။ ရာသီဥတုကလည်း ကိုယ့်ဘက် မပါပါ။

မှန်တွေ အပြည့်တင်ထားသည့် ကားထဲမှာ ဘာလုပ်ရကောင်းနိုး စဉ်းစားကာ ထိုင်နေရင်း ပူအိုက်လာရပြန်သည်။ air-con ကလည်း ဖွင့်လို့မရတော့။ အင်ဂျင် တော်တော်ကျနေပြီမို့ air-con မဖွင့်ဖို့ အရင်တစ်ခါ ဝပ်ရှော့ပို့ရတုန်းက ဝပ်ရှော့ဆရာက မှာထားပါသည်။ ဒါပေမယ့်လည်း မတတ်နိုင်။ မိုးရွာတော့လည်း ရေငွေ့ပျောက်အောင်ရော၊ အသက်ရှူလို့ ရအောင်ပါ air-con ဖွင့်ရတာပါပဲ။ ဘာကြောင့်ပဲ ဖြစ်ဖြစ် လောလောဆယ်မှာတော့ ကားက ဘယ်လိုမှ နှိုးလို့မရတော့ပြီ။

ကားကို ဒီအတိုင်း ထားခဲ့ပြီး အနီးဆုံး စက်ရုံတစ်ခုခု





ဆီအထိ လမ်းလျှောက်ကာ ဖုန်းသွားဆက်ရကောင်းမလား။ ဒီအနီးအနားမှာဆိုတာတောင်မှ တော်တော် အလှမ်းဝေးနေသေးတာကို တေး အသိဆုံး။ ဒါမှမဟုတ် လမ်းသွားလမ်းလာ ကားတစ်စီးစီးကိုပဲ စောင့်ပြီး အကူအညီတောင်းရကောင်းမလား။ မိုးရွာထဲ လျှောက်သွားရအောင်ကလည်း တေးမှာ ထီးပါမလာပါ။ မိုးတွင်း မဟုတ်တာကြောင့် ကားထဲမှာ ထီး မထည့်ထားမိခဲ့။ လူသူကင်းမဲ့ရာ လူသွားလူလာ ကျဲပါးလှတဲ့ လမ်းမှာ မိန်းကလေးတစ်ယောက်တည်း ထီးမပါဘဲ မိုးမိခံပြီး လျှောက်နေရတာထက် စာရင် ကားထဲမှာ စောင့်ရတာက ပိုပြီး ဣန္ဒြေရမည် ထင်ပါသည်။

စိတ်ဒုံးဒုံး ချလိုက်ကာ တေးက လေဝင်သာအောင် (မိုးတော့ နည်းနည်းပက်ရဲ့) ကားမှန်တွေကို လက်တစ်ဝါးစာစီလောက် ချပြီး ကားထဲမှာပဲ ထိုင်နေလိုက်ပါသည်။ ငါးမိနစ်၊ ပြီးတော့ ... ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်အထိ ကားတစ်စီးတလေကို အရိပ်အယောင်သော်မှ မတွေ့။ မိနစ်

နှစ်ဆယ်ကျော်ကျော် နာရီဝက်နီးပါးကျမှ ကားတစ်စီးကို တွေ့တော့သည်။

မိုးစိုရင်လည်း စိုစေတော့ဟု သဘောထားကာ တေးက ကားထဲက ထွက်ပြီး ထိုကားကို တားလိုက်ပါသည်။ ရပ်မပေးတဲ့ အပြင် ပိုပြီးတော့တောင် အရှိန်မြှင့်ကာ မောင်းလိုက်သည့်ကို လမ်းဘေး ရေအိုင်ထဲရှိ ရေတွေကပါ တေးကို လာစဉ်ကုန်လေသည်။ တော်တော့်ကို အကြင်နာတရား မရှိတဲ့ ကား။ သူ့ကိုများ လုယက်ဓားပြတိုက်မယ့် သူလို့များ ထင်နေသလားမသိ။

လာပြန်ပါပြီ နောက်တစ်စီး။ ဒီတစ်ခါတော့ မတားတော့ဘဲ တေးက ဒီအတိုင်း ပေပြီး ရပ်နေလိုက်သည်။ တားနေလျက်နဲ့ မရပ်ပေးတာက ပိုပြီးတော့ အခံရခက်တယ် မဟုတ်လား။

တေး အတွေးတွေ မဆုံးခင်မှာ ထိုကားက တေး ရပ်နေရာ ဘေးမှာ ကျွီခနဲ ထိုးရပ်လိုက်လေသည်။ နောက်ဆုံး





အကွာရာနဲ့ မော်ဒယ်လ် တော်တော်မြင့်သော Land Cruiser အဖြူရောင်ကြီး။ ကားမောင်းသူဘက်မှ ငွေရောင် မှန်ချပ်သည် လျှောခနဲ ကျလာကာ …

"ဘာများ ကူညီရပါမလဲခင်ဗျာ … ကားပျက်နေတာများလား"

မျက်နှာမြင်ရုံနဲ့ အလိုလို နှစ်လိုဖွယ်ကောင်းနေပြီး ရိုကျိုးနှိမ့်ချဟန်ရော၊ တလေးတစားဟန်ပါ ပေါက်နေသော လူတစ်ယောက်။ တေး နည်းနည်းတော့ စိတ်ထဲ ကြည်သွားရသည်။

"ဟုတ်ကဲ့ … ကားပျက်နေလို့ပါရှင် … တကယ်လို့များ hand phone ပါတယ်ဆိုရင်လည်း ဝပ်ရှော့ကို ဖုန်းတစ်ချက် ဆက်ချင်ပါတယ်၊ မပါရင်လည်း ဖုန်းရှိတဲ့နေရာလောက် အထိ ကျွန်မ ကားကြုံလိုက်ချင်ပါတယ်"

တေး စကားဆုံးတဲ့အထိ ထိုလူက နားထောင်သည်။ တေး စကား ဆုံးသွားတော့မှ …

တေးက အားနာနာနှင့်ပဲ ဖုန်းကို လှမ်းယူကာ ဝပ်ရှော့ကို ဖုန်းခေါ်သည်။ ဖုန်းခေါ်နေရင်း ဘာရယ်မဟုတ် နောက်ကြည့်မှန်လေးဆီကို ရုတ်တရက် အကြည့်ရောက်သည်။ မျက်ခုံးထူထူအောက်မှ စိန်ပွင့်တွေလို စူးရှလှသည့် မျက်ဝန်းတစ်စုံ။ တင်းတင်းစေ့ထားသည့် မာနရိပ် အနည်းငယ်ဆင်သော နှုတ်ခမ်းပါး။ မိုးမိထားလို့ပဲလား၊ ကားထဲက air-con ရဲ့ အအေးဓာတ်ကြောင့်လား၊ ဒါမှမဟုတ် စူးရှလှတဲ့ မျက်ဝန်းအစုံကြောင့်လားတော့ မသိ။ ဖုန်းကို ကိုင်ထားသော တေး လက်တွေ မသိမသာ တုန်ယင်လာလေသည်။

ငိုင်သွားမိကာ တစ်ဖက်က ဖုန်းထူးပြီး ဟယ်လို ဆယ်ခါလောက် အော်နေတော့မှ သတိဝင်လာသည်။ တေးသည် ခပ်ရှက်ရှက်နှင့် ...

“ဟယ်လို ... ကိုထွန်းဝင်းလား ... ကျွန်မပါ ... တေးပါ”

“... ... ...”

“ဟုတ်ကဲ့ ... ကျွန်မ အခု ( ... ... ) စက်မှုဇုန်ထဲမှာ





ကားပျက်နေလို့ ကိုထွန်းဝင်း တစ်ယောက်ယောက်ကို လွှတ်ပေးနိုင်မလား”

“... ... ...”

“ရှင် ... မရှိကြဘူး ... ၊ ဒါဆို ဘယ်အချိန်လောက်မှ ပြန်ရောက်မှာလဲ ... ကျွန်မ ဒီမှာ ဆက်စောင့်နေရမလား ... ဒါဆို ရပြီလေ ... ကျွန်မ စောင့်မယ် ...”

ဖုန်းပြန်ပိတ်လိုက်ပြီး ရုတ်တရက် တေး ဘာဆက်လုပ်ရမှန်း မသိ။ လွှတ်လိုက်ဖို့ ကောင်လေးတွေ တစ်ယောက်မှ မရှိပါတဲ့။ အခုပဲ ညနေ သုံးနာရီခွဲနေပြီ။ ဘယ်အချိန်အထိများ တေးက စောင့်ရမှာပါလိမ့်။ မစောင့်လို့ရော ဘာတတ်နိုင်မှာလဲ။ တေးမှာ သူတို့ ဝပ်ရှော့ကလွဲလို့ တခြား ဝပ်ရှော့ တစ်ခုတလေကိုမှ မသိဘဲ။

“အဆင်မပြေဘူး ထင်တယ် ... မလာနိုင်ဘူးတဲ့လား”

နောက်ခန်းက မေးလိုက်သံ။

တေးက နောက်ကြည့်မှန်ဆီကို မျက်လုံးလှန်ကြည့်လိုက်ကာ ...

"ဟုတ်ကဲ့... ဒါပေမယ့် ရပါတယ်... သူတို့လာတဲ့ အချိန်ထိတော့ ကျွန်မ စောင့်ရမှာပေါ့... အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်..."

တေးက ပြောပြောဆိုဆို ကားတံခါးဖွင့်ကာ ဆင်းလိုက်သည်။ ဘာကြောင့်မှန်းမသိ ကားထဲမှာ တေး ဆက်ပြီး မနေရဲတော့။ သင့်လည်း မသင့်တော်ပါ။ ဝပ်ရှော့ကိုလည်း ဖုန်းဆက်ပြီးပြီမို့ သူတို့လာတဲ့ အချိန်ကိုသာ စောင့်ရုံ။

ရှိုင်းချင် ရှိုင်းပစေဟု သဘောထားလိုက်ကာ တေးက ကိုယ့်ကားဆီကိုသာ ကိုယ်ပြန်လျှောက်လာလိုက်သည်။ သူတို့ ကားနားမှာ ရပ်နေစရာလည်း ဘာအကြောင်းမှ မရှိတော့။ ဓာတ်လမ်းရှာတယ်လို့ အထင်ခံရမှာကို တေး အကြောက်ဆုံး။

ကားနားကို တေး ရောက်သည်နှင့် ထိုကားကြီးလည်း လေးညှို့မှ လွှတ်သော မြားတစ်စင်းလို အရှိန်နှင့် ထွက်သွားလေသည်။ ကောင်းတယ်။ ဒါဟာ သာမန်ပဲလေ။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ သူတို့ဆီမှာ တေးက ဖုန်းဆက်ခွင့် တောင်း





တယ်။ သူတို့က ဖုန်းပေးဆက်တယ်။ တေးတို့ရဲ့ ဆက်စပ်မှုက ဒါပါပဲ။

ဒါပေမယ့် နောက် မိနစ်နှစ်ဆယ် အကြာမှာတော့ တေးရဲ့ အထင်တွေ တကက်တကက်စင်အောင် မှားနေခဲ့မှန်း သိခဲ့ရပါသည်။ မက္ကင်းနစ် သုံးယောက်ပါသော ဟိုင်းလက် double cab ကားတစ်စီးနှင့် ဇော်မိုးဆိုသော လူ ပြန်ရောက်လာခဲ့လေသည်။ ဘယ်နေရာမှာများ သူ့ သူဌေးနဲ့ Land Cruiser ကို ထားပြီး ချက်ချင်းနီးပါး ပြန်ရောက်လာတယ် မသိ။ စင်ဒရဲလား ပုံပြင်ထဲကလို ဖရုံသီးကို မြင်းရထား ဖန်ဆင်းလာခဲ့သလို ဖြစ်နေပါသည်။

"အစ်မရဲ့ ကားက ဂတ်(စ်)ကက် ပေါက်သွားတာ အစ်မရဲ့၊ ပြင်ပြီး မောင်းသွားလို့ကို မရတော့တာ... အဲဒီတော့ ကျွန်တော်တို့ ကားနဲ့ဆွဲပြီး အစ်မ ပြင်နေကျ ဝပ်ရှော့ကို ပို့ပေးပါ့မယ်... အစ်မ အဆင်ပြေတယ် မဟုတ်လား"

တေးသည် ကျေးဇူးတင်လွန်းတာကြောင့် ဘယ်ကဘယ်

လို စ,ပြီး ကျေးဇူးတင်စကား ပြောရမယ် မသိ။ သူတို့ကား ကို ချက်ချင်း မောင်းထွက်သွားခဲ့ခြင်းဟာ တေးအတွက် မက္ကင်းနစ် အမြန်ဆုံး ခေါ်နိုင်ဖို့ဆိုတာ တေး နားလည်သွား ရသည်။

သူတို့ကားနဲ့ဆွဲပြီး ကိုထွန်းဝင်းတို့ ဝပ်ရှော့ကို ရောက်သည်အထိ လိုက်ပို့ပေးပြီးမှ ပြန်သွားကြပါသည်။ ဝပ်ရှော့မှာ စိတ်အေးလက်အေး ရှိတော့မှ ဘယ်သူဘယ်ဝါတွေဆိုတာ ကိုယ့်ကို ကူညီတဲ့ သူတွေကို မမေးဖြစ်လိုက်မိတာ သတိရသည်။ ကားမောင်းတဲ့ သူက ဇော်မိုး ဆိုတာကလွဲလို့ တေး ဘာမှ မသိခဲ့ပါ။





ဒုတိယအကြိမ် ဆုံသည့်အချိန်မှာတော့ တေးက ပထမတုန်းက အဖြစ်အပျက်ကို မေ့တောင် မေ့နေပြီ။ ပျက်လွန်းလို့ ခဏခဏ အခက်အခဲကြုံကာ စိတ်ရှုပ်ရသော ကားကိုလည်း တခြား ကားတစ်စီးနဲ့ အလိုက်ပေးပြီး လဲပြီးသွားပြီးသား။ နံပါတ် သိပ်မမြင့်သော လီမီတက် ဆလွန်းလေးနှင့် လဲထား ဖြစ်ပါသည်။

ကားပျက်ခြင်း ဒုက္ခကတော့ တော်တော့်ကို ကင်းဝေးသွားရဲ့။ ဝပ်ရှော့ကို ခဏခဏ ဖုန်းဆက်ပြီး မက္ကင်းနစ် ခေါ်ရသော ဝဋ်လည်း ကျွတ်သွားပါသည်။

အဲဒီနေ့က မထင်မှတ်ဘဲ ဆုံရခြင်းသည် တေးရဲ့

သူငယ်ချင်း မဒုမ္မာ အလုပ်လုပ်နေသော Garden Hotel ကို ရောက်ဖြစ်၍ပါ။ တေးရဲ့ ဆိုင်တွေမှာ ကိုယ်တိုင် ဝင်ပြီး ပါဝင်တဲ့ လုပ်အား မရှိပေမယ့် ပဒုမ္မာ ရှယ်ယာက လေးပုံ တစ်ပုံလောက် ပါ,ပါသည်။ ခြောက်လတစ်ခါလောက် တေးက စာရင်းရှင်းတမ်းနှင့် အကျိုးအမြတ်ကို ရှင်းပေးသည်။ ပဒုမ္မာ အိမ်ဘက်ကို မရောက်ဖြစ်တာမို့ အလုပ်လုပ်ရာ Hotel မှာပဲ ဝင်ပေးဖြစ်ခြင်းပါ။

ပဒုမ္မာက Garden Hotel မှာ Assit: Marketing Manager ဖြစ်ပါသည်။ ပဒုမ္မာ့ရုံးခန်းကို ရောက်တော့ ပဒုမ္မာ မရှိ။ GM ရုံးခန်းကို သွားတယ်ဆိုတာကြောင့် တေး ထိုင်စောင့်နေဖြစ်သည်။

ထိုအချိန်မှာ ပဒုမ္မာ့ ရုံးခန်းကို နောက်ထပ် ဧည့်သည် တစ်ယောက် ရောက်လာပြန်ပါသည်။

"ပုဂံက King Hotel ဖွင့်ပွဲအတွက် ဖိတ်စာ လာပို့တာပါ ... တကယ်လို့များ ဒေါ်ပဒုမ္မာ လိုက်နိုင်မယ်ဆိုရင်





ကျွန်တော်တို့ YA (Yangon Airways) နဲ့ စီစဉ်ထားပါတယ် ခင်ဗျာ"

"မမက GM ရုံးခန်း ခဏသွားတယ်ရှင့် ... စောင့်ပါလား၊ မစောင့်ရင်လည်း မမ ပြန်လာရင် လိုက်ဖြစ် မလိုက်ဖြစ်ကို အကြောင်းပြန်ပေးပါ့မယ်"

ပဒုမ္မာ့ လက်ထောက် ကောင်မလေးနှင့် စကား ပြောနေသော ထိုဧည့်သည်ကို ကြည့်ရင်း တေး စိတ်ထဲ မြင်ဖူးသလို ဖြစ်လာရသည်။ ထစ်နေရာရာမှာ မြင်ဖူးပါတယ်၊ အစဉ်သဖြင့် ရိုကျိုးနေတဲ့ မျက်နှာထားနဲ့။

ဇော်မိုး ... ဇော်မိုး ဆိုတဲ့လူ။

မိုးရွာထဲမှာ ကားပျက်ပြီး အတော်ကို စိတ်ရှုပ်ခဲ့ရသော နေ့တစ်နေ့ကို သတိရသွားရသည်။ တေးကို အစအဆုံး ကူညီခဲ့သူ။ တစ်ဆက်တည်းမှာပဲ စူးရှရှ မျက်ဝန်းတစ်စုံကိုပါ တေးသတိရသွားရပါသည်။

ဇော်မိုးကလည်း တေးကို မှတ်မိပါသည်။

"အစ်မ ... ဟိုတစ်ခါ ကားပျက်တဲ့ ..."

"ဟုတ်ကဲ့ ... ကျွန်မလည်း နှုတ်ဆက်မလို့ပါ ... အဲဒီတုန်းကလည်း ကျေးဇူးတင်စကား သေသေချာချာ မပြောလိုက်ရဘူး ..."

"ရပါတယ် အစ်မရဲ့ ... အခက်အခဲ ဖြစ်နေတဲ့ သူကို ကူညီရတာ လုပ်သင့်တဲ့ ကိစ္စပါ ... အခုရော ကား အခြေအနေကောင်းသွားပြီလား"

"အဟွင်း ... ခဏခဏပျက်လွန်းတာနဲ့ တခြားကား တစ်စီးနဲ့ပဲ လဲလိုက်တော့တယ် ... ကြာတော့ ဒဏ်မခံနိုင်တော့ဘူးလေ"

"ကောင်းပါတယ် အစ်မ ... မိန်းကလေး တစ်ယောက်တည်း သွားနေရတာဆိုတော့ စိတ်ချရတဲ့ ကားပဲ ကောင်းတယ်၊ မဟုတ်ရင် အရမ်းဒုက္ခရောက်တယ်"

တေးတို့ ပြောနေတုန်းမှာပင် ပဒုမ္မာလည်း GM ရုံးခန်းက ပြန်ရောက်လာပါသည်။ ပဒုမ္မာ ရောက်လာတော့ ဇော်မိုးက သူ့လာရင်း အလုပ်ကိစ္စတွေ ပြောနေတော့ တေးလည်း





အလိုက်တသိပင် ခပ်လှမ်းလှမ်းမှာ သွားထိုင်နေလိုက်သည်။ ပဒုမ္မာနှင့်တော့ လုပ်ငန်းသဘောအရ ရင်းနှီးပုံပါ။ ဇော်မိုးက အလုပ်ကိစ္စ ပြီးသွားပြီး ပြန်ခါနီးမှာ တေးကို ပြုံးပြရုံသာ နှုတ်ဆက်သွားသည်။ တေးလည်း လူမှုရေးအရတော့ ပြန်ပြီး ပြုံးလိုက်ရတာပင်။

ဇော်မိုး ထွက်သွားတော့မှ ပဒုမ္မာက ...

"ဇော်မိုးနဲ့ ရှင်နဲ့ သိတာလား ... တေး ..."

"သိတယ်တော့ မဟုတ်ပါဘူး ... ကျုပ် ကားပျက်တုန်းက တစ်ခါ ကူညီပေးဖူးတယ် ... အဲဒီလောက်ပါပဲ ... ဘာဖြစ်လို့လဲ"

"ဇော်မိုးက Future Man က ဦးတည်ခန့်နိုင်ရဲ့ မန်နေဂျာလေ၊ ရှင် သိတယ်မဟုတ်လား ဦးတည်ခန့်နိုင်ကို"

"ကြားဖူးပါတယ် ... မြန်မာပြည်ရဲ့ အချမ်းသာဆုံး စာရင်းဝင် လုပ်ငန်းရှင်တစ်ယောက်ပဲ ဥစ္စာ၊ အဲဒီလောက်တော့ ကျုပ် မအ,သေးပါဘူးဟယ်"

ဒါဆိုရင် တေး ကားပျက်တုန်းက တွေ့ခဲ့ရတဲ့ စူးရှတဲ့ မျက်ဝန်းပိုင်ရှင်။ စီးပွားရေး လုပ်ငန်းရှင် တစ်ယောက်ဆိုတာ တော့ သူ့အခြေအနေကို ကြည့်တာနဲ့ သိပြီးသားပင်။ ဦးတည်ခန့်နိုင် ဆိုတာကိုတော့ အခု ပဒုမ္မာ ပြောမှ သိရတာ။ ဦးတည်ခန့်နိုင်ရဲ့ လုပ်ငန်းတွေသည် မရေတွက်နိုင်အောင်ကို များပြားလွန်းလှရဲ့။ ဟိုတယ်တွေ၊ စူပါမတ်ကက်တွေ၊ အထည်ချုပ် စက်ရုံတွေ၊ ဆန်လုပ်ငန်း၊ သစ်လုပ်ငန်း၊ အိမ်ဆောက် ပစ္စည်း ဖြန့်ဖြူးရေးဆိုင်တွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ နောက်ထပ် ပြောမပြနိုင်လောက်အောင် ရှိပါသေးသည်။

အဲဒါကြောင့်လည်း သူ့ရဲ့ မျက်ဝန်းအစုံဟာ မာနရောင် စွက်နေတော့တာပေါ့။ သူ့ မာနက တမင်တကာတောင် မွေးယူစရာ မလို။ သူများတွေလို တကူးတက ဖန်တီးစရာ မလိုဘဲ အရှိန်အဝါကြီးတစ်ခုကို ရှိပြီးသား။ ဒါတွေ ထားပါ တော့လေ။ ကိုယ်နဲ့ ဘာမှမဆိုင်။ သူ ဘယ်သူဖြစ်ဖြစ် ကိုယ် လည်း ဘာမှ ပိုပြီး ထူးခြားမလာ။ လောလောဆယ်မှာတော့ ဗိုက်ဆာနေပါပြီ။





“ကျုပ်တို့ တစ်ခုခု သွားစားရအောင် ပဒုမ္မာ ... ရှင် ဘာစားပြီးပြီလဲ ...”

“ထမင်းတော့ စားပြီးပြီ ... ကော်ဖီ သွားသောက်မယ် လေ ... ကျုပ် တိုက်ပါ့မယ် တေးရယ် ... ဒါမှမဟုတ် Food တစ်ခုခုပဲ စားမလား”

“ဝိတ်လျှော့နေတယ် ... တတ်နိုင်သမျှ အရည်ပဲ သောက် မလားလို့၊ ဗိုက်ဆာတိုင်း စားနေရင် ကြာရင် ဝ,တုတ်ကြီး ဖြစ်လာမှာပေါ့ ...”

“ဟုတ်ပါပြီ ... ဖက်ရှင်ဒီဇိုင်နာကြီးရယ် ...”

ပဒုမ္မာ အလုပ်တွေ လက်စသတ်တာကို ခဏစောင့်ပြီးမှ နှစ်ယောက်သား ကော်ဖီဘားရှိရာ ပထမထပ်ကို တက်လာခဲ့ လိုက်ကြသည်။

“မိုးတွင်းဆိုတော့ အရောင်းကျမယ်ထင်တာ ... မဆိုး ဘူးနော်၊ အရောင်းတက်သားပဲ ... ဟီဟိ ... အဆင်ပြေတာပဲ၊ လက်စွပ်တစ်ကွင်းကို အောက်ထပ်က ဂျူဝဲလ်ရှော့(ပ်)မှာ

သွားကြည့်ထားတာ … ကြိုက်လို့၊ ရှင် လာပေးတဲ့ ပိုက်ဆံနဲ့ ပြီးရင် သွားဝယ်ရမယ် … ပိုက်ဆံတော့ အိမ်ပြန်ပါမှာ မဟုတ်တော့ဘူး"

"ဘာလက်စွပ်လဲ …"

စိန်နဲ့မြ အကွက်ဖော်ထားတဲ့ လက်စွပ်လေးပါ၊ ပိုက်ဆံက ရတာနဲ့ အဖတ်တင်တာ တစ်ခုခု မြန်မြန်ဝယ်ထားမှ၊ မဟုတ်ရင် အင်္ကျီလေး လှတာတွေ့ရင် ဝယ်လိုက်၊ ဖိနပ်လေး ဝယ်လိုက်နဲ့ ဘာမှ အဖတ်မတင်ဘဲ ကုန်ရော … ကော်ဖီသောက်ပြီးရင် သွားကြည့်ကြမယ်လေ … တေးရဲ့ … စိန်ကောင်းမကောင်းကို ရှင်လိုက်ကြည့်ပေး"

"ကြည့်တာပေါ့ … ဒါပေမယ့် ဒီလိုဆိုင်တွေမှာက အရမ်းဈေးကြီးနေဦးမယ်နော် ပဒုမ္မာ"

"အင်း … ဖော်ရိန်နာတွေကိုတော့ FEC နဲ့ ရောင်းတာပေါ့၊ ကျုပ်နဲ့ကတော့ ဆိုင်ပိုင်ရှင် အစ်မကြီးနဲ့ ခင်နေတော့ သူတို့ဈေးကို အမှန်ဆုံးရအောင် တွက်ပေးပါတယ်"





နှစ်ယောက်သား စကား တပြောပြောနှင့် ဘေးပတ်ဝန်းကျင်ကိုလည်း သိပ် သတိမထားမိ။ ဟိုတယ်မှာ တည်းကြတဲ့ ဧည့်သည်တွေသာ ကော်ဖီအားမှာ အထိုင်များကြတာမို့ လူရှင်း၍ နေပါသည်။

ခြောက်လတာ ကာလအတွင်းမှာ လုပ်ငန်း တိုးချဲ့ဖြစ်တာတွေ၊ အမြတ်အရှုံးတွေ ပဒုမ္မာ့ကို ကော်ဖီသောက်ရင်း အကြမ်းဖျင်း ရှင်းပြနေဖြစ်ပါသည်။ ပဒုမ္မာက ငွေကြေးသက်သက် ပါဝင်သူသာ ဖြစ်ပြီး တေးကသာ လုပ်ငန်းတစ်ခုလုံးကို ဦးစီးသူ ဖြစ်သည်။ မိန်းကလေး အသုံးအဆောင် အလှအပ ဖက်ရှင် ပစ္စည်း အမျိုးမျိုးကို ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူ၊ ဘန်ကောက်ကနေ ကိုယ့် တစ်ပိုင်တစ်နိုင်ပဲ တင်သွင်းပြီး ရောင်းသော ဆိုင်လေးပါ။ စ,ဖွင့်တုန်းကတော့ ဗိုလ်ချုပ်ဈေးမှာ စ,ဖွင့်ခဲ့တာ။ အခုတော့ ဖောက်သည်များလာပြီး ရောင်းအားလည်းတက်လာတာကြောင့် ယုဇနပလာဇာနဲ့ ရန်ကင်း စင်တာမှာပါ ဆိုင်ခွဲတွေ ဖွင့်နိုင်ခဲ့ပါသည်။

ကျောင်းပြီးကြတော့ ပဒုမ္မာက ခရီးသွားလာရေး ကုမ္ပဏီ Travel Company တစ်ခုမှာ အလုပ်ဝင်သည်။ တေးက တော့ ဝန်ထမ်း မလုပ်ချင်။ ဘယ်လောက် သေးငယ်တဲ့ လုပ်ငန်းပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ပိုင် စီးပွားရေးလေးပဲ လုပ်ချင် တာကြောင့် တေးရဲ့ဆန္ဒကို ဘိုးဘိုးနဲ့ ဘွားဘွားတို့က ဖြည့် ဆည်းပေးခဲ့သည်။ ပေတစ်ရာ့သုံးဆယ်ကျယ်သော ဘိုးဘိုး ဘွားဘွားတို့ရဲ့ ဘိုးဘွားပိုင် ခြံကြီးကို တစ်ဝက်ခွဲကာ ရောင်းပြီး တေးအတွက် အရင်းအနှီး လုပ်ပေးခဲ့သော ဘိုးဘိုးနဲ့ ဘွားဘွားကို တေး ကျေးဇူးတင်လို့ မဆုံးနိုင်။

မူလ ပင်ရင်း ဗိုလ်ချုပ်ဈေးက ဆိုင်ကတော့ တေး တစ်ဦးတည်း ပိုင်ပါပဲ။ နောက်ဆိုင်ခွဲတွေမှာတော့ ပဒုမ္မာနဲ့ နောက် သူငယ်ချင်းတစ်ယောက် ဖြစ်သော ဇာခြည်တို့ ရှယ်ယာတွေ ပါသည်။

"တေး ... ဟိုဘက်ဝိုင်းကို ကြည့်လိုက်စမ်း ... ဦးတည် ခန့်နိုင်လေ ... တစ်ခုခုတော့ တစ်ခုခုပဲနော် ... ရှင့်ကို လှမ်း ကြည့်နေတာ အကြာကြီးပဲ"





ပဒုမ္မာက အံ့သြသလို ဆိုသည်။ တေးသည် မသိသလို နှင့် တေးတို့ဝိုင်းနှင့် မျက်စောင်းထိုးလောက်က ဝိုင်းကို လှမ်းကြည့်လိုက်တော့ မလွှဲမရှောင်နိုင်စွာ သူ့အကြည့်တွေနှင့် ဆုံသည်။ တေးကို မှတ်မိနေမှန်း သိသာစေသော မျက်ဝန်း နှင့် ...။ အကြည့် ပြန်လွှဲဖို့ ကြိုးစားလိုက်ပေမယ့် တေး အကြည့်မလွှဲနိုင်ခင်မှာ နှုတ်ခမ်းဖျားတစ်ဖက် မသိမသာ ကော့တက်သွားသည်အထိ သူက ပြုံးလိုက်လေသည်။ နှုတ် ဆက်လိုက်တဲ့ အပြုံး ...။ တေးလည်း အယောင်ယောင် အမှားမှားနှင့် ပြန်ပြုံးမိလျက်သား။

"ရှင့်ကို ပြုံးပြနေတယ် ... ရှင်နဲ့ ဆုံဖူးလို့လား ... တေး"

အကြည့် ပြန်လွှဲလိုက်တာနဲ့ ပဒုမ္မာ့ မေးခွန်း ထွက်လာ တော့တာ။ တေး ကိုယ်တိုင်လည်း အံ့သြမိနေရရဲ့။ တစ်ကြိမ် သာ တွေ့ဖူးရုံနဲ့ သူ တေးကို မှတ်မိနေခဲ့သတဲ့။ ဒီထက်ပို ပြီးတော့လည်း ပြုံးပြနှုတ်ဆက် ခဲ့သေးပြန်သည်။ ဒါမှမဟုတ် တေးနဲ့ တွေ့တဲ့အကြောင်းကို ဖော်မိုးက သူ့ကို သတင်းပို့ထား ပြီးလို့ပဲလား။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ သူ ပြုံးပြရင် ကိုယ်လည်း ဝတ်ကျေတန်းကျေ ပြန်ပြီး ပြုံးရတာပေါ့။ တကယ်လို့ သူသာ တည်ခန့်နိုင်ဆိုတဲ့ အရှိန်အဝါတစ်ခုနဲ့ လူတစ်ယောက် မဟုတ်ခဲ့ရင်တော့ အခုထက်ပိုပြီး တေး သူ့ကို ဟက်ဟက်ပက်ပက် နှုတ်ဆက်မိမှာပါ။ ကိုယ် အခက်အခဲ ကြုံနေတုန်း ကူညီခဲ့တဲ့ သူတစ်ယောက်မို့ ကော်ဖီသောက်ဖို့ ဖိတ်ခေါ်ကောင်း ဖိတ်ခေါ်ဖြစ်တာ၊ ဒါမှမဟုတ် စကား တစ်ခွန်း နှစ်ခွန်းလောက်တော့ မိတ်ဖွဲ့တဲ့ သဘောမျိုး ပြောဖြစ်ရင် ပြောဖြစ်ဦးမှာ။ အခုတော့ ဒီထက်ပိုပြီးတော့ ဘာမှ မတုံ့ပြန်နိုင်။

တေး ပြုံးလိုက်တာကိုလည်း ပဒုမ္မာ မမြင်နိုင်တာမို့ ...

"မှာင့်အင်း ... မဆုံဖူးပါဘူး ... အဝေးကြီးပါ ပဒုမ္မာရယ် ... လူမှားတာ ဖြစ်ပါလိမ့်မယ် ..."

မှုသားပဲ သုံးလိုက်ပါသည်။ မဟုတ်ရင် မေးခွန်းတွေ ဆက်တိုက် ဖြစ်လာမှာ တေး သိသည်။ တေးရဲ့ ရုပ်ရည်ဟာ ချောတဲ့ လှတဲ့ စာရင်း ဝင်တယ်ဆိုပေမယ့် လူတိုင်း ငေး





ရတဲ့၊ တစ်ကြိမ်လောက် တွေ့ဖူးရုံနဲ့ မမေ့နိုင်စရာ ကောင်းလှအောင် လှတဲ့ ရုပ်ရည်မျိုးလည်း မဟုတ်။ မျက်နှာကျပုံနဲ့ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းတို့ လိုက်ဖက်စွာ တည်ရှိကြပြီး ဘယ်လို အရောင်အသွေးမျိုးကိုပဲ ဝတ်ဆင်ဆင် အဆင်ပြေ ကြည့်ကောင်းသော ဖြူသည့် စာရင်းဝင် အသားအရေကို ပိုင်ဆိုင်ရုံလောက်ပါပဲ။ လူတွေကြားထဲ ထင်ရှားပေါ်လွင်တာ မျိုးလည်း မဟုတ်။ ပဒုမ္မာကမှ တစ်ကြိမ်တွေ့ဖူးရုံနှင့် မှတ်မိ စေနိုင်သော ပြစ်မျိုးမဲ့မထင် လှသူပါ။

"လက်စွပ် ကြည့်မယ်ဆို ... သွားမယ်လေ ... ကျုပ်လည်း အပြန်မှာ ဝင်စရာတွေ ရှိသေးတယ်၊ သိပ်နောက်ကျနေမှာ စိုးလို့ ..."

ပဒုမ္မာကတော့ ရတနာဆိုင်ထဲ ရောက်သည်အထိ ဦးတည်ခန့်နိုင်အကြောင်းကို ပြောလို့ မဆုံးသေး။ စီးပွားရေးလောကမှာ ဘယ်လောက် အောင်မြင်တဲ့ အကြောင်း၊ သူ့ချမ်းသာကြွယ်ဝမှု အတိုင်းအတာ ဘယ်လောက်ရှိတယ် ဆို

တာကိုတောင် မှန်းဆလို့ မရကြောင်းတွေ၊ ပြီးတော့ သူနဲ့ အခု နာမည်ကြီးနေတဲ့ တက်သစ်စ မော်ဒယ်လ် မင်းသမီး တစ်ယောက်အကြောင်း။ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး မို့သာ ပဒုမ္မာ ပြောသမျှ နားထောင်နေရပေမယ့် စကားသံတွေ ကို တေး ကြားတစ်ချက် မကြားတစ်ချက်ပင်။

အသည်းပုံ ပတ္တမြား နီရဲစိုစိုလေးကို လေးလုံးစီ စိန်ပွင့်တွေနှင့် ရံထားသော အသည်းပုံ လော့ကက်လေးကို တေး အကြည့်မလွှဲနိုင်။ ပတ္တမြားက အရည်အသွေး ကောင်း လှကာ နီရဲစိုလက်နေသည်။ အရောင်တွေထဲမှာ တေး အကြိုက်ဆုံး အရောင်က အနီရောင်ဖြစ်ပြီး ရတနာတွေထဲမှာ လည်း ပတ္တမြားကို တေး အကြိုက်ဆုံးပါ။ Price (ဈေးနှုန်း) ကပ်ထားသော ကတ်ပြားလေးကို ကြည့်လိုက်တော့ ယူအက်စ် ဒေါ်လာ ၂၅၀၀ တဲ့။ အကြည့်လွှဲထား လိုက်ရပါသည်။ အိပ်မက်ထဲမှာပဲ ဝယ်ပါတော့မယ်။

တိုက်တိုက်ဆိုင်ဆိုင်ပေါ့။ ယူအက်စ် နှစ်ထောင့်ငါးရာ





တန် လော့ကက်တစ်ခုကို ကြိုက်မိသွားရသလို အရှိန်အဝါ ကြီးမြင့်လှတဲ့ လူတစ်ယောက်နဲ့ ဆုံခဲ့ရတဲ့ နေ့ပါပဲ။

တတိယအကြိမ် တည်ခန့်နိုင်ဆိုသော လူတစ်ယောက်နှင့် ဆုံရပြန်တာကတော့ ပုဂ္ဂလိက အထူးကုဆေးရုံကြီးတစ်ခုမှာ ဖြစ်သည်။ တေးကဖြင့် တစ်ပတ်လောက် ကြာသွားတာနဲ့ သူနဲ့ ဆုံခဲ့ဖူးတာကို မေ့နေခဲ့ပြီ။ သတိရစရာလည်း မလိုဘဲနော်။ ဒါဟာ သာမန်ကိစ္စတစ်ခုပါပဲ။

ဆိုင်ခွဲအသစ် တစ်ဆိုင်အတွက် ဆိုင်ခန်း ပြင်ဆင်တာတွေ လုပ်နေတာကြောင့် ပဒုမ္မာနဲ့လည်း မတွေ့ဖြစ်ပြန်။ ကိုယ် တစ်ယောက်တည်း ဟိုဆိုင်ပြေး ဒီဆိုင်ပြေးမို့ ကိုယ့်ကိစ္စကလွဲပြီး သူတစ်ပါး အကြောင်းအရာကို ယောင်လို့တောင် မတွေးမိ။ အဲဒီနေ့က အထူးကုဆေးရုံကို သွားရတာကလည်း





မလွှဲမရှောင်သာတဲ့ ကိစ္စကြောင့်ပင်။ တေးတို့ဆိုင်ကို ပစ္စည်းတချို့ ဖောက်သည် သွင်းပေးနေသော မမာလာက ဗိုက်ခွဲ၍ ထိုဆေးရုံကြီးမှာ ကလေးမွေး၍ပါ။ သွားမကြည့်လို့ ကလည်း မဖြစ်။ မမာလာနဲ့ တေးနဲ့က လုပ်ငန်းချင်း ဆက် စပ်နေတဲ့ အပြင် လူချင်းကလည်း ညီအစ်မတွေလို ရင်းနှီးပါသည်။

မအားလပ်တဲ့ကြားကပဲ မရ,ရအောင် အချိန်လုကာ တေးသည် သတင်းမေးဖို့ သွားရပြန်သည်။

မြေညီထပ်က ရီဆက်ရှင်မှာ အခန်းနံပါတ်ကို စုံစမ်းတော့ (၇) ထပ်မှာတဲ့။ (၇) ထပ်မှာဆိုရင်တော့ Lift (ဓာတ်လှေကား) နဲ့ တက်မှပဲ ဖြစ်တော့မှာ။ Lift က ပြန်မဆင်းလာသေးတာမို့ တေးသည် အပေါ်တက်မည့် ခလုတ်ကို နှိပ်ပြီး Lift တံခါးပေါက်ဝမှာ ရပ်စောင့်နေလိုက်သည်။ ကိုယ့်ဘေးနား မှာရော၊ အနောက်မှာပါ စောင့်နေကြသူတွေ ရှိပေမယ့် တေး သည် ကိုယ့်အတွေးနဲ့ကိုယ်မို့ စပ်စပ်စုစုလည်း မကြည့်ဖြစ်ခဲ့။ Lift ထဲ ရောက်တော့မှ မျက်နှာချင်းဆိုင်

အနေအထား ဖြစ်သွားရကာ မကြည့်ပေမယ့်လည်း တစ်ယောက်နဲ့ တစ်ယောက် တွေ့နေရတော့တာ။

သူကတော့ တေးကို Lift ထဲ မဝင်ကြခင်ကတည်းက တွေ့မြင်နှင့်ပြီးပုံ ရပါသည်။ နှုတ်ဆက်ရကောင်းနိုး၊ မနှုတ်ဆက်ရနိုးနှင့် တေး ချင့်ချိန်နေမိစဉ်မှာ မထင်မှတ်ထားဘဲ သူက နှုတ်ဆက်လာခဲ့သည်။

"လူနာ လာကြည့်တာလား ခင်ဗျာ"

သူ့လေသံက တလေးတစားမို့ တေး ဒီအတိုင်း နှုတ်ဆိတ်နေလို့ မရတော့။

"ဟုတ်ကဲ့ရှင့် ..."

နောက်တစ်ထပ်မှာ လူတွေ ထပ်ဝင်လာတာကြောင့် Lift ထဲမှာ လူများသွားပြီး စကားမဆိုဖြစ်ကြတော့။ ဒီတစ်ခါတော့ ဇော်မိုး မပါ,ပါ။ ဇော်မိုးလို မန်နေဂျာပင် ဖြစ်ပုံရသော လူတစ်ယောက်ကတော့ လက်ဆောင်ခြင်း တစ်ခြင်းနှင့် သူ့ဘေးမှာ ပါ,ပါသည်။ စတိုင်လ်ဘောင်းဘီနဲ့ ရှပ်အင်္ကျီဖြူ





လက်ရှည်နဲ့ ဟန်း(ဒ်)ဖုန်း ခါးမှာချိတ်ပြီး သန့်သန့်ပြန့်ပြန့် လူကြီးလူကောင်းပုံ ပေါက်နေပေမယ့် ထိုလူသည် သူ့ဘေးမှာတော့ သူ့တပည့်ဆိုတာ အသေအချာကြီးကို သိနိုင်နေသည်။ တကယ်ပါပဲ။ အလိုလို အရှိန်အဝါကြီးနေသော လူတစ်ယောက်ဆိုတာ တွေ့တိုင်း ပိုပြီး သိသာလာလေသည်။

တေးကဖြင့် အရောင် ခပ်မှိန်မှိန်နဲ့ လူမသိ သူမသိ နေတတ်တာ။ ကိုယ့်ကို လူတွေ သတိမထားမိလေ ကောင်းလေပါပဲ။ အဝတ်အစားကိုတောင် အရောင်မှိန်မှိန်၊ ခပ်မှိုင်းမှိုင်းတွေသာ ဝတ်ရဲတာ။ အနီရောင်ကို အကြိုက်ဆုံးပေမယ့် အဝတ်အစားကို အနီရဲရဲ မဝတ်ရဲ။ တခြားအသုံးအဆောင်ပစ္စည်းတွေကိုသာ အနီရောင် သုံးရဲတာ ဖြစ်သည်။

(၇) ထပ် ရောက်တော့ သူတို့လည်း ဆင်းသည်။ တေး ဒီအတိုင်း ဘာမှမပြောဘဲ နေ နေလို့ မကောင်းတော့ဘူး ထင်ပါရဲ့။ သူကူညီပေးခဲ့တဲ့ ကိစ္စကိုတော့ တေး ကျေးဇူးတင်စကား ပြောရင် ကောင်းပါ့မလား။

အို . . . မပြောတော့ပါဘူး။ ဇော်မိုးကို တေး ပြောပြီးပြီပဲ။ သူနိုင်းတယ်ဆိုပေမယ့် တေးကို တကယ်တမ်း လာကူညီတဲ့ သူက ဇော်မိုးပဲ ဥစ္စာ။ သူဟာ တည်ခန့်နိုင်ဆိုတဲ့ လူတစ်ယောက် ဖြစ်တာနဲ့ပဲ တေးက အဆောင်းကြီး ကျေးဇူးတင်ချင်နေတယ် ဖြစ်နေပါဦးမည်။ အဲဒီလိုတော့ အထင်မခံနိုင်ပါ။

ရိုင်းချင် ရိုင်းပစေဆိုပြီး ဖွတ်တင်းလိုက်ကာ တေးက မမာလာ တက်နေသော အခန်းနံပါတ်ကို ရှာရင်း ခပ်သွက် သွက် လျှောက်ခဲ့လိုက်တော့သည်။



၂။

မမျှော်လင့်ထားသော တနင်္ဂနွေ တစ်ရက်မှာတော့ ပဒုမ္မာ တစ်ယောက် တေး ရန်ကင်းစင်တာ ဆိုင်ခွဲရှိနေတုန်း ရောက်လာခဲ့သည်။ အားတဲ့ တစ်ရက်ရက်ါ ကြိုက်တဲ့ဆိုင်မှာ ထိုင်ဖို့ ပြောထားခဲ့ဖူးပေမယ့် ပဒုမ္မာကတော့ သူ့ဟိုတယ် အလုပ်တွေနဲ့တင် ပင်ပန်းလှပါပြီဆိုပြီး တစ်ခေါက်မှ လာမထိုင်ပါ။ လာရင်လည်း ဈေးဝယ်ရင်း ဧည့်သည် တစ်ယောက်လို ခဏ တဖြုတ် လာရုံလောက်သာ။

အခုတော့ ဆိုင်ထိုင်ဖို့ ပြင်ဆင်လာပုံနှင့် ထမင်းချိုင့်တွေ၊ ဓာတ်ဘူးတွေ၊ မုန့်တွေကို ခြင်းတစ်လုံးနဲ့ သယ်ပြီးရောက်လာတာ။ တေးကလည်း မနက်ဘက် တစ်ပိုင်းကိုတော့ ရန်ကင်းစင်တာ ဆိုင်ခွဲမှာ ထိုင်နေကျမို့ ရှိနေသည်။

"ထူးထူးဆန်းဆန်းပါလား ပဒုမ္မာရဲ့ ... ဒီနေ့ နေသာမယ် ဘာစိတ်ကူးတွေ ပေါက်လာတာလဲ"

"ပျင်းလို့ပါဟယ် ... ရှင့်ကို ဝင်ခေါ်ခိုင်းမလို့ ဖုန်းဆက်လိုက်သေးတယ်၊ အဘွားနဲ့ပဲ တွေ့တယ်၊ ရှင် သွားပြီဆိုတာနဲ့ ကားငှားလာတာ"

"ဒီမှာထိုင်ပြီးတော့မှ ပိုပြီး ပျင်းတယ် ဘာညာနဲ့ ညည်းမနေနဲ့နော် ... ကျုပ်က နေ့လယ်ကျရင် စလာဇာဆိုင်ကို ကူးရဦးမှာ ...ရှင်လည်း လိုက်ခဲ့ပေါ့ ..."

"အင်း ...သွားတာပေါ့"

ပဒုမ္မာ ဘာကြောင့် ရောက်လာမှန်း မသိပေမယ့် တစ်ခုခုတော့ တစ်ခုခုကြောင့်ပဲဆိုတာ တေး ရိပ်မိသည်။





တေးတို့ဆိုင်က အပေါ်ထပ်မှာမို့ toilet ဝင်ရင် အောက်ထပ်ကို ဆင်းရပါသည်။ စပြီးရောက်လာကတည်းက တွိုင်းလက်(ထ်) သွားဦးမယ်ဆိုပြီး ဆင်းသွားတာက လေးကြိမ်လောက်။ City Mart မှာ ချောကလက် သွားဝယ်စားဦးမယ်ဆိုပြီး ဆင်းလိုက်၊ My Milk မှာ ကော်ဖီသွားဝယ်ဖို့ ဆင်းလိုက်နဲ့ ဆယ့်ငါးမိနစ်ခြား တစ်ခါလောက်ကို ဆင်းနေတာ။ ကြာတော့ ပဒုမ္မာ့ကို တေး တင်မက ဆိုင်က အရောင်းဝန်ထမ်း ကောင်မလေးတွေကပါ သတိထားမိလာတော့သည်။

"မပဒုမ္မာ ဘာဖြစ်နေတာလည်း မသိဘူးနော်၊ ခဏခဏ ဆင်း;နေတာ၊ ကေနွှ တော့ တစ်ယောက်ယောက်နဲ့ ချိန်းထားတယ် ထင်တယ်နော် ... မမမေချို"

"အေးဟယ် ... ဟုတ်မှာပေါ့၊ ပဒုမ္မာ တစ်ယောက် ဘာတွေဖြစ်နေလဲ မသိပါဘူး ..."

ဆိုင်က ကောင်မလေးတွေက တေးကိုတော့ အစ်မ တစ်ယောက်လိုပင် ရိုလည်းရိုသေ၊ ချစ်လည်းချစ်၊ ကြောက်

လည်း ကြောက်ကြသည်။ ပြောရဲဆိုရဲလည်း ရှိသည်။ ပဒုမ္မာကတော့ ညှိသည်သာသာ ဖြစ်တာက တစ်ကြောင်း၊ မာနကြီးသလို၊ အလုပ်ရှင် အလုပ်သမား ခွဲခြားသလိုပေါ့ [illegible] တည်နှင့်မို့ ကောင်မလေးတွေက စကားပင် ဟဟ,မပြောရဲပေ။

"တစ်နာရီလောက်ကျရင်တော့ ကျုပ် ပလာဇာ သွားတော့မယ်နော် ... ပဒုမ္မာ"

ဒီတစ်ခါလည်း MK Fashion Shop ထဲမှာ အကျီဒီဇိုင်းသစ် ရောက်လား သွားကြည့်ဦးမယ်ဆိုကာ ဆယ်မိနစ်လောက် ဆင်းသွားပြီး ပြန်တက်လာသော ပဒုမ္မာ့ကို တေးကြိုပြောထားလိုက်သည်။

"မလိုက်တော့ပါဘူးဟယ် ... ပလာဇာ ဆိုင်ခန်းကနည်းနည်း အသက်ရှူကျပ်တယ် ... ကျုပ် ဒီမှာပဲ နေခဲ့တော့မယ်"

ပဒုမ္မာ့ စကားကြောင့် ဆိုင်က ကောင်မလေးတွေတစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ကြပြီ။ ပဒုမ္မာက ကျော





ခိုင်းထားတာမို့ မမြင်ပေမယ့် တေးက မြင်ဖြစ်အောင် မြင်သည်။ တစ်ယောက်ယောက်နဲ့ ချိန်းထားလို့ စောင့်တယ်ဆိုလည်း အေးအေးဆေးဆေး စောင့်ပါစေတော့။ ဆိုင်က ရောင်းအားအကြောင်းကို တေး မရှိတုန်း ဆိုင်က ကောင်မလေးတွေကို မေးချင်တာလည်း ဖြစ်နိုင်တာပဲလေ။ တေးက တောက်လျှောက်ကြီး ရှိနေလို့ မကောင်းဘူး မဟုတ်လား။ ကိုယ်က တစ်ခုခုလုပ်ထားလို့ပဲ လိပ်ပြာမလုံ ဖြစ်ပြီး ဆိုင်မှာ အတင်းထိုင်နေသလို ဖြစ်မှာ စိုးသည်။

"ထမင်းစားသွားပါလား တေးရဲ့၊ ကျုပ် Feel မှာလိုက်ကျွေးမယ်လေ"

"မစားနိုင်တော့ပါဘူး ... မုန့်တွေရော ကော်ဖီတွေရောလက်ဖက်သုပ်တွေရောနဲ့ ဗိုက်တင်းနေပြီ ... ညနေစာနဲ့မှ ပေါင်းစားနိုင်တော့မယ် ထင်တယ်"

"ရှင့်ကို ကားအထိ ကျုပ် လိုက်ပို့ပေးမယ်"

ကောင်မလေးတွေ ဒုတိယအကြိမ် မျက်စပစ်ကြပြန်

သည်။ တေးကတော့ မသိချင်ယောင်ပဲ ဆောင်နေလိုက်ပါသည်။

တေး ဆိုင်ထဲက ထွက်လာတော့ ပဒုမ္မာလည်း တေးနောက်က ကပ်လျက်လိုလို ပါလာသည်။ လှေကားက ဆင်းလာရင်း လှေကားရင်း Cafe Aroma က ဝိုင်းတွေဆီကို ဘာရယ်မဟုတ် ဖျတ်ခနဲ အကြည့်ရောက်သွားပြီးမှ တေးချက်ချင်းလိုပင် အကြည့်ပြန်လွှဲလိုက်ပါသည်။ အမှတ်မဲ့ပေမယ့် တေးတို့ ဆင်းလာရာ လှေကားဘက်ကို မျက်နှာမူပြီး ထိုင်နေသူ တစ်ယောက်ကိုတော့ တေး သိလိုက်ပါသည်။

ဆုံကြပြန်ပြီပေါ့ ဦးတည်ခန့်နိုင်။

သူက တေးတို့ ဆင်းလာရာကိုပဲ ကြည့်နေကာ သူ့မူပိုင်အပြုံးဖြစ်သော ပိုင်ပိုင်စီးစီး နိုင်လှသော အပြုံးကို ပြုံးလျက် ...။ တေး ဘေးကနေ ပဒုမ္မာ သူထိုင်နေရာ ဝိုင်းနားမှာ သွားရပ်လိုက်တာတွေကို ကြုံတွေ့လိုက်ရချိန်မှာတော့ တေးသည် တအံ့တဩနှင့် လှမ်းလက်စ ခြေလှမ်းတွေပင်





တုံ့သွားရသည်။ ပဒုမ္မာ တစ်ယောက် တက်ချည်ဆွဲင်းချည် အလုပ်ရှုပ်နေသော အကြောင်းရင်းခံကိုလည်း တေး သဘောပေါက်သွားရပါသည်။ မသိသလို ဟန်ဆောင်ကာ တေးက လှေကားပေါ်က ဆင်းလာရင်း ကား ရပ်ထားခဲ့သော Underground ထဲ ဆင်းသည့် လှေကားဝနားအထိ ရောက်လာသည်။ သူတို့ကို တေး လုံးဝ လှည့်မကြည့်ဖြစ်။ ကြည့်နေရင် စပ်စုတယ်ထင်ပြီး ရိုင်းရာကျမှာလည်း စိုးပါသည်။

"တေး ... ခဏ"

ပဒုမ္မာ လှမ်းခေါ်လိုက်သံ။ တေး လှည့်မကြည့်သေးဘဲ ရပ်စောင့်နေလိုက်သည်။ ခွာမြင့်ဖိနပ်သံ တဒေါက်ဒေါက်နှင့်အတူ ပဒုမ္မာ လျှောက်လာမှန်း လှည့်မကြည့်သေးဘဲ သိနေရသည်။

"ခဏနေဦး တေးရဲ့ ... ဒီမှာ မိတ်ဆက်ပေးမလို့ ..."

မကောင်းတတ်တာမို့ တေးက အလိုက်သင့် ပြန်လှည့်လိုက်ရပြန်သည်။ ပြုံးနေပေမယ့် ပဒုမ္မာ့အပြုံးက သိပ် အသက်

မပါလှတာကို တေးက ငယ်ပေါင်း သူငယ်ချင်းတွေပီပီ သိနေပါသည်။ ဟိုတစ်ရက်က ပဒုမ္မာတို့ ဟိုတယ်မှာ သူ့ကို တွေ့ကတည်းက ပဒုမ္မာတစ်ယောက် သူ့အကြောင်းအရာတွေ ပြောမဆုံးနိုင် ဖြစ်နေတာ။ သူ့လို လူတစ်ယောက်ကို မိန်းကလေးတိုင်း စိတ်ကူးယဉ်ကြတာ မလွန်ဘူးဆိုတာ တေး နားလည်ပါသည်။ အဲဒီ မိန်းကလေးတွေထဲမှာ ပဒုမ္မာ တစ်ယောက် ပါကောင်း ပါမှာ ဖြစ်ပေမယ့် တေးကတော့ဖြင့် မပါတာ သေချာသည်။

ပုဂံက ဟိုတယ်ဖွင့်ပွဲကို ပဒုမ္မာ သွားတယ်ဆိုတာကို တော့ တေး တစ်စွန်းတစ်စ ကြားထားခဲ့ရဲ့။ အဲဒီမှာ သူနဲ့ ပဒုမ္မာ သိကျွမ်းလာကြတာ ဖြစ်မှာပါ။

ဟိုတစ်ရက် တွေ့တုန်းကတော့ မသိသေးတာ သေချာသည်။

"ဦးတည်ခန့်နိုင် ...ပဒုမ္မာနဲ့ အလုပ်အတူတူ လုပ်တဲ့ ပါတနာလေ ...မေချိုတေး ...တဲ့၊ တေးနဲ့ ပဒုမ္မာနဲ့က ငယ်





ငယ်လေးကတည်းက၊သူငယ်ချင်းတွေလေ ... အခု ဒီရန်ကင်း စင်တာမှာလည်း Favourite (ဖေးဖရိတ်) ဆိုတဲ့ ဖက်ရှင်ရှော့ပ် လေး ဖွင့်ထားကြတယ် ... တေး ... ဦးတည်ခန့်နိုင်လေ ... တိုင်းသိပြည်သိ ပုဂ္ဂိုလ်ဆိုတော့ အထူးတလည် မိတ်ဆက်စရာ တော့ မလိုတော့ဘူးပေါ့နော်"

ပဒုမ္မာက နှစ်ယောက်စလုံးကို စကား တစ်ဆက်တည်း မိတ်ဆက်ပေးသည်။ သူက အနောက်တိုင်းဆန်လှစွာ ညာ လက်ကို ရှေ့သို့ ကမ်းလာတာကြောင့်လည်း တေးလည်း အယောင်ယောင် အမှားမှားနှင့် လက်ကမ်းလိုက်ရရဲ့။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် မေချိုတေး"

"ဟုတ်ကဲ့ရှင့် ... ကျွန်မလည်း တွေ့ရတာ ဝမ်းသာပါ တယ်"

သူ့လက်နှင့် ထိတွေ့လိုက်ရချိန်မှာ သူ့လက်ဖဝါးက တစ်ဆင့် သံလိုက်ဓာတ်တစ်မျိုး စီးဝင်လာသည့်နှယ်။ တေး လက်တစ်ချောင်းလုံး အေးခဲသွားသလို ခံစားလိုက်ရသည်။

"ကော်ဖီ သောက်ပါဦး ... မေချိုတေး"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ရှင် ... ကျွန်မမှာ သွားစရာ ကိစ္စလေးတွေ ရှိလို့ ခွင့်ပြုပါဦး"

ပဒုမ္မာ ရှိမနေရင်လည်း တေး သူနဲ့အတူ ထိုင်ပြီး ကော်ဖီ သောက်ဖြစ်မှာ မဟုတ်ပါ။ အခု ပဒုမ္မာရှိနေတော့ တေး ပိုပြီးတော့တောင် မထိုင်ဖြစ်သေးရဲ့။ သူတို့နှစ်ယောက်က ချိန်းထားတာလည်း ဖြစ်ရင် ဖြစ်မှာပေါ့လေ။

တေး နှုတ်ဆက်ပြီး ထွက်လာတော့ ပဒုမ္မာက သူ မမြင်အောင် ဖုန်းဆက်လိုက်မယ်ဆိုပြီး လက်မနဲ့ လက်သန်းကို ထောင်ပြီး နားမှာကပ်ကာ ဖုန်းပုံစံ လုပ်ပြသည်။ တေးလည်း ခေါင်းညိတ်ပြလိုက်ပါသည်။ ပဒုမ္မာ့ ပုံစံက သိပ်ရွှင်လန်းတက်ကြွနေတာ အသိအသာ။ ပဒုမ္မာနဲ့ တေးက ငါးတန်းက အခုအချိန်ထိ ပေါင်းလာကြတဲ့ သူငယ်ချင်း အရင်းကြီးတွေပါ။ သာမန်ထက် ပိုလှသော အလှတရားကို ပိုင်ဆိုင်ထားရသူပီပီ ပဒုမ္မာက သူ့အလှကို အမြဲ ဂုဏ်ယူမာန်ဝင့်လှတာ။ သာမန်





မြင့်မားရုံလောက်သာရှိသော လူတစ်ယောက်ကိုတော့ ဘယ်တော့မှ အိမ်ထောင်ဘက်အဖြစ် မရွေးချယ်ဘူးဆိုတာ ပဒုမ္မာက ကြွေးကြော်ထားပြီးသား။ တည်ခန့်နိုင်လို လူတစ်ယောက်ကိုတော့ ပဒုမ္မာ မျက်စိကျပါလိမ့်မည်။

ကားရပ်ထားရာ မြေအောက်ထပ်ကနေ စက်မှု (၁) လမ်းမကြီးပေါ်သို့ မောင်းထွက်ဖို့တောင် ကားတွေ ကျပ်နေတာမို့ မနည်း သတိထားကာ ကားကိုမောင်းနေရပါသည်။ ကိုယ့် ရှိစုရှိမဲ့ ချွေးနဲ့စာလေးနဲ့ ဝယ်ထားရတဲ့ ကားလေးကို ထိခိုက်မိမှာ စိုးတာကြောင့် ဂရုတစိုက် သတိထားရင်း ခေါင်းထဲမှာ ဘာအတွေးမှ မထားနိုင်တော့ပေ။ ပဒုမ္မာ့ကိုရော တည်ခန့်နိုင် ဆိုသည့် လူတစ်ယောက်ကိုပါ တေး မေ့သွားပါသည်။

အခန်းတံခါးကို ခေါက်သံ တိုးတိုးကြောင့် ပြောလက်စ ဖုန်းက စကားပြောခွက်ကို လက်နှင့် အသာပိတ်ကာ ...

"ဘယ်သူလဲ ..."

"ကျွန်တော်ပါ ... ဇော်မိုးပါ"

"ဝင်ခဲ့လိုက်"

ပြောပြီး သူက ဖုန်းဆက်ပြောနေလိုက်သည်။ အခန်းတံခါးကို အသာဖွင့်ကာ ဇော်မိုး ဝင်လာပြီး အခန်းထောင့်နားမှာ ခပ်ရို့ရို့ရပ်ကာ နေသည်။ သူ့တပည့်များဟာ ကိုယ့်လူကြီးအပေါ်မှာ ရိုကျိုးတတ်ခြင်းကို တကူးတက သင်ကြားပေးနေစရာ မလို။ နဂိုကတည်းက ရည်ရည်မွန်မွန် လူငယ်





တွေကိုသာ သူက ရွေးချယ်ခန့်ထားပြီး သူ့လက်အောက်မှာ အနေကြာသွားတဲ့ နောက်ပိုင်းမှာတော့ အင်မတန် လူမှုရေးသိတတ်သော၊ ရိုကျိုးနှိမ့်ချပြီး တစ်ဖက်သားကို အလေးထားသော အမူအကျင့်တွေကို ရသွားကြလေသည်။

သူ့လုပ်ငန်းခွဲ တစ်ခုစီကို သူ့ကိုယ်စား ဦးစီးရသော မန်နေဂျာတွေချည်း မနည်းလှပါ။ အများစုက သုံးဆယ်ဝန်းကျင် လူငယ်တွေသာ ဖြစ်ပြီး လေးဆယ်ကျော်က သုံးလေးယောက်သာ ရှိသည်။ ရန်ကုန်က လုပ်ငန်းတွေက မန်နေဂျာတွေနဲ့တော့ တနင်္လာနေ့တိုင်း Meeting ထိုင်ပါသည်။ နယ်လုပ်ငန်းတွေကိုတော့ တစ်ပတ်တစ်ကြိမ်လောက် ခရီးထွက်ရသည်။ သူ့ဘဝရဲ့ ကြွယ်ဝမှုတွေကို လူတွေ အားကျတပ်မက်ကြပေမယ့် သူ့လိုတော့ အပင်ပန်း ခံနိုင်ကြမယ် မထင်။ သူ့သက်တမ်းတစ်လျှောက် အိမ်မှာ အေးအေးလူလူ အနားယူရတယ်ဆိုတာ နည်းပါးလွန်းလှသည်။ အိမ်မှာ နေရချိန်ထက် ကားပေါ်မှာနဲ့ လေယာဉ်ပေါ်မှာ နေရချိန်တွေက

ဘဝ တစ်သက်တာမှာ ပိုများရဲ့။ ဒီနေ့ ရန်ကုန်မှာ နေရပေမယ့် နောက်ရက်တွေမှာ မန္တလေးကို ရောက်ရင် ရောက်နေ၊ နောက်တစ်ရက်မှာတော့ မြစ်ကြီးနား ရောက်နေတတ်ပြန်တာ။

“ဆို ... ဘာထူးလို့လဲ ... ဇော်မိုး”

Hotel King Yangon အတွက် ပို့စ်တွေ ခေါ်ရတော့မယ်လေ အစ်ကို ... အစ်ကို ဟိုတစ်ခါ ပြောသလိုပဲ နီးစပ်ရာတွေကပဲ လက်တို့ပြီး ခေါ်လိုက်မလား ... ဒါမှမဟုတ် သတင်းစာထဲမှာပဲ ကြော်ငြာဦးမလားလို့ပါ”

“ဒီလိုလုပ်ကွာ ... ပို့စ်တွေကို ခွဲတမ်းချလိုက် ... experience ရှိပြီးသား လူမှ ဖြစ်မယ့် ပို့စ်တွေကိုတော့ နီးစပ်ရာတွေကပဲ ခေါ်လိုက်မယ် ... သိပ်အရေးမကြီးတဲ့ ပို့စ်တွေကို သတင်းစာထဲမှာ ကြော်ငြာလိုက်ပေါ့ ... မဟုတ်ရင် အင်တာဗျူး ထိုင်ပေးရတာလည်း အလုပ်ရှုပ်တယ် ...”

“ဟုတ်ကဲ့ အစ်ကို ...၊ နောက်တစ်ခုလည်း ရှိသေးတယ် ခင်ဗျာ၊ ပဒုမ္မာက မနေ့တုန်းက သူ့ CV form (ကိုယ်ရေး





မှတ်တမ်း ပုံစံ) လာပေးသွားတယ်၊ marketing နဲ့ ပတ်သက်တဲ့ ပို့စ်ပေါ်ရင် ခေါ်မယ်လို့ အစ်ကို ပြောထားလို့တဲ့”

“ဪ ... အေး ... ဟုတ်တယ်၊ ဒါဆို အခု Hotel King Yangon အတွက် Marketing Director ကို ပဒုမ္မာကို ပေးလိုက်လေ၊ လစာကတော့ ကိုယ်တို့ အရင် ဆုံးဖြတ်ထားကြတဲ့ အတိုင်းပေါ့၊ အဲဒီလောက် လစာနဲ့ လုပ်နိုင် မလုပ်နိုင်တော့ အရင်မေးလိုက် ...”

“ဟုတ်ကဲ့ ... အစ်ကို၊ ဒါဆို ကျွန်တော် သွားစီစဉ်လိုက်တော့မယ်”

ပဒုမ္မာဆိုသော ကြွေရုပ်လေးတစ်ရုပ်လို လှပြီး အလွန် သွက်လက်ချက်ချာလှသော အမျိုးသမီးလေးကို သူမ အလုပ်လုပ်နေသော Graden Hotel တွင် ကျင်းပသော Seminar (ဆွေးနွေးပွဲ) များ၊ Meeting (စည်းဝေးပွဲ)များ၊ အခမ်းအနားပွဲများတွင် ဆုံခဲ့ဖူးတာတော့ တော်တော်ကို ကြာခဲ့ပါပြီ။ သူ့တပည့် ဇော်မိုးနှင့်တော့ ပြောပြောဆိုဆို ရှိပေမယ့်

သူကတော့ ရင်းနှီးချင်စိတ်လည်း မရှိခဲ့ပါ။ တည်ခန့်နိုင်ဆိုသော လူတစ်ယောက်ရဲ့ ဘေးမှာ မိန်းမချောတွေ ပေါလှပါသည်။ အလှအပဆိုတာကို တကူးတက ရှာဖွေစရာ မလို။ မိန်းမတစ်ယောက်ကို ဂရုတစိုက် ရှိရခြင်းဆိုတာ သူ့အတွက်တော့ အနည်းငယ် ဟာသဆန်ချင်သည်။ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ သူ ဂရုတစိုက် မရှိဖူးခဲ့။ မိန်းကလေးတွေကသာ သူ့ကို ဂရုစိုက်ရတာ ဖြစ်သည်။

ဒါပေမယ့် ... မမျှော်လင့်ဘဲ ထူးဆန်းသော အမျိုးသမီးလေး တစ်ယောက်ကို သူ ဆုံခဲ့ရပါသည်။ သူ့အရှိန်အဝါ၊ ကြွယ်ဝမှုတွေကို နည်းနည်းလေးမှ ဂရုမစိုက်သော၊ အပြုံးလေးတစ်ခု စကားလေး တစ်ခွန်းလောက်ကိုတောင် ကပ်စေးနဲလှသော၊ အမြဲတမ်း အလုပ်ရှုပ်နေဟန်ပေါ်သော မိန်းကလေး။ သိပ်လည်း ယဉ်ကျေးမှု နားလည်ပုံမရ။ "မေချိုတေး" ဆိုသော နာမည်လေးကတော့ သူမ မျက်နှာ ဖြူဖြူစင်စင်လေးနှင့် လိုက်ဖက်စွာ ကဗျာဆန်လှရဲ့။





ပုဂံက ဟိုတယ်ဖွင့်ပွဲမှာ ပဒုမ္မာနှင့် ဆုံကြတော့ သူအလိုက်သင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ခြင်းရဲ့ အဓိကအကြောင်းရင်းသည် သူမကို ပဒုမ္မာနဲ့ အတူတွဲပြီး တွေ့ဖူးခြင်းကြောင့်ပါပဲ။ ပဒုမ္မာကတော့ သူမနှင့် ဆန့်ကျင်လှစွာ သွက်လက်ပြီး စကား လှလှလေးတွေကို ဝေဝေဆာဆာ ပြောပြီး အပြုံးချိုချိုလေးတွေကို မနှမြောတမ်း ပေးတတ်သော မိန်းကလေးပါ။ သူငယ်ချင်း တစ်ယောက်နဲ့ ပေါင်းပြီး ရန်ကင်းစင်တာမှာ ဆိုင်ဖွင့်ထားတယ်ဆိုတော့ ပဒုမ္မာ ပြောသည့်သူငယ်ချင်းဆိုတာ သူမပဲ ဖြစ်လိမ့်မယ်မှန်း သူ့စိတ်ထဲကအလိုလို သိနေခဲ့ရသည်။ ဆန်းဒေး တချို့မှာ ရန်ကင်းစင်တာက Cafe Aroma မှာ ထိုင်ဖြစ်တယ်လို့ ပဒုမ္မာ့ကို ပြောဖြစ်ခဲ့တာသည် သူမကို ထပ်ပြီး ဆုံလိုခြင်း သက်သက်ကြောင့်သာ။

တကယ်ဆုံရပြန်တော့ သူမက စက္ကန့်ပိုင်းလေးလောက်သာ။ အရင်အကြိမ်တွေတုန်းကလိုပင် သူမ ပုံစံက အလှအပ

လည်း ပြင်ဆင်မထားဘဲ အဝတ်အစားကလည်း တကယ့်ကို မှိန်ဖျော့ဖျော့။ မိန်းကလေးတွေမှာ အလှအပ ဆင်ယင်တာ၊ ဖက်ရှင်ကျတာ မကျတာကို သူ သိပ်နားမလည်ပေမယ့် တွေ့လိုက်တိုင်း သူမ ဝတ်သော ဝတ်စုံတွေရဲ့ အရောင်တွေဟာ မှိုင်းရင့်ရင့်တွေ၊ နက်ပြာရောင်တွေသာ။ ဒီတစ်ကြိမ်မှာလည်း သူမက ရေညှိစိမ်းရောင်လို ခပ်မှိုင်းဖျော့ဖျော့ ဝတ်စုံကို ဝတ်ဆင်ထားခဲ့တာ။ ပြီးတော့ ကိုယ်လုံး အချိုးအစားကို ထင်သာမြင်သာစေသော ဝတ်စုံမျိုးလည်း မဟုတ်။ တီရှပ်ပုံစံ ပွပွယောင်းယောင်းတွေသာ။

သူ့တစ်သက်မှာ မိန်းမတစ်ယောက်အကြောင်းကို ခေါင်းထဲမှာ ခပ်ကြာကြာ နေရာပေးမိခြင်းသည် ဒီတစ်ကြိမ် ပထမဆုံး အကြိမ်ပါပဲ။ သူမရဲ့ တည်ငြိမ်မှုကို လေးစားမိတာလည်း ပါ,ပါလိမ့်မည်။

တစ်ခုတော့ သူ ရင်ထိတ်ရဲ့။ သူမမှာ ချစ်သူ ရှိနှင့်နေမှာကိုပါ။ လူလွတ်တစ်ယောက်ဆိုတာကိုတော့ ပဒုမ္မာနဲ့





စကားပြောရင်း သူ သတိထားခဲ့ပါသည်။ ဒါပေမယ့် သူမနဲ့ နီးစပ်နိုင်ဖို့ကိုတော့ သူ အတော်လေး ကြိုးစားရပါမည်။

" ...... "

အလုပ်ကိစ္စအတွက် အသုံးမပြုသော ကိုယ်ရေးကိုယ်တာကိစ္စတွေ သက်သက်အတွက်သာ အသုံးပြုသည့် ဟန်း(ဒ်)ဖုန်းက မြည်လာပါသည်။ တစ်ဖက်က ခေါ်သည့် နံပါတ်ကို ကြည့်တော့ ပုဂံက သူ့ဟိုတယ် ဖုန်းနံပါတ်။ ဟိုတယ်က ဝန်ထမ်းတွေကတော့ ဒီဖုန်းကို မခေါ်ရဲကြပါ။ ဘယ်လောက်သေရေးရှင်ရေး ကိစ္စပဲရှိရှိ သူ့ကိုယ်ရေးကိုယ်တာ ဖုန်းကို တပည့်တွေ မခေါ်ကြ။ သူ ကိုင်ထားသည့် တခြားဖုန်းတွေကလည်း သုံးလေးလုံးလောက် ရှိတာကြောင့် တစ်လုံးမဟုတ်တစ်လုံးတော့ ခေါ်လို့ လွယ်နေ၍ပင်။

ဒီ Call ကို မထူးတော့ဘူးလို့ စိတ်ကူးလိုက်ပြီးမှ တစ်ခုခု ထူးခြားနေမှာစိုးတာကြောင့် သူက ထူးလိုက်သည်။

"ဟယ်လို ... "

"ဟယ်လို ... ကိုကြီးလား ... ဇလပ်ပါ"

ခင်ဇလပ်ဖြူ။

"ဆို ... ဇလပ် ... ပုဂံရောက်နေတာလား"

"အင်း ... ဟုတ်တယ်၊ ဒီနေ့ပဲ ရောက်တာ ကိုကြီးရဲ့၊ ပြင်ဦးလွင်က အပြန် ဝင်တာလေ ... ပုဂံမှာ ကားကြီးတစ်ကား နဲ့ DVD တစ်ကား ရှိတယ်၊ အခုပဲ ဒီကိုရောက်တာ ... ကိုကြီး ရဲ့ King ဟိုတယ် (ပုဂံ)က အခုမှ အသစ်ဖွင့်တာဆိုတော့ ဇလပ်က အားပေးဖို့ လာတာပေါ့၊ ဒါပေမယ့် ကိုကြီးတပည့် တွေက ဇလပ် လိုချင်တဲ့ အခန်းကို မရဘူး လုပ်နေကြလို့ ..."

"ဘယ်အခန်းလည်း ဇလပ်ရဲ့၊ Booking ရှိလို့ နေမှာပေါ့"

ဇလပ်က ဆည်းလည်းသံ လွင့်ပျံ့လာသလို သာယာလှ သော သူမရဲ့ အသံလေးနှင့် ရယ်သည်။

"ကိုကြီးကလည်း မသိချင်ယောင် ဆောင်နေပြန်ပါပြီ၊ ဇလပ်က 001 (ဓိုးရိုးဓိုးရိုးဝမ်း) မှာ နေချင်တာလေ"





ဓိုးရိုးဓိုးရိုးဝမ်းသည် သူ့အတွက် သီးသန့်ပြင်ဆင်ထ
သော အခန်းဖြစ်ပါသည်။ ဟိုတယ်အခန်းတွေက ဘန်ဂ
ပုံစံ လေးခန်းတွဲလေးတွေ။ သူ့အခန်း တစ်ခန်းတည်းကိုသ
လုံးချင်း ဘန်ဂလိုအသေးလေးနှင့် ဟိုတယ်ဝင်းကြီးရဲ့ ထော
ကျကျနေရာမှာ ဆောက်ထားတာ။ သူ အေးအေးဆေးဆေ
အနားယူနိုင်အောင်ပါ။

မရွှေဇလပ်တို့ကတော့ မျက်စိတကယ်လျှင်သည်။ ဇလပ်
လို မင်းသမီး တစ်ယောက်အတွက်လည်း တိတ်တိတ်ဆိတ်
ဆိတ်နှင့် လွတ်လွတ်လပ်လပ် နေလို့ကောင်းသည့် နေရာ
လေးကိုး။

သူ ရယ်နေလိုက်ကာ ...

"ညည်းက အဲဒီ အခန်းမှာနေတော့ ကျုပ် ပုဂံကို
လာတဲ့အခါ ကျုပ်က ဘယ်အခန်းမှာ နေရမလဲ ရွှေဇလပ်
လေးရဲ့ ... ပြောပါဦး"

"မခက်ပါဘူး ကိုကြီးရဲ့၊ ခုတင်က နှစ်လုံးရှိတာပဲ၊
ဇလပ် ဘေးခုတင်ကို ရွှေ့ပေးပါ့မယ်"

"နစ်နာနေပါဦးမယ် ဖလပ်ရယ် ... ကဲပါ ... နေလိုက်ပါ၊ အဲဒီ အခန်းမှာ ... ကိုယ် မန်နေဂျာကို လှမ်းပြောထားခိုင်းလိုက်မယ်"

"လှမ်းပြောလို့ မရဘူးနော် ကိုကြီး ... အခု ပြောမှရမှာ၊ ဖလပ် သိပ်မစောင့်နိုင်ဘူး ... ခရီးပန်းလာလို့ အရမ်း နားချင်နေပြီ၊ ရေလည်းချိုးချင်တယ် ... ပြီးရင် အိပ်ရေးဝဝ အိပ်လိုက်ချင်တာယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ ... အခု ဖုန်းချပြီးသွားတာနဲ့ ကျွန်တော် ချက်ချင်း ပြောပေးပါ့မယ် မမလေးရယ် ... စိတ်ချပါ၊ ငါးမိနစ်ထက် ပိုစောင့်ရရင် ကျွန်တော်မျိုးကို ကြိုက်သလို အပြစ်ပေးပါနော်"

"ဒါဆို ... ဖလပ် ဖုန်းချလိုက်ပြီ၊ ညကျမှပဲ ဖုန်းထပ်ခေါ်တော့မယ်နော်၊ အခုတော့ ဖလပ် နားတော့မယ် ... ဘိုင့်ဘိုင် ကိုကြီး ..."

ဖလပ်တစ်ယောက် ကျေကျေနပ်နပ်နှင့် ဖုန်းချသွားပါ





သည်။ သူက ဖလပ် ဖုန်းချသွားသည်နှင့် ချက်ချင်း ပုဂံ ဟိုတယ် မန်နေဂျာရဲ့ ဖုန်းကို ခေါ်ရသည်။

"ကိုစိုးဌွေးလား ... ကိုယ်ပါကွာ ... 001 ကိုလေ ဖလပ်ဖြူကို ပေးနေလိုက်၊ အေး ... သူ ကြိုက်သလို နေပါစေကွာ၊ သူ့ကို FOC (Free of charges) နော် ... မင်း ဘီလ်သွားရှင်းခိုင်းမနေနဲ့ဦး"

တစ်ခါတလေကျတော့လည်း မိန်းကလေးတွေရဲ့ အဲဒီလို အတောင်းဆိုခံ လူတစ်ယောက် ဖြစ်ရတာကိုက ဘဝမှာ ပျော်စရာ ကောင်းပါသည်။

တနင်္ဂနွေ နှစ်ခု ဆက်တက်လိုလို ပဒုမ္မာတစ်ယောက် ရန်ကင်းစင်တာဆိုင်ကို လာတာမို့ တေးက တနင်္ဂနွေဆိုရင် ငွေသိမ်းတာရော အရောင်း ကောင်မလေးတွေအတွက် လမ်းစရိတ်ပေးတာကိုပါ ပဒုမ္မာ့ကို လွှဲထားပေးလိုက်ပါသည်။ ခါတိုင်း တနင်္ဂနွေတွေလိုတော့ ဆိုင်သုံးဆိုင် ပြေးစရာ မလိုတော့တာမို့ တေး နည်းနည်းတော့ သက်သာသွားသည်။ ဒါပေမယ့်လည်း တနင်္လာနေ့ရောက်ရင်တော့ ကောင်မလေးတွေဆီက အသံမျိုးစုံ ကြားရလေသည်။ ပဒုမ္မာတစ်ယောက် ဘယ်နှစ်ခေါက် အောက်ထပ်ကို ဆင်းတယ်ဆိုတာမျိုး၊ တစ်မနက်တည်းမှာတင် နှုတ်ခမ်းနီကို သုံးရောင်ပြောင်းပြီး ဆိုး





ကြည့်တယ်ဆိုတာကိုလည်း မချန်၊ နောက်ဆုံးတော့ Cafe Aroma မှာ ခပ်ချောချောခန့်ခန့် လူတစ်ယောက်နဲ့ သွားထိုင်နေတယ်ဆိုတာနဲ့ အဆုံးသတ်ရလေသည်။ အဲဒီလူဟာ တည်ခန့်နိုင်ဆိုတာ ကောင်မလေးကတော့ မသိပေမယ့် တေးကတော့ ကိုယ်တိုင် မတွေ့ရလည်း သိပါသည်။

ပဒုမ္မာ ရည်ရွယ်ထားခဲ့သလိုပဲ မြင့်မားတဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်နဲ့ ပတ်သက်ခွင့်ရခဲ့တဲ့အတွက် သူငယ်ချင်းကောင်း တစ်ယောက်ပီပီ တေး ဝမ်းသာပေးနိုင်ပါသည်။ ဒါပေမယ့် တည်ခန့်နိုင်ဆိုသော နာမည်တစ်လုံးနှင့် လူရဲ့ သတင်းတွေကတော့ မွှေးလှရဲ့။ ရထားခေါင်းတွဲကြီးလို အတွဲများလှတာတွေ။ မိန်းကလေးတွေအတွက် ဆိုရင် နှမြောတွန့်တိုခြင်းမရှိ ရက်ရက်ရောရော ကူညီတတ်တာတွေကို ပဒုမ္မာကိုယ်တိုင်လည်း မကြားဘဲနေမှာ မဟုတ်။ သိန်းသုံးရာ ထီဆုကြီး သုံးဆုလောက် တစ်ပြိုင်နက်တည်း ပေါက်ရင်တောင် ပေါက်နိုင်ပေမယ့် ဦးတည်ခန့်နိုင်ရဲ့ Mrs.တည်

ခန့်နိုင် ဖြစ်ဖို့ကတော့ အတော့်ကို ကံထူးမှ ဖြစ်နိုင်ပါလိမ့်မည်။

ဒါကိုလည်း ပဒုမ္မာ သိမှာပါ။ ပဒုမ္မာကိုယ်တိုင်ကလည်း အကြားအမြင်များသူ တစ်ယောက်ပေပဲ။ တေးကတော့ ပဒုမ္မာ မပြောချင်မှန်း သိတာကြောင့် အဲဒီ ကိစ္စနဲ့ ပတ်သက်ပြီး စကား မဟာဖြစ်အောင် နေပါသည်။ ပဒုမ္မာနဲ့ တေးကလည်း အေးအေးဆေးဆေး စကားတွေ ပြောဖြစ်ကြလောက်အောင်ကို မဆုံဖြစ်ကြပြန်။ ဆိုင်ကိစ္စတွေအပြင် ဘွားဘွားကလည်း ဒီရက်ပိုင်းမှာ နေမကောင်းတာကြောင့် တေးမှာ အိမ်ကနေလည်း အကြာကြီး မခွာနိုင်၊ ဆိုင်တွေကိုလည်း တစ်နေ့တစ်ခေါက် မသွားမဖြစ်နှင့် တစ်ယောက်တည်း ချာလည်ယမ်းနေရပါသည်။

ရန်ကင်းစင်တာဆိုင်ကို ရောက်တုန်း ဘွားဘွား မှာသောလိုအပ်သည့် ဆေးတွေ ဝယ်ဖို့အတွက် City Mart ကို ဆင်းရသည်။ ခါတိုင်းဆိုရင်တော့ တေးက ဆိုင်ကို ရောက်တာနဲ့ ဆိုင်မှာ လိုအပ်တာ ကြည့်၊ ပြင်ဆင်ပေး၊ ဆိုင်က





ကောင်မလေးတွေနဲ့ စကားပြောနဲ့ အောက်ထပ်တွေကို သိပ်ဆင်းလေ့မရှိ။ ဆိုင်ထဲ ရောက်သွားတာနဲ့ လိုအပ်တဲ့ ပစ္စည်းက သူ့အလိုလို ပေါ်လာပြီး ဝယ်ဖြစ်သွားတတ်တာမို့ ပိုက်ဆံအပိုကုန်ပါသည်။ တေးက ပဒုမ္မာ ပြောသလို ပြောရရင်တော့ ကပ်စေးနှဲပြီး တစ်ကျပ်ကို နှစ်ကျပ်ခွာသူ ဆိုပါတော့။ ပိုက်ဆံသုံးရမှာ တေး သိပ်နမြောတတ်သည်။ ပိုက်ဆံကို ဘယ်လောက်ပင်ပင်ပန်းပန်း ရှာရတယ်ဆိုတာလည်း တေး ကောင်းကောင်း နားလည်နေလို့ပါ။

ဆေးကောင်တာမှာပဲ ဆေးဝယ်နေရင်းမှ အိမ်မှာ ဟောလစ်တို့ နို့မှုန့်တို့ ကုန်နေပြီဆိုတာ သတိရသည်။ မထူးတော့ပါဘူးလေ။ ရောက်လက်စနဲ့တော့ ဝယ်သွားလိုက်ပါ့မယ်၊ ဝယ်ပြီးသား ဆေးထုပ်တွေကို ပစ္စည်းအပ်သည့် ကောင်တာမှာ ထားခဲ့ပြီး တေးက ခြင်းတစ်လုံးကို ယူကာ လျှောက်လာခဲ့သည်။ ဆိုင်ထဲရောက်သွားရင်တော့ မြင်မြင်သမျှဟာ အိမ်အတွက် လိုအပ်နေတာချည်းပါပဲ။ ဈေးနှုန်းကို

ကြည့်ပြီးမှ ဝယ်ဖို့ မဝယ်ဖို့ ဆုံးဖြတ်ရသည်။ အဲဒါကြောင့် ပဒ္မွာက တေးကို တစ်ကျပ်ကို နှစ်ကျပ်ခွာတယ်ပြောတာ။ ကိုယ့်ကိုယ်ကို တွေးမိကာ တေးက နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိရပါသည်။

"တစ်ယောက်တည်း ဘာတွေ တွေးပြီး ပြုံးနေတာလဲ"

ဘေးနားကနေ ခပ်တိုးတိုး မေးလိုက်သံကြောင့် တေးသည် ရုတ်တရက် လန့်သွားရကာ လက်ထဲက Chocopie အထုပ်ကြီးကိုပင် အမှတ်တမဲ့ လွှတ်ချလိုက်မိပါသည်။ ကိုယ့်ဘေးနားမှာ လူတစ်ယောက် ရှိနေတယ်ဆိုတာ သတိမှ မထားမိဘဲ ကိုယ့်အတွေးနဲ့ကိုယ် ဘေးပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်မိ။

ကွဲရှစေနိုင်သော အရာမဟုတ်လို့ တော်ပါသေးရဲ့။ သမံတလင်းပေါ် ကျသွားသော Chocopie အထုပ်ကြီးကို သူက တေးထက် အလျင်ဦးအောင် လှမ်းကောက်သည်။ တေး ဒီအတိုင်းကြည့်နေမိရင်း ဘာပြောရမည် မသိ။





ဆုံကြပြန်ပြီပေါ့ ဦးတည်ခန့်နိုင်။ အခုတလောမှာ အမှတ်တမဲ့ ဆုံဖြစ်ကြဖို့ တိုက်ဆိုင်မှုတွေက များလွန်းနေတယ်။

"ကျွန်တော်တို့ ဆုံကြပြန်ပြီနော် ... မေချိုတေး"

တေး ခေါင်းညိတ်လိုက်ရပါသည်။ သူက တေး ကိုင်ထားသော ခြင်းတောင်းထဲသို့ မုန့်ထုပ်ကို လှမ်းထည့်ပေးလိုက်ရင်း ...

"ဈေးလာဝယ်တာလား ..."

"ဟုတ်ကဲ့ ... ဆိုင်ကိုလာရင်းနဲ့ လိုအပ်တာလေးတွေ ရှိတာနဲ့ ..."

"ဪ ... ဟုတ်သားပဲ၊ မေချိုတေးရဲ့ Favourite ဆိုတဲ့ Fashion Shop ရှိတယ်ဆိုတာ ကျွန်တော် အမှတ်တမဲ့ ဖြစ်သွားတယ်"

တေးအတွက် ဝယ်ခြမ်းစရာတွေ ရှိပါသေးသည်။ သူက တေး ဘေးနားမှာ ရပ်နေတော့ တေးသည် သူနဲ့ပဲ ဆက်ပြီး စကားပြောရမလို၊ ဈေးပဲ ဆက်ဝယ်ရမလိုနှင့်

အခက်တွေ့နေရသည်။ တေး ဈေးဝယ်နေတဲ့ တစ်လျှောက်လုံး သူ တေး ဘေးမှာ ရှိနေမှာကိုလည်း တေး မလိုလားပါ။ တစ်ယောက်တည်း ကိုယ့်အတွေးနဲ့ကိုယ် စဉ်းစားပြီး ဈေးဝယ်ရတာကိုပဲ တေး သဘောကျသည်။

သူက တေး စိတ်ထဲက စကားတွေကို သိနှင့်နေပုံနှင့် ...

"ကျွန်တော့်ကြောင့် မေချိုတေး ဈေးဝယ်တာ အနှောင့်အယှက် ဖြစ်သွားပြီ ထင်တယ် ... ဆောရီးနော်"

"ရပါတယ်"

"အရင်တစ်ခါ ကျွန်တော်တို့ ဆုံတုန်းကလည်း မိတ်ဖြစ်ဆွေဖြစ် ကော်ဖီမသောက်လိုက်ရဘူး၊ အချိန်ရမယ်ဆို မေချိုတေး ဈေးဝယ်ပြီးရင် ကျွန်တော် ကော်ဖီတိုက်ချင်ပါတယ်"

ဒီတစ်ခါတော့ တေး လက်ထဲက အရာဝတ္ထု လွတ်မကျသွားအောင် တေး မနည်း သတိထားလိုက်ရပါသည်။ တည်ခန့်နိုင်ဟာ မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ပါးနပ်တယ်ဆိုတာ တေး တကယ် ကြုံနေရပြီလား။ ဒါမှမဟုတ် တကယ့်





ရိုးသားမှုနဲ့ပဲလား။ ဘာပဲဖြစ်ဖြစ် တေးက သူ့ အကူအညီကို ယူခဲ့ဖူးသူမို့ ဒီတစ်ကြိမ် တေး ငြင်းဆန်လိုက်ရင် သိပ်ကို ယဉ်ကျေးမှု မဲ့လွန်းရာ ကျသွားပါလိမ့်မည်။

## ၃။

တေးသည် ဖုန်းချလိုက်သည်အထိ 'မပဒုမ္မာ အလုပ်ထွက်သွားတာ ၁၀ ရက်လောက် ရှိပါပြီ' ဆိုသည့် အဖြေစကားအတွက် တအံ့တသြ ရှိနေတုန်း။ တနင်္ဂနွေတိုင်းလည်း ရန်ကင်းစင်တာဆိုင်ကို ပဒုမ္မာ သွားနေဆဲ။ တေးနဲ့ ဖုန်းလည်း နှစ်ရက်တစ်ခါလောက် ပြောဖြစ်ပေမယ့် အလုပ်ထွက်တဲ့ အကြောင်းကို ဘာဖြစ်လို့များ ပဒုမ္မာ မပြောရတာလဲ။ ဒါဟာ စကားစပ်မိကြမှ ပြောကြရမယ့် အကြောင်းအရာမျိုးလည်း မဟုတ်။

ပဒုမ္မာတစ်ယောက် အလုပ်မှာ ပြဿနာ တစ်ခုခုများ ဖြစ်သွားလို့လား။

အားနာနာနှင့်ပင် တေးက ခုနက ဖုန်းကို ပြန်ခေါ်လိုက်သည်။

"ညီမလေးရေ ... အားနာပါတယ်ကွယ် ... ပြန်ခေါ်ရတာ ... တစ်ခု သိချင်လို့ပါ ညီမလေးရယ် ... ပဒုမ္မာက ပြဿနာ တစ်ခုခုကြောင့်များလားဟင်"

"မဟုတ်ပါဘူး အစ်မ ... အဆင်ပြေပါတယ် ... သူ အလုပ်ပြောင်းသွားတာပါ၊ အခု အသစ်ဖွင့်တဲ့ Hotel King Yangon ကိုပါ၊ ပိုင်ရှင်က ခေါ်လို့တဲ့ အစ်မရဲ့ ..."

"Hotel King Yangon"

"ဦးတည်ခန့်နိုင်ရဲ့ ဟိုတယ်လေ အစ်မ ... အင်းလျားလမ်းမှာ ..."

"သြော် ... ဟုတ်ကဲ့ ... ကျေးဇူးပဲနော် ညီမလေး"

ပဒုမ္မာ ဘာကြောင့် နှုတ်ဆိတ်နေရသလဲ ဆိုသည့် အကြောင်းကို တေး နားလည်သွားရပါသည်။ Hotel King Yangon ကို ပြောင်းသွားတဲ့အကြောင်း တေးကို ဖုံးကွယ်ထားချင်တာ။ အမှန်ဆုံးကတော့ ဦးတည်ခန့်နိုင်နဲ့ ပတ်သက်တာကို တေး မသိစေချင်တာဘဲ ဖြစ်မှာပါ။





ဘာကြောင့်များ တေးကို ပဒုမ္မာ လျှို့ဝှက်ရတာပါလိမ့်။ တေးတို့ နှစ်ယောက် အမြဲတမ်း ဆိုးတိုင်ပင် ကောင်းတိုင်ပင် သူငယ်ချင်းတွေအဖြစ် နေလာခဲ့တာ နှစ်ပေါင်းမှ မနည်းတော့ဘဲ။ တေး စိတ်မကောင်းတော့ ဖြစ်သွားရသည်။ တေး ကိုများ ပြိုင်ဘက်တစ်ယောက်လို သဘောထားနေပြီလား။

တည်ခန့်နိုင် ဆိုတဲ့ လူတစ်ယောက်အတွက် ပဒုမ္မာ အခုလို သဘောထားတယ်ဆိုတာလည်း တေး အလိုလို သိနေရသည်။ ငွေကြေးဥစ္စာဓန အခြေအနေကြီးက လူတွေရဲ့ စိတ်ကို ဖြားယောင်းတတ်သတဲ့လားကွယ်။ တေးကတော့ သူ့ ချမ်းသာမှု မြင့်မားမှုတွေကို ယစ်မူးမိဖို့ နေနေသာသာ သူ့အရှိန်အဝါကို အလိုလိုနေရင်း ကြောက်နေမိတာ။ မပေါင်း

အပ်ချော လူတစ်ယောက်လို့သာ သူ့ကို တေး သဘောထားသည်။ ဒါတောင်မှ သူနဲ့အတူ တစ်ကြိမ်တော့ တေး ကော်ဖီ လိုက်သောက်ရသေးတာပဲ မဟုတ်လား။

ရောက်လေ့ရောက်ထ သိပ်မရှိတဲ့ Sedona Hotel ဆိုတာရယ်၊ တည်ခန့်နိုင်ဆိုတဲ့ အရှိန်အဝါကြီးကြီး လူ တစ်ယောက်ရယ်၊ အရှိန်နှစ်ခုနဲ့ တေး အဲဒီနေ့က လက်ဖျားတွေ အေးစက်ပြီး ရင်ထဲမှာ တော်တော်တုန်လှုပ်နေခဲ့ရရဲ့။ တေးရဲ့ ဝတ်ပုံစားပုံ ခပ်မှိန်မှိန်က သူနဲ့ယှဉ်လိုက်တော့ ပိုလို့ မှိန်ဖျော့ သွားပြီး လမင်းကြီးနားက ကြယ်မှုန် အစအနလေးနှယ်။ သူ့ကုမ္ပဏီက သူ့တပည့်မတွေကတောင် တေးထက်ပိုပြီး ထင်ပေါ် တောက်ပြောင်ပါဦးမည်။ တေးလို သာမန် အမျိုးသမီး တစ်ယောက်ကို သူ ဘာကြောင့် ခင်မင် ရင်းနှီးချင်ရတာလည်း ဆိုတာကိုတော့ တေး ကိုယ်တိုင် နားမလည်တတ်တော့။

ကော်ဖီသောက်ရင်းနဲ့လည်း သူက တေးရဲ့ အကြောင်း အရာတွေကို ယဉ်ယဉ်ကျေးကျေး စပ်စုနေပါသေးသည်။





ပဒုမ္မာနဲ့ရော ဒီလိုပဲလားတော့ မသိ။ မိန်းကလေးတွေ အားလုံးကိုပဲ စိတ်ဝင်တစား ရှိတာလား။ ဘာပဲပြောပြော တေးကတော့ ကြောက်ပါသည်။ နောက်တစ်ကြိမ် ဆိုရင်တော့ ဘယ်လိုပဲဖြစ်ဖြစ် မပတ်သက်မိအောင် ကြိုးစားဖို့ပဲ တေး ကြိုတွေးထားလိုက်သည်။

ပဒုမ္မာ ကိစ္စကိုတော့ ဇာခြည့်ကို ရင်ဖွင့်ဖြစ်သည်။ ဇာခြည်ကလည်း ပဒုမ္မာလို ကျောင်းတုန်းကတည်းက ခင်မင်ခဲ့ကြတဲ့ သူငယ်ချင်းတွေပါပဲ။ ကျောင်းပြီးတာနဲ့ အိမ်ထောင်ပြုသွားတာမို့ တေးတို့လိုတော့ အလုပ်မလုပ်နိုင်တော့။ တေးဆိုင်ထဲမှာပဲ ရှယ်ယာထည့်ထားပြီး အိမ်မှာ ယောကျ်ား ဝေယျာဝစ္စ၊ ကလေး ဝေယျာဝစ္စနဲ့ အလုပ်ရှုပ်နေသူ ဖြစ်ပါသည်။

အခု ဖုန်းပြောဖို့တောင် ဇာခြည့်ခမျာ မနည်း အချိန်ပေးရသည်။

"ပဒုမ္မာက ကျုပ်တို့ကျောင်းတုန်းကတည်းက ဒီလို

ကိစ္စနဲ့ ပတ်သက်ရင် နည်းနည်း ဂျေးရှိတာပဲ တေးရယ် ... သူ့ကိုယ်သူ အရမ်းလှတယ်ဆိုပြီး မာန်တက်နေတာ ဥစ္စာ ...”

ဓာခြည်ကတော့ ပွင့်ပွင့်လင်းလင်း သမားပီပီ အားမနာတမ်း ဝေဖန်သည်။ ကျောင်းတုန်းကတည်းက တေးနဲ့ ဓာခြည်က ပိုပြီး တွဲဖြစ်ကြပါသည်။ ဓာခြည်ရော တေးရောက အလှပြင်ဖို့လည်း စိတ်မဝင်စား၊ အစားအသောက်ကောင်းကောင်း စားဖို့ပဲ စိတ်ဝင်စားပြီး ဘာကိုမှ ဂရုမစိုက် ခပ်ပေါ့ပေါ့ နေတတ်ကြတာ။ ပဒုမ္မာကတော့ အမြဲတမ်း လှပကျော့ရှင်းနေဖို့ကိုသာ စိတ်ဝင်စားသူ ဖြစ်သည်။ ဓာခြည် အိမ်ထောင်ကျသွားပြီးမှ လုပ်ငန်းပါတနာတွေလည်း ဖြစ်တာမို့ တေးနဲ့ ပဒုမ္မာ ပိုပြီး တွဲဖြစ်သွားကြတာ ဖြစ်သည်။

“သူနဲ့လည်း ကျုပ် အလှချင်း မပြိုင်ပါဘူး ဓာခြည်ရယ် ... ဘယ်သူပိုလှတယ်ဆိုတာ လူတိုင်း သိပါတယ် ... သူ့ကိုပဲ တွေ့တဲ့သူတိုင်းက စိတ်ဝင်စားကြတာပါ”

“အဲဒီလိုတော့ မပြောပါနဲ့ တေးရဲ့ ... အခု ဦးတည်ခန့်





နိုင်က သူ့ကို စိတ်မဝင်စားဘဲ ရှင့်ကို စိတ်ဝင်စားနေလို့ နေမှာပေါ့”

“အမလေး ... မလုပ်ပါနဲ့ ... မခံယူဝံ့ပါဘူးရှင်၊ သူ့အနားမှာ ဒီလောက် အလှပဂေးတွေ ဝိုင်းနေတာ ... ကျုပ်လို ရုပ်ဆိုးဆိုး ပုံစံတုံးတုံး မိန်းမကို အိပ်မက်ထဲမှာတောင် ထည့်မက်မှာ မဟုတ်ဘူး ... ပဒုမ္မာကို စိတ်ဝင်စားလို့ သူ့ဟိုတယ်ကို ခေါ်လိုက်တာပေါ့ ဓာခြည်ရယ်၊ သူတို့ ကိစ္စက ကျုပ်နဲ့ မဆိုင်ပါဘူး ... ကျုပ် စိတ်မကောင်းတာက ဒီကိစ္စလေးကိုတောင် သူ ကျုပ်ကို လျှို့ဝှက်ထားတာကိုပါ ...”

“ဒါဆိုလည်း မသိသလိုပဲ နေလိုက်ကြတာပေါ့ဟာ ... မဟုတ်ဘူးလား ... တစ်ခုတော့ စိတ်ပူတယ်၊ ဦးတည်ခန့်နိုင်က အခု ခင်ဇလပ်ဖြူနဲ့ တွဲနေတယ်တဲ့နော် ... ပဒုမ္မာ စိတ်ဆင်းရဲရမှာကိုပဲ စိုးရိမ်တယ် ...”

“ရှင်ကတော့ အိမ်ထဲမှာနေပြီး သတင်းတွေ စုံလှချည်လား ဓာခြည်ရ”

“ကိုလတ် ပြောတာလေ … သူတို့ ကုမ္ပဏီက လူတွေ ပြောကြတာတဲ့ … ဦးတည်ခန့်နိုင်က ခင်ဇလေပ်ဖြူကို ကားတွေ ဘာတွေတောင် ဝယ်ပေးတယ်လို့ ပြောတာပဲ”

သူ့သတင်းကတော့ မွှေးလှပါသည်။ ခင်ဇလေပ်ဖြူဆိုတာ အခု တစ်နှစ်, နှစ်နှစ်လောက် အတွင်းမှာ နာမည်ရလာသော မင်းသမီး ဖြစ်သည်။ စံပြမယ် (Model) ကနေ မင်းသမီး လိုင်းကို ကူးလာသူ။ ကလေးဆန်ဆန် ချစ်စရာမျက်နှာလေးကြောင့် လူချစ် လူခင်များသော မင်းသမီးပါ။ အသက်ကလည်း ငယ်ဦးမှာပါ။ အလွန်ဆုံးရှိမှ ၂၂၊ ၂၃ နှစ်ပေါ့။

“ကောင်းတာပေါ့ဟယ် … အခုခေတ် ကားတစ်စီး တန်ဖိုးက နည်းတာမှ မဟုတ်တာ …”

ရယ်စရာအဖြစ် ခပ်ပေါ့ပေါ့ ပြောလိုက်ပေမယ့် တေး စိတ်ထဲက ပါလို့တော့ မဟုတ်။ ကိုယ့်ဘဝသိက္ခာနဲ့ စည်းစိမ် ဥစ္စာကို အလဲအလှယ် လုပ်ဝံ့ကြတဲ့ တချို့ တချို့သော မိန်းကလေးတွေကို တေး အံ့သြလှသည်။ တေးကတော့ဖြင့်





ကိုယ့်ဘဝ ကိုယ့်သိက္ခာ ကိုယ့်နာမည်ကို အမည်းစက် စွန်းထင်းပြီးမှ ရမယ့် ငွေကြေးကို မလိုချင်ပါ။ တစ်သက်လုံး လိပ်ပြာသန့်မှာလည်း မဟုတ်တော့။ ဒါပေမယ့် ဒီအဖြစ်ဟာ မိုးခါးရေ ဖြစ်နေပြီ။

“ကျုပ် နောက်မှ ပြန်ဆက်တော့မယ် တေးရေ… အငယ်ကောင် အနားမှာ လာပြီး ဂျီကျနေပြီ … သတင်းထူးရင် ကျုပ်ကို ပြောဦးနော်”

“အေးပါ … မာမီကြီးရယ် … ဒါပဲနော်”

“အပျိုကြီးနော် … အပျိုကြီး … မနာလို မရှိနဲ့ …”

ရယ်မောပြီး နှစ်ယောက်သား ဖုန်းချလိုက်ပါသည်။ ဒီနေ့တော့ တေး မနက်ပိုင်း ဆိုင်မသွား။ ဘွားဘွားကို ဆေးခန်းပို့ပေးပြီး အိမ်မှာ ဘွားဘွားအတွက် စားချင်စဖွယ် ဖြစ်စရာလေးတွေ တေး ကိုယ်တိုင် ချက်ပြုတ်ပေးနေ ဖြစ်ပါသည်။ ဟင်းအိုးတည်ထားတုန်း ပဒုမ္မာ ဟိုတယ်ဆီ ဖုန်းဆက်ဖြစ်ရင်း ဖုန်းဘေးနားမှာ နာရီဝက်လောက် အချိန် ကုန်သွားတာပါ။

"မမကြီး ... ခြံဝမှာ ကားအနက်ကြီး တစ်စီး ရပ်ပြီး ဟွန်းတီးနေတယ် ... သမီး သွားကြည့်လိုက်ရမလား"

ဘွားဘွားအတွက် ကြက်ပေါင်းရည်ကို အရသာ ရှိမရှိ ပြန်မြည်းကြည့်နေစဉ်မှာ မွေးစားညီမလေး ခိခိက ခြံထဲမှာ အဝတ်လှမ်းနေရာကနေ အပြေးအလွှား ပြန်ဝင်လာရင်း သတင်းပေးသည်။

"သွားကြည့်လိုက်လေ ... ခြံတံခါးကို အရင် ဖွင့်မနေနဲ့ဦး ... ဘယ်သူလဲ ... ဘာကိစ္စလဲဆိုတာ မေးဦးနော်"

"ဟုတ် ..."

ခိခိ ပြန်ထွက်သွားတော့ တေး မျက်လုံးလေး ရှုံ့ကာ စဉ်းစားရင်း ကျန်ရစ်သည်။ ကားအနက်ကြီးတဲ့။ ဘယ်သူများပါလိမ့်။ တေး အသိမိတ်ဆွေတွေထဲမှာ ကားအနက် စီးတာ ရှားပါသည်။ တစ်ယောက်တော့ ရှိရဲ့ ... ။ တေးက တွေးမိသွားပြီးမှ ခေါင်းယမ်းလိုက်မိသည်။ မဖြစ်နိုင်ပါဘူး။

အတွေးမှ မဆုံးခင် ခိခိသည် အမောတကောနှင့်





ခလုတ် တိုက်မိတော့မတတ် မီးဖိုချောင်ထဲ ပြန်ပြေးဝင်လာကာ ...

"မမကြီး ... ဒေ့ ... ဒည့်သည်က ဦးတည်ခန့်နိုင်တဲ့ ... သမီး ... သမီး တံခါး ဖွင့်ပေးခဲ့ပြီ ... "

"ဟဲ့ ..."

ဘယ်လောက်များ အမောတကော ပြေးလာခဲ့တယ် မသိ။ ပြောပြီးတော့ ရင်ဘတ်ထဲမှာ ဆို့နေတာမို့ ခိခိ သူ့ ရင်ဘတ်ကို သူ မနည်း ဖိနေရသည်။ တေး ရင်ထဲမှာ မောသွားရတာလည်း ခိခိနဲ့ အပြိုင်ပင်။ ဇာခြည် ပြောတဲ့ စကား တွေတောင် လတ်လတ်ဆတ်ဆတ် ရှိသေးရဲ့။ တေးရဲ့ ပုံစံ ကတော့ အိမ်မှာနေရင်းမို့ ခါတိုင်းထက်ပင် ပိုလို့ နွမ်းဖတ်နေပါသည်။ ဒီအတိုင်းပဲ ကောင်းပါတယ်လေ။ အထူးတလည် ပြင်ဆင်နေလည်း ဒီထက် ပိုပြီး ထူးခြားလာမှာမှ မဟုတ်ပဲ။

မျက်နှာပေါ်က ချွေးစို့စို့တို့ကို လက်ခုံနှင့် အသာ ဖိသုတ်လိုက်ရုံသာ တေးက ပြုပြင်သည်။ တေး ဧည့်ခန်းထဲကို

ထွက်လာတော့ သူက ဧည့်ခန်းထဲမှာ ဘိုးဘိုးနှင့် စကားလက်ဆုံ ကျနေပြီ။

"ဘယ်က ဘယ်လိုများ လမ်းမှားပြီး ရောက်လာလဲ မသိဘူးနော်"

တေးက အားမနာနိုင်ဘဲ ပြောတော့ သူက အပြုံးမပျက်ပင် ...

"လမ်းမှားပြီးတော့ မဟုတ်ပါဘူး ... မေချိုတေး ... ဒီကိုပဲ လာတာပါ ... ဒါပေမယ့် လမ်းကြုံလို့ဆိုရင်တော့ နည်းနည်းမှန်မယ် ... မေချိုတေးတို့ လမ်းရဲ့ အရှေ့ဘက်က ရပ်ကွက်က ကျွန်တော့် Estate ပရောဂျက်လေ ... အဲဒီကို လာရင်းနဲ့ ဝင်လာလိုက်တာ ..."

တေးတို့ လမ်းရဲ့ အရှေ့ဘက် အခြမ်းက ရပ်ကွက်ကို ဆောက်လုပ်ရေး ကုမ္ပဏီ တစ်ခုက အိမ်ရာဆောက်ဖို့ ဝယ်ထားတယ် ဆိုတာကိုတော့ ကြားနေရတာ ကြာပါပြီ၊ အဲဒီ ကုမ္ပဏီက သူ့ ကုမ္ပဏီမှန်းတော့ အခုမှ သိရတာ။





တေးက ဘာဆက်ပြောရမှန်းလည်း မသိဘဲ နှုတ်ဆိတ်နေတော့ သူက ...

"မေချိုတေးရဲ့ ဘိုးဘိုးက အဘိုးလို့ မထင်ရဘူးနော်၊ နုတယ် ... မြေးအဘိုးလို့ မထင်ရဘူး ... သားအဖနဲ့တူတယ်"

"ဘိုးဘိုးကို နုတယ်လို့ ပြောချင်တာလား ... တေးကို ရင့်တယ်လို့ ပြောချင်တာလား"

"နှစ်ခုစလုံးပဲ"

သူက ပြောပြီးမှ သူ့စကားကို သူ ရယ်နေပြန်သည်။ တေး စိတ်ဆိုးမှာလည်း ဂရုမထားသည့်ပုံ။ ဧည့်ခန်းမှာ ထိုင်နေတာကိုက သူ့အိမ် သူ့ရာလို သဘောထားပြီး သက်သောင့်သက်သာ အေးအေးလူလူ။

"မေချိုတေးရဲ့ ဘွားဘွား နေမကောင်းလို့ဆို ... ဘိုးဘိုး ပြောနေတယ် ... ကိုယ် သတင်းမေးလို့ ရမလား"

တေးကို ခိခိ လာခေါ်တဲ့ အချိန်ခဏလေးမှာ ဘိုးဘိုးနဲ့ ဘယ်လိုများ ဒီလောက် များများသိအောင် စကားတွေ ပြော

လိုက်ပါလိမ့်။ အင်းပေါ့လေ။ တည်ခန့်နိုင်ဆိုတာ ထက်မြက် ပါးနပ်လွန်းလို့လည်း ဒီလို လူတစ်ယောက် ဖြစ်နေတာပေါ့။ ဘယ်လိုလူမျိုးကိုမဆို အဆင်ပြေ ရင်းနှီးအောင် ပေါင်းသင်း နိုင်တာဟာ သူ့ရဲ့ အရည်အချင်း တစ်ရပ်ပင် ဖြစ်ပါလိမ့်မည်။

တေးကတော့ လူမှုရေး သိပ်မကျေညက်ပါ။ အထူး သဖြင့် ယောကျ်ားလေးတွေနဲ့ပေါ့။

"ဘွားဘွား အိပ်နေတယ် ထင်တယ် ..."

တေးက ရှောင်ဖို့ ကြိုးစားပေမယ့် ဘိုးဘိုးက တေးတို့ နှစ်ယောက်ကို မိတ်ဆွေရင်းချာတွေ ထင်ပုံနှင့် ...

"မအိပ်ပါဘူး သမီးရဲ့ ... ဘိုးဘိုး ခုလေးတင်ပဲ သတင်း စာ ပေးပြီး ပြန်ထွက်လာတာ ... သတင်းစာ ဖတ်နေရော ပေါ့"

တေး ဘာမှ မငြင်းသာတော့။ သူက တေးကို ကဲ ဘယ့်နှယ်ရှိစ ဆိုသည့် အကြည့်မျိုးနှင့် ကြည့်သည်။ ဘယ်လိုမှ မတတ်သာတော့တာမို့ တေးက ဘွားဘွား အခန်းထဲကို ခေါ်





သွားရတော့သည်။ တစ်ခုခု ပြောလိုက်ချင်ပေမယ့် ဘိုးဘိုးက လည်း ဘေးက ပါနေတာကြောင့် ပြောခွင့်မသာ။

ဘာစိတ်ကူးတွေနဲ့ ဒီလိုလုပ်နေတာလည်းဆိုတာ မေး လိုက်ချင်သည်။ မေချို့တေး ဆိုတဲ့ မိန်းမတစ်ယောက်မှာ မက်မောစရာ အလှအပလည်း မရှိပါဘူး။ နာမည်ကျော် တစ်ယောက်လည်း မဟုတ်ပါဘူး။ သာမန် မိန်းမသား တစ်ယောက် ဘဝနဲ့ လောကကြီးမှာ သမာသမတ်ကျကျ လျှောက်လှမ်းနေတဲ့ သူပါ။ တည်ခန့်နိုင်ဆိုတဲ့ လူတစ်ယောက် ရဲ့ အပျင်းပြေ အပျော်စာရင်းမှာ မေချို့တေးကိုပါ ထည့်ချင် နေတာလား။

မဖြစ်နိုင်တာတွေ မလုပ်ချင်စမ်းပါနဲ့ ဦးတည်ခန့်နိုင်။

နာရီဝက်နီးပါး ဘိုးဘိုးနဲ့ရော ဘွားဘွားနဲ့ပါ စကား လက်ဆုံတွေ ကျပြီးမှ သူက ပြန်ဖို့ပြင်သည်။ တေးကတော့ ခိခိ ဖျော်လာပေးသော ကော်ဖီနဲ့ စိတ်ထဲက စေတနာမရှိလှ စွာ ဧည့်ခံရင်း မကောင်းတတ်လှစွာ ဘေးထိုင်ခေါင်းညိတ်

နေရလေသည်။ အဘိုးနဲ့ အဘွား ခမျာလည်း ဧည့်မျှော်သူတွေမို့ ဧည့်သည်တစ်ယောက် လာရင် စကားက မပြတ်တော့။ ထုံးစံအတိုင်း တေးရဲ့ ဖေဖေနဲ့ မေမေ တေး ရှစ်တန်းမှာ ရုတ်တရက် ဆုံးပါးသွားကြကတည်းက တေးကို ဂရုတစိုက်နဲ့ ချစ်ခဲ့ စောင့်ရှောက်ခဲ့ကြကြောင်းတွေ၊ တေးကလည်း သိပ်လိမ္မာကြောင်းတွေ၊ ဒီအကြောင်းတွေက ဧည့်သည်လာသမျှ အဘိုးနဲ့ အဘွား ပြောနေကျတွေပဲမို့ သူတို့အတွက် မထူးဆန်းတော့ပေမယ့် တေးကတော့ ရှက်နေရသည်။

သူက ဂရုတစိုက် နားထောင်နေတာ တွေ့လေ တေး ပိုပြီး စိတ် ကျဉ်းကျပ်လေ။ တေး အကြောင်းကို သိချင်နေသူကိုမှ ရေစက်တုန်း ရေတွင်းထဲ ကျစေတာပါပဲ။ တေးက သိပ်မကျေနပ်ကြောင်းကို မျက်နှာထားနှင့် သိစေတော့မှ သူက အရိပ်အခြည် ကြည့်ကာ ပြန်ဖို့လုပ်တော့တာ။ ဒါတောင်မှ အဘိုးနဲ့ အဘွားက စကားပြောကောင်း၊ နားထောင်ကောင်းသော သူ့ကို ထမင်းစားသွားဖို့ ဖိတ်နေပါသေးသည်။





"ကိုယ်က ထမင်းပါ စားသွားချင်တာ ... ဘိုးဘိုးနဲ့ ဘွားဘွားက သဘောကောင်းပေမယ့် မြေးမလေးက မျက်နှာ သိပ်မကောင်းတာနဲ့ မစားရဲတော့ဘူး ..."

ကားရပ်ထားရာ ပေါ်တီကိုအောက်နားအထိ တေး သူ့ကို လိုက်ပို့တော့ သူက ခပ်တိုးတိုးဆိုသည်။ သူဟာ သာမန်လူလို ငါလို လူတစ်ယောက်ဆိုရင်တော့ သူ့အပြုအမူတွေ၊ စကားတွေအတွက် တေး သာယာမိမှာပါ။ တည်ခန့်နိုင်ဆိုသော အရှိန်အဝါကြီးနှင့် လူတစ်ယောက်ကိုတော့ တေး မသာယာရဲ၊ ရင်မခုန်ရဲ။ ပုံပြင်ထဲက မင်းသမီးလေးတွေရဲ့ စာရင်းမှာ မေချိုတေး အပါမခံနိုင်ပါ။

တေးက မျက်နှာကို အစွမ်းကုန် တည်ထားလိုက်ရင်း

"ဦးတည်ခန့်နိုင် ..."

သူက ကားတံခါးကို သော့ဖွင့်ပြီး ဘာလဲဆိုသည့် သဘောမျိုးနှင့် တေးကို လှည့်ကြည့်သည်။ သူ့မျက်နှာ ခပ်ပြုံးပြုံးက တေးရဲ့ ခပ်တင်းတင်း မျက်နှာထားကြီးကြောင့် နည်းနည်းတော့ မျက်မှောင်ကျုံ့သွားပါသည်။

"ကျွန်မ အလေးအနက် ပြောမလို့ပါ ဦးတည်ခန့်နိုင်၊ စိတ်တော့ မရှိပါနဲ့ ... ကျွန်မ ရှင်နဲ့ မိတ်ဆွေ မဖြစ်ချင်ပါဘူး၊ ကျွန်မတို့ မိသားစုကို ရှင် မရင်းနှီးချင်ပါနဲ့ ... ဒီနေ့ ရှင့်ကို ကျွန်မ အလိုက်အထိုက် ဧည့်ခံပြီး ကော်ဖီတိုက်တာ ရှင့် အကြွေးတွေကို ဆပ်တယ်လို့ပဲ သဘောထားလိုက်ပါ၊ ကျွန်မ ရှင့်ကို နောက်တစ်ကြိမ် အခုလို ဆက်ဆံမှာ မဟုတ်ဘူး"

အနားသတ် တုန်ယင်ချင်နေသော စကားသံကို မနည်းထိန်းပြီး ပြောလိုက်ရသည်။ ရိုင်းချင်လည်း ရိုင်းပါစေတော့။ ရိုင်းတယ်ထင်အောင်ကို ပြောရတာပဲ။ ရှေ့ဆက်ဖြစ်လာမယ့် ကိစ္စတွေအတွက် ကြိုတင်ပြီး ကာကွယ်ထားရမှာ တေးရဲ့ တာဝန်ပင်။

"မေချိုတေး ..."

"စိတ်မရှိပါနဲ့ ဦးတည်ခန့်နိုင် ... ကျွန်မ တကယ်ပြောနေတာပါ ... ကျွန်မတို့ချင်း လုပ်ငန်းတူလည်း မဟုတ်ပါဘူး၊





မိတ်ဆွေဖြစ်ဖို့လည်း ဘာအကြောင်းမှ မရှိပါဘူး၊ ရှင့်ရဲ့ အရှိန်အဝါ တစ်စုံတစ်ခုကို မျှော်ကိုးပြီး ရှင့်ကို ဆက်ဆံတဲ့ သူတွေထဲမှာလည်း ကျွန်မ မပါဘူးဆိုတာ ရှင် သိထားပါ"

တေးက သူဘာမှ ထပ်မပြောနိုင်ခင်မှာ ပြန်လှည့်လာလိုက်ပါသည်။ တေးရဲ့ မထင်မှတ်တဲ့ ဆက်ဆံမှုကို သူ အတော်လေးတော့ မှင်သက်သွားပုံရရဲ့။ တေး အိမ်ထဲ ဝင်လာခဲ့ပြီး အတော်ကြာကြာအထိ သူ့ကားက ခြံထဲက ထွက်မသွားသေး။ နောက်တော့မှ ကား စက်နှိုးပြီး ထွက်သွားသံကို ကြားရသည်။ တေးသည် တစ်သက်လုံး အခုလို မျက်နှာမြောင်တိုက်ပြီး ခပ်ကြမ်းကြမ်း မပြောဘူးတာရော၊ ဘာကြောင့်မှန်း မသိသည့် ခံစားချက် တစ်ခုကြောင့်ပါ၊ ရင်ထဲ မောလျှ၍ နေလေသည်။

စနေသား ဖြစ်ပေမယ့် တည်ခန့်နိုင် စိတ်တိုစိတ်ဆိုးခြင်းကို တပည့်တွေ အင်မတန်မှ ကြုံရခဲပါသည်။ အလုပ်မှာ တစ်ခုခု အလိုမကျ ဖြစ်ရင်တောင် တစ်ခွန်းနှစ်ခွန်းလောက် ပေါက်ကွဲရုံနဲ့ ပြီးသွားတတ်တာ။ သူ့ စိတ်တိုတာကို ထူးထူးခြားခြား ကြုံဖူးကြသူ နည်းသည်။ ဆောက်လက်စ ဟိုတယ်ကို တစ်ဝက်လောက်ပြီးမှ ဖောင်ဒေးရှင်းက အတွက်အချက်များလို့ဆိုပြီး ပြန်ဖျက်လိုက်ရတုန်းကတောင် တာဝန်ခံ အင်ဂျင်နီယာတွေကို စိတ်မတို။ 'နောက်တစ်ခါဆိုရင်တော့ မင်းတို့လစာနဲ့ ဆောက်ရမှာနော်' ဆိုပြီး တစ်ခွန်းပြောရုံသာ။

ဒီနေ့တော့ ရန်ကင်း ဘောက်ထော်ဘက်က အိမ်ရာ





စီမံကိန်း တစ်ခုကို သွားပြီး အပြန်ကျတော့ ဇော်မိုးတို့ကို အရင်ပြန်နှင့်ခိုင်းသည်။ နေ့ခင်းပိုင်း Hotel King Yangon မှာ ဝန်ထမ်းတွေ အားလုံးနဲ့ တွေ့ဆုံမိတ်ဆက်ပွဲလည်း ရှိတာကြောင့် ဇော်မိုးကို ဟိုတယ် ပြန်ရောက်တာနဲ့ ပြင်ဆင်စရာ ရှိတာတွေ ပြင်ဆင်ထားကာ စောင့်စေသည်။ သူတို့ရဲ့ TKN Group of Companies (တီကေအမ် ကုမ္ပဏီများ) ရဲ့ ရုံးချုပ်ကိုလည်း Hotel King Yangon မှာပဲ တတိယထပ်နဲ့ စတုတ္ထထပ် နှစ်ထပ်စလုံးမှာ ပြောင်းပြီး ဖွင့်ထားပြီးဖြစ်ပါသည်။

ဆယ့်နှစ်နာရီခွဲလောက်မှာတော့ ကားကို ဝုန်းဒိုင်းကျဲ မောင်းလျက် တည်ခန့်နိုင် ပြန်ရောက်လာပါသည်။ ကားကို မြေအောက်ထပ် ကားပါကင်ထဲ တန်းမောင်းဝင်သွားကာ ပါကင် သွင်းရင်းနဲ့ တိုင်တစ်တိုင်ကို ဝင်ဆောင့်လိုက်သတဲ့။ ကိုယ့်ဆရာဟာ ဘယ်လောက် အကြမ်းပတမ်း မောင်းမောင်း အကျဉ်းအကျပ်ထဲမှာပဲ မောင်းမောင်း ကားမောင်းရာမှာ

တိကျပြီး အတိုက်အခိုက် မရှိတတ်တာ ဇော်မိုး အသိဆုံး။ မရှောင်နိုင်လို့ တိုက်တာတော့ မဖြစ်နိုင်၊ တမင်သက်သက် စိတ်ပေါက်ပေါက်နဲ့ တိုက်ပစ်ခဲ့တာသာ ဖြစ်မည်။

မြေအောက်ထပ်က အစောင့်တာဝန်ခံက လန့်လန့်ဖျပ်ဖျပ်နှင့် ဇော်မိုးကို ချက်ချင်း လှမ်းသတင်းပို့သည်။ တစ်ခုခုတော့ စိတ်အလိုမကျ ဖြစ်လာခဲ့ပြီဆိုတာ နားလည်လျက် ရောက်လာရင် စိတ်မတွေ့နိုင်မည့် ကိစ္စတွေအားလုံးကို ကြိုပြီး ပြင်ဆင်ထားရသည်။

Lift နဲ့ တက်မလာဘဲ ရိုးရိုးလှေကားနဲ့ပဲ တစ်ထပ်ပြီး တစ်ထပ် တက်လာကာ တစ်ထပ်ရောက်တိုင်း Staff တွေကို အပြစ်တစ်ခုရှာကြံပြီး ဟောက်သွားသတဲ့။ ချက်ချင်းပင် တစ်ယောက်ပြီး တစ်ယောက် ဇော်မိုးကို လှမ်းပြီးသတင်းပို့ပါသည်။ ရုံးခန်းရှိရာ စတုတ္ထထပ်ကို ရောက်လာပြီလည်း ဆိုရော ဇော်မိုးသည် ယောင်ယမ်း၍ အသက်အောင့်ထားမိမတတ်။





ဝုန်းခနဲ ရုံးခန်းတံခါး ပွင့်လာသည်နှင့် ဇော်မိုးက အသင့်အနေအထားနှင့် မတ်တတ်ရပ်ပြီးသား ဖြစ်နေသည်။ သူက ဇော်မိုးကို တစ်ချက်ကြည့်ကာ ...

"မင်းကလည်း မျောက်သေ်ရုပ် လုပ်မနေနဲ့၊ ငါ (...) မှပဲ ... သွား ... ဒီနေ့ တွေ့ဆုံပွဲလည်း မလုပ်တော့ဘူး ... ရှိတဲ့ အပွိုင့်မင့်တွေလည်း အကုန်လုံး ဖျက်လိုက်တော့ ..."

"ဟုတ်ကဲ့ ... အစ်ကို"

တစ်ယောက်တည်း နေပါစေတော့လို့ သဘောထားကာ အခန်းအပြင်ကို ထွက်ဖို့ လုပ်ပြန်တော့လည်း ...

"မင်းက ဘယ်သွားဦးမလို့လဲ ..."

"တွေ့ဆုံပွဲ မလုပ်ဖြစ်တော့တာ သွားပြောမလို့ပါ အစ်ကို ..."

"ဒီကနေ လှမ်းပြောလို့ မရတဲ့ ကိစ္စလား ... ဟုတ်လား ဘာလဲ ... မင်းက ငါ့အနားမှာ မနေချင်ဘူးလား ..."

"မဟုတ် … မဟုတ်ပါဘူး အစ်ကို … အစ်ကို တစ်ယောက်တည်း အေးအေး ဆေးဆေး နေချင်မလား လို့ပါ"

"မလိုပါဘူး … မလိုအပ်ဘဲ တုန်လှုပ်မနေနဲ့ … ဒီက နေပဲ အားလုံး လှမ်းပြောထားလိုက် …"

"ဟုတ် …"

သူ့အခန်းထဲကနေပဲ တာဝန်ခံတွေကို ဖုန်းနဲ့လှမ်းပြီး အကြောင်းကြားရသည်။ ပြီးတော့ အလုပ်ကိစ္စအတွက် ကြိုတင် ချိန်းထားတဲ့ အပွင့်မင့် တချို့ကို လှမ်းပြီး တောင်းပန်ကာ ရက်ရွှေ့ရသည်။ ကိုယ့်ဆရာ ဘာတွေများ စိတ်တိုစရာ ကြုံ လာပါလိမ့်။ ပေါ့သေးသေးတော့ မဖြစ်နိုင်။ ကိုယ့်ဆရာက တော်ရုံပြဿနာဆိုရင် ခေါင်းထဲကို ထည့်မထားဘဲ ချက်ချင်း ဖြေရှင်းခဲ့သူ။ အလုပ်ကိစ္စတွေနဲ့ ပတ်သက်လို့လည်း ဇော်မိုး သိသလောက်တော့ ဆရာ့မှာ စိတ်ရှုပ်ရာ မဖြစ်လောက်ပါ။ ရေကြီးတဲ့နှစ်က ပုစွန်ကန်တွေ အများကြီး ဆုံးရှုံးတဲ့သတင်း





ကြားတုန်းကဆိုရင် ဘီယာသောက်မပျက်။ 'ဘေးမဲ့လွှတ်လိုက် တယ် သဘောထားရင် ကုသိုလ်တောင်ရသေးတယ်' ဘာညာ လုပ်နေသေးတာ။

ဇော်မိုး ဖုန်းတစ်ခုပြီးတစ်ခု လှည့်ခေါ်ကာ အကြောင်း ကြားနေတုန်း သူက ရုံးခန်းထဲက ရေခဲသေတ္တာထဲမှာ အဆင် သင့် ရှိနေသော ဝီစကီ ပုလင်းထဲကနေ တစ်ပက်လောက်ကို ရေမရောဘဲ ဒီအတိုင်း မော့ချလိုက်သည်။ "ရှင့်ကို နောက် တစ်ကြိမ် အခုလို ဆက်ဆံမှာ မဟုတ်ဘူး" တဲ့။ သူ့ကိုဆို ရင် စကားတစ်ခွန်းပြောဖို့ပင် ဝန်လေးတတ်သော သူမက ဒီတစ်ခါတော့ စကားတွေ အများကြီး ပြောခဲ့တာ။ ပြောခဲ့တာ တွေကလည်း သူ့အတွက် ကြည်နူးစရာ စကားတွေ မဟုတ်။ ခါတိုင်း တွေ့ရတတ်တဲ့ အားနာမှုစွက်သော မျက်ဝန်းတွေ ဘယ်ဆီကို ရောက်ကုန်ပြီ မသိ။

ကိုယ်ဟာ အဲဒီလောက်ပဲ ငွေကြေးနေဂုဏ် မောက်ပြီး မိန်းကလေးတွေနဲ့ ပတ်သက်ရင် နာမည်ကောင်း မရှိတဲ့ သူ

ဖြစ်နေခဲ့ပြီလား။ ရိုးရိုးသားသား မိန်းကလေး တစ်ယောက်နဲ့ မပတ်သက်သင့်တဲ့ သူလား။ ကိုယ့်အမျိုးသမီးနဲ့ တရားဝင် ကွာရှင်းခွဲခွာခဲ့ကြတာလည်း (၆) နှစ်နီးပါး ရှိတော့မည်။ တစ်ခုလပ် တစ်ယောက် ဆိုပေမယ့် မိန်းမတစ်ယောက်ကို ပြဿနာ ဖြစ်စေမယ့် လူတစ်ယောက်တော့ မဟုတ်ပါ။ မိုးနဲ့ သူ ခွဲခွာခဲ့ကြခြင်းသည် သူ့ဘက်က အိမ်ထောင်ရေး ဖောက် ပြန်မှုကြောင့် မဟုတ်ဘူးဆိုတာ သူ ရဲရဲကြီး အာမခံရဲပါရဲ့။ မိုးနဲ့ ကွဲကွာခဲ့ပြီးနောက်ပိုင်း အပျော်တွဲ မိန်းကလေးများသာ သူ့မှာ ရှိခဲ့သည်။

ချစ်သူအဖြစ် တွဲခဲ့ကြပေမယ့် သူတို့ထဲက ဘယ်သူ့ကိုမှ လက်ထပ်ဖို့ သူ စိတ်မကူး။ သူတို့ကလည်း သူ့သဘောထား ကို လက်ခံကြပါသည်။ ဘယ်မိန်းကလေးကတော့ဖြင့် ဦးတည် ခန့်နိုင်ကြောင့် ဘာဖြစ်သွားတယ်ဆိုတဲ့ မကောင်းသတင်းမျိုး လည်း သူ့ရာဇဝင်မှာ လုံးဝမရှိ။

သူမကတော့ဖြင့် သူ့ကို မကောင်းဆိုးဝါး တစ်ကောင်





လို ခါးခါးသီးသီးပဲ ကြောက်ရွံ့လှပုံ။ အဲဒီမိန်းမကိုမှ သူက လည်း စွဲစွဲလမ်းလမ်း မြတ်နိုးမိသွားရပြန်သတဲ့။

ကဲ ... လောကကြီးဟာ ရယ်စရာ မကောင်းလှဘူးလား။

သူမရဲ့ ခါးသီးမှုကို သိရချိန်မှာ ကိုယ့်ရင်က အချစ်ကို လည်း ကိုယ် အသေအချာ သိသွားခဲ့ရသည်။

"ဖော်မိုး ... ပဒုမ္မာ့ကို ခေါ်လိုက် ... အခု လာခဲ့လို့ ..."

ဖော်မိုးက အံ့ဩသလိုနှင့် သူ့ကို တစ်ချက်ကြည့်သည်။ ဘာမှတော့ စောဒက မတက်ဘဲ ချက်ချင်းပင် ပဒုမ္မာ့ကို လှမ်းခေါ်ပါသည်။

ပဒုမ္မာ မရောက်လာမချင်း အခန်းထဲတွင် တိတ်ဆိတ် သွားပြန်သည်။ မိနစ်ပိုင်းအတွင်းမှာပင် ပဒုမ္မာ ရောက်လာခဲ့ ပါသည်။

အပိုင်း (၂၆)

# ၄။

ယောကျ်ားတစ်ယောက်ရဲ့ စိတ်သဘောထား၊ အထူးသဖြင့်တော့ တည်ခန့်နိုင်ဆိုတဲ့ လူတစ်ယောက်ရဲ့ အတွင်းစိတ်သဘောထားကို ခန့်မှန်းဖို့ ခက်ခဲလှမှန်းကို တေး သိလိုက်ရချိန်က နောက်ကျနေခဲ့ပါသည်။ ယောကျ်ားတစ်ယောက်ဟာ သူ့မာနကို ထိခိုက်စေတဲ့ စကားတွေကို ဆိုခဲ့တဲ့ မိန်းမကို လက်ထပ်ဖို့အတွက် နည်းမျိုးစုံနဲ့ ကြိုးပမ်းလိမ့်မယ်ဆိုတာ

တေး နည်းနည်းမှ သံသယ မဖြစ်မိခဲ့။ တေးကိုယ်တိုင်က လည်း ရိုးသားပြီး စိတ်ရှင်းလွန်းတာ ဖြစ်ပါလိမ့်မည်။

သူ တေးအပေါ်မှာ စိတ်ဝင်စားမှု ရှိနေမှန်းကို တစ်စွန်းတစ်စ အကဲခတ်မိချိန်မှာ တေး အထိတ်တလန့်နဲ့ ကြောက်ကန် ကန်ထားမိခဲ့တာ။ တေးရဲ့ စကားတွေအတွက် သူ နာကျင်ပြီး နောက်ဆုတ်သွားစေဖို့သာ တေး ရည်ရွယ်မိခဲ့တာ ဖြစ်သည်။ ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်နေခဲ့ပြီဆိုတာကို တော့ တေး နောက်ဆုတ်ဖို့ လမ်းမရှိအောင် သူ ဖန်တီးပြီး ချိန်မှာမှ တေး သိခဲ့ရလေသည်။

"သိန်းသုံးရာဆု ပေါက်တယ်လို့ သတင်းကြားရင်တောင် ဒီလောက် မအံ့ဩဘူး ... အခုတော့ အရမ်းအံ့ဩတာပဲ ... ရှင် တကယ်ပဲ ဦးတည်ခန့်နိုင်ကို လက်ထပ်ရတော့ မယ်ပေါ့ ... ကောင်းပါတယ် တေးရယ် ... ကျုပ် တကယ် ဝမ်းသာတယ်"

ဇာခြည် မပြောနဲ့၊ ကာယကံရှင် တေးကိုယ်တိုင်တောင်





အိပ်မက်က နိုးထလာသူလို့ ယောင်ဝါးဝါး ဖြစ်နေတုန်း။ တစ်လခွဲဆိုတဲ့ ကာလတိုလေးအတွင်းမှာ အဘိုးနဲ့ အဘွားရဲ့ ယုံကြည်မှု (သူတို့မြေးမလေးကို သူ့လက်ထဲ စိတ်ချလက်ချ အပ်ထားခဲ့ချင်လောက်တဲ့ ယုံကြည်မှု) ကို ရရှိအောင် သူ ဘယ်လိုများ ကြိုးစားခဲ့ပါလိမ့်။ တေးဟာ အဘိုး၊ အဘွားရဲ့ စကားကို မြေဝယ်မကျ နားထောင်တဲ့သူမှန်းလည်း တေးရဲ့ အားနည်းချက်တွေကို သူသိထားခဲ့ပြန်သည်။

ဘိုးဘိုးက သူ့ကို အိမ်ထောင်ချပေးချင်တယ် ပြောတော့ တေးအတွက် ရည်ရွယ်ထားသူဟာ သူဖြစ်လိမ့်မယ်ဆိုတာ တေး နည်းနည်းမှ မတွေးမိခဲ့။ တေး မရှိချိန်တွေမှာ သူ အိမ်ကို ဝင်ထွက်နေတယ်ဆိုတာ မရွှေခိခိကတောင်မှ တေးကို ဖုံးကွယ်ထားခဲ့သေးသတဲ့။ တေးရဲ့ အိမ်မှာ ရှိစုရှိမဲ့ အိမ်သား လေးယောက်လေးသာ ရှိတဲ့ကြားထဲ ကျန်တဲ့ သုံးယောက်ဟာ သူ့ဘက်တော်သားတွေချည်း ဖြစ်နေလေသောအခါ တေး ဘာတတ်နိုင်ပါတော့မှာတဲ့လဲ။

တေးလို သာမန် မိန်းကလေး တစ်ယောက်အပေါ်မှာ သူ တစ်သက်တာ လက်တွဲဖို့အထိ ဆုံးဖြတ်ခြင်းအတွက် တော့ တေး မယုံတစ်ဝက် ယုံတစ်ဝက် ရှိနေမိတုန်း။ တကယ်ပဲလား ...။ ဦးတည်ခန့်နိုင်မှာ တွဲရုံတွဲပြီး လက်ထပ်တဲ့ အခြေအနေ မရောက်ခဲ့သော မိန်းကလေးတွေ အများကြီး ရှိတာ တေး သိထားသည်။ အဲဒီလို သိထားလို့လည်း သူ့ကို တေး မပတ်သက်ချင်ခဲ့တာပါ။ တေးရဲ့ သူငယ်ချင်း အရင်း ခေါက်ခေါက် ပဒုမ္မာနဲ့တောင် သိပ်မရှင်းလှဘူးလို့ တေးက ထင်ပါသည်။

ပဒုမ္မာကတော့ စိတ်ထဲမှာ ဘယ်လိုရှိမယ် မသိပေမယ့် ဝတ္တရား ကျေသလောက်မျိုးတော့ တေးကို လှမ်းပြီး ကွန်ကရက် ကျူလီတ် လုပ်ခဲ့သည်။ သူ့ကို ချက်ချင်းကြီး လက်ခံလိုက်တဲ့ အတွက် တေးကို သိပ်လွယ်လွန်းတယ်လို့ ထင်ကြမလား တော့မသိ။ တေးအတွက်ကတော့ တကယ့်ကို ကျဉ်းထဲကျပ်ထဲ ရောက်သွားရတာကြောင့် လက်ခံခဲ့ရတာပါ။ အနုနည်းနဲ့ ချောင်ပိတ်ခံရတာ ဖြစ်သည်။





ညနေကျရင် မောင်တည်ခန့်နိုင် လာလိမ့်မယ်နော် သမီး ... လို့ ဘိုးဘိုးက သာမန်လောက်ပဲ ပြောထားတာ။ သူ တကယ်တမ်း ရောက်လာတော့ လူကြီးစုံရာနှင့် ဖြစ်နေသည်။ သူ့မိဘတွေ မရှိတော့တာကြောင့် သူ့ မိဘကိုယ်စား သမီးတောင်းပေးသူတွေသည် တကယ့် ရာထူးဂုဏ်ရှိန် မြင့်မြင့်မားမား လူကြီးလူကောင်းတွေ။ တေးလို သာမန် မိန်းကလေး တစ်ယောက်အနေနဲ့ ဘယ်လိုမှ ယောင်လို့တောင် ဆက်စပ်လို့ မရသော မြင့်မားလှသည့် သူတွေ။ တေးကို အကျပ်ကိုင်ရက်သော သူ့ကို စိတ်ထဲမှာ အကြိမ်ကြိမ် မကျေမနပ် ရေရွတ်နေမိပေမယ့် တေးရဲ့ မျက်နှာကိုတော့ ပြုံးထားရတာ ပါးတွေတောင် ညောင်းရဲ့။ သူ့မျက်နှာ တစ်ခုတည်းနဲ့ဆိုရင်တော့ တေးက ဝုန်းဒိုင်းကျဲကာ ခါးခါးသီးသီး ငြင်းဆန် ပြေးထွက်သွားဖြစ်မည် ထင်ပါသည်။ လူကြီးတွေရဲ့ မျက်နှာကို ထောက်ထားနေရတာရယ်၊ အဘိုးနဲ့ အဘွား မျက်နှာရယ် သာ မရှိရင် သူ့ကို တေး ဘယ်လောက်ထိအောင်များ နစ်နစ်နာနာ ပြောဖြစ်မည် မသိ။

အခုတော့ သူက စီးပွားရေးလုပ်ငန်းရှင်ကောင်း တစ်ယောက် ပီသစွာ သူ့ အလိုရှိရာကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နဲ့ ပိုင်ပိုင်နိုင်နိုင် ရအောင် ဖန်တီးနိုင်ခဲ့တာ။ တေး ဘယ်လိုပဲ ခါးခါးသီးသီး ဖြစ်ဖြစ် နောက်ဆုံးတော့ မေချိုတေးသည် တည်ခန့်နိုင်ရဲ့ သတို့သမီး ဖြစ်ရတာပဲ ဖြစ်သည်။

"တေး သူ့ကို မချစ်ဘူး ဘွားဘွား ... မုန်းတော့ မမုန်းပါဘူး ... ချစ်လည်း မချစ်, မုန်းလည်း မမုန်းဘူး ... ကြောက်တော့ ကြောက်တယ် ... သူ့ရဲ့ အရှိန်အဝါကြီးကို တေး အလိုလို လန့်နေမိတယ် ... သူဟာ အဖက်ဖက်က ငြင်းစရာ မရှိတဲ့ လူတစ်ယောက်ဆိုတာတော့ တေး သိပါတယ်၊ ဒါပေမယ့် တေးနဲ့ သူက အခြေအနေချင်း ကွာလွန်းပါတယ် ဘွားဘွားရယ်"

ငြင်းလို့ မရတော့စဲ့ အဆုံးမှာ တေး နည်းနည်းတော့ စောဒက တက်ဖြစ်အောင် တက်လိုက်ပါသေးသည်။





"မိန်းမသားဆိုတာကတော့ ချစ်ချစ်, မချစ်ချစ် ကိုယ့်ခင်ပွန်း ဖြစ်လာခဲ့ပြီဆိုရင်တော့ တဖြည်းဖြည်းနဲ့ သံယောဇဉ် တွယ်သွားရတာပါပဲ သမီးရယ် ... ဘွားဘွားနဲ့ ဘိုးဘိုးနဲ့လည်း မေတ္တာမျှပြီး လက်ထပ်ခဲ့ကြတာမှ မဟုတ်ဘဲ ... အခုတော့လည်း တစ်ယောက် မရှိရင် တစ်ယောက် မနေတတ်ကြဘူး မဟုတ်လား"

လူကြီးတွေရဲ့ အစီအမံကို နာခံပြီး အောင်မြင်တဲ့ အိမ်ထောင်ရေး ဖြစ်ခဲ့တဲ့ သာဓကကိုက တေး ဘယ်လိုမှ ငြင်းမရနိုင်အောင် တေး မျက်စိရှေ့မှာ ရှိနေတော့ တေး ဘာမှ မတတ်နိုင်။

တကယ်လို့များ တေးရဲ့ ကား မပျက်ခဲ့ဘူးဆိုရင် ...

သူ့ကားကို တားပြီး အကူအညီ မတောင်းမိခဲ့ဘူး ဆိုရင် ...

သူနဲ့ တေး ဆုံခဲ့ကြမှာ မဟုတ်။ အခုလို အခြေအနေလည်း ရှိလာမှာမဟုတ်။ အဲဒါဆိုရင် ဘယ်လောက် ကောင်းလိမ့်မလဲ။

စ,ပြီး ဆုံကြကတည်းက သူဟာ အရှိန်အဝါကြီး တစ်ခုနဲ့ တေးကို ကြောက်ရွံ့စေခဲ့တာ။ သူ့ မျက်ဝန်းတွေက ရင်မဆိုင်ရဲအောင်ကို စူးရှတောက်ပလွန်းတာ ဖြစ်သည်။ အခုတော့ အဲဒီ လူတစ်ယောက်ဟာ တေးကို ချစ်သတဲ့။ လက်ထပ်မတဲ့။ သူ့မျက်ဝန်းတွေကို ဘယ်လိုရင်ဆိုင်ကြည့်ရမယ်တောင် မသိနိုင်ခင်မှာ တေးက သူ့ဇနီး ဖြစ်ရတော့မည်။

တေးရဲ့ အဖြစ်ဟာ ရယ်စရာမကောင်းလွန်းဘူးလား။

ဝမ်းပန်းတနည်းနဲ့ ငိုရှိုက်မယ်ဆိုရင်လည်း ငိုလို့ရသော အဖြစ်မျိုး ဖြစ်လေသည်။





ဆယ့်တစ်နာရီနဲ့ သုံးဆယ်မိနစ်ကို ညွှန်ပြနေသော နာရီလက်တံတွေက တေးကို ခြောက်လှန့်နေသလား ထင်ရပါသည်။ ကိုယ့်ရဲ့ လက်တွေ့ဘဝကို တေး ရင်မဆိုင်ချင်လို့ မရတော့။ တေးသည် ဒီမနက်မှာပဲ တရားသူကြီးရဲ့ ရှေ့မှောက်မှာ လက်မှတ်ထိုးလို့ လူတစ်ယောက်ရဲ့ လက်ထဲ ကိုယ့်ဘဝ တစ်ခုလုံးကို အပ်နှံပြီးပြီ။ တစ်နေ့ခင်းလုံးနဲ့ ညနေခင်း တစ်ခုလုံးလည်း မင်္ဂလာဧည့်ခံပွဲတွေ တစ်လျှောက်လုံး မျက်နှာဖုံး တပ်ထားသလို အပြုံးတစ်ခုတည်းကို ပြုံးခဲ့ရတာကြောင့် နှုတ်ခမ်းတွေတောင် ပုံသေဖြစ်နေခဲ့သလိုပင်။

သိပ်ကို ကံကောင်းသော မိန်းမတစ်ယောက်အဖြစ်

ဧည့်ပရိသတ် အပေါင်း၏ အံ့ဩချီးကျူးသံတွေ ကြားရသော အခါ တေးသည် ကိုယ့်ကိုယ်ကိုပင် ရယ်ချင်လှရဲ့။ ဘယ်လို ဆွဲဆောင်မှုတွေ ရှိလို့များ ဦးတည်ခန့်နိုင် တစ်ယောက် တမ်းတမ်းစွဲ ဖြစ်သွားခဲ့ရတာလဲတဲ့။ အလှပဂေးစာရင်း မဝင် လှသော တေးရဲ့ သာမန်ထက် သာရုံသာ လှသည့် မျက်နှာကို လည်း သူတို့ ဝေဖန်ချင်ပုံပါ။

အင်းပေါ့လေ ... ခင်ဇလပ်ဖြူ ဆိုတဲ့ မိန်းမတစ်ယောက် လိုတော့ မေချိုတေး ဘယ်လှပါ့မလဲ။ သာမန် အိမ်လေးတစ် လုံး၊ ကားလေးတစ်စီးနဲ့ စီးပွားရေး အသေးစားလေး တစ်ခုနဲ့ သူလိုငါလို မိန်းမတစ်ယောက်ဟာ ပစ္စည်းဥစ္စာမှာလည်း တည်ခန့်နိုင် အနားက တခြား မိန်းကလေးတွေနဲ့ မယှဉ်နိုင် ပါ။ သူ့စိတ်ထဲက ဘယ်လို စိတ်ကူးမျိုးနဲ့ တေးကို လက်ထပ် ခဲ့သလဲ ဆိုတာကတော့ သူကိုယ်တိုင်ပဲ သိပါလိမ့်မည်။

ကျေကျေနပ်နပ် လှိုက်လှိုက်လှဲလှဲ လက်ထပ်ခဲ့တာ မဟုတ်ပေမယ့် ဧည့်ခံပွဲတွေ တစ်လျှောက်လုံးမှာ တေး





အလိုက်သင့် နေပေးခဲ့နိုင်ပါသည်။ မနက်ပိုင်းမှာ တရားရုံး ချုပ်ကို သွားပြီး တရားသူကြီးချုပ် ရှေ့မှာ လက်မှတ်ထိုး လက်ထပ်ပြီး ဧည့်ခံပွဲတွေကို ဆက်တိုက် ဧည့်ခံကြရသည်။ သူ့မိတ်ဆွေ အသိုက်အဝန်းက များလွန်းတာကြောင့် ဟိုတယ် သုံးခုမှာ အချိန်သုံးချိန်ခွဲပြီး ဧည့်ခံရတာ ဖြစ်သည်။ မင်္ဂလာ အခါတော်ပေးနဲ့ ပွဲထုတ်တဲ့ ဧည့်ခံပွဲမျိုးတော့ မဟုတ်ပါ။ တေးမှာ မိတ်ကပ်တွေ ဆံထုံးတွေနှင့် ဟိုတယ်တစ်ခု ကူးတိုင်း လည်း ဝတ်စုံတစ်စုံ လဲရသေးသည်။ ခေါင်းတစ်ခုလုံး ကျပ်တည်းအုံ့ခဲနေကာ ရင်ထဲမှာ မွန်းကျပ်နေသည်။

လက်ဖဝါးလေး တစ်ခုလုံးလည်း ဧည့်ခံပွဲ အချိန်တွေ တစ်လျှောက်လုံး သူ မလွှတ်တမ်း ဆုပ်ကိုင်ထားခဲ့တာကြောင့် လက်အံသေသလိုတောင် ဖြစ်နေခဲ့ပြီ။ ရုန်းထွက်လို့ မရလောက် အောင် သူ့လက်ဖဝါးတွေက မြဲမြံလွန်းလှလေသည်။

ညဘက်ကျတော့ သူ့ရဲ့ Hotel King Yangon မှာ ဒင်နာပေးသေးသည်။ ဒင်နာမှာတော့ တေး ဘယ်လိုမှ

မဟန်နိုင်တော့။ သူ့လက်တွဲပြီးတော့လည်း မလိုက်နိုင်တော့။ ဝိုင်းတစ်ဝိုင်းမှာ နှုတ်ဆက်ရင်း ခဏ ဝင်ထိုင်နေရတဲ့အထိ တေး ခြေထောက်တွေ ညောင်းညာနေခဲ့ပြီ။ လူရင်းတွေချည်း ပွဲမို့လည်း နေသာသလို နေလို့ရတာပါ။ သူလည်း တေး အဖြစ်ကို ရိပ်မိသွားပုံနှင့် သိပ်ညဥ့်နက်မနေဘဲ စောစော အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်ပုံ ရပါသည်။

စောစောဆိုတာတောင် ဆယ့်တစ်နာရီခွဲနေပါပြီ။ အားလုံးကို နှုတ်ဆက်ကာ တေးတို့နေမယ့် အိမ်ကို ပြန်လာတော့မှ တေးနဲ့သူ ပထမဦးဆုံး နှစ်ယောက်တည်း ဆုံရတာ ဖြစ်သည်။ လက်မထပ်ခင် တစ်လျှောက်လုံးမှာ မင်္ဂလာကိစ္စတွေအတွက် သူ တေးကို လာခေါ်ချိန်တိုင်းမှာ ဇော်မိုး အမြဲတမ်း ပါ ပါ သည်။ သူကိုယ်တိုင် ကားမောင်း မလာပါ။ ဒီနေ့မှ ထူးထူး ဆန်းဆန်း သူ ကားမောင်းသည်။

တေးအတွက်ကတော့ သူမောင်းတဲ့ ကားကို ပထမဆုံး အကြိမ် စီးဖူးတာပါပဲ။ မောင်းသူ့ဘေးက ခုံမှာ မလှုပ်မယှက်





ထိုင်ရင်း တေးသည် သူ့ဘက်ကို စောင်းငဲ့၍ပင် မကြည့်ရဲ။ ညဥ့်နက်ပြီမို့ ပြည်လမ်းမ တစ်လျှောက်လုံးမှာ ကားရှင်း၍ နေပါပြီ။ သူက ကားကို ခပ်မှန်မှန်ပင် မောင်းလာရင်း ...

"ဘာတွေ စဉ်းစားနေတာလဲ ချစ်တေး ..."

ချစ်တေးဆိုသော သူ့အခေါ်အဝေါ်ကို တေးက တမင် မသိချင်ယောင် ဆောင်နေလိုက်သည်။

"ဟင့်အင်း ... ဘာမှ မစဉ်းစားပါဘူး"

"မဖြစ်နိုင်ပါဘူး ... ချစ်တေး မျက်လုံးတွေက တစ်ခုခု ကို တွေးနေတယ်ဆိုတာ သိသာတယ်"

လူကဲခတ် တော်လှချည်လား။ တေး သူ့ကို မချစ်ဘူး ဆိုတာကိုရော သူ အကဲ မခတ်မိဘူးလား။ တမင်သက်သက်ကို မသိချင်ယောင် ဆောင်နေတာပဲ ဖြစ်မှာပေါ့။

"ပြောလေ ချစ်တေး ... ကိုယ် သိခွင့် မရှိဘူးလား"

"သိခွင့် ရှိပါတယ် ... ဦးတည်ခန့်နိုင် မောင်းတဲ့ကားကို တေး စီးဖူးတာ ဒါ ပထမဆုံးအကြိမ်လို့ တွေးမိလို့ပါ"

သူက ဟက်ခနဲရယ်သည်။

“အင်း … ဟုတ်သားပဲနော်၊ ကိုယ်က ချစ်တေးဆီလာတိုင်း ကားမှ မမောင်းဘဲ၊ ကိုယ်က အလုပ်များတော့ အတွေးများတယ် ချစ်တေးရဲ့၊ အတွေးများတော့ အန္တရာယ်များတယ်လေ … သွားလေရာ ဖော်မိုးကလည်း ပါနေတော့ သူ့ကိုပဲ မောင်းခိုင်းလိုက်တော့တာ … မှတ်မှတ်ရရ ချစ်တေးတို့ အိမ်ကို ကိုယ် ပထမဆုံး အလည်လာတဲ့ အခေါက်တုန်းကတော့ ကိုယ်တိုင်မောင်းတယ်လေ”

ဟုတ်ပေသားပဲ။

တေးက မေ့နေတာ။ ကား တံခါးဖွင့်နေတုန်းမှာပဲ တေး အားမနာတမ်း စကားတွေ ပြောခဲ့သေးတာကို။ ရုတ်တရက် တွေ့ကြုံရတဲ့ ကိစ္စတွေနဲ့ ထူပူပြီး စိတ်ရှုပ် မွန်းကျပ်နေခဲ့တာမို့ တေး မမှတ်ထားမိတာ။

“အဲဒီနေ့က ကိုယ်ပြန်သွားတော့ ဘာဖြစ်လဲ … ချစ်တေးသိလား”





“ဟင့်အင်း …”

“ကိုယ် ကား အက်ဆီးဒင့် ဖြစ်တယ်လေ …”

တေး ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရကာ သူ့ကို ကြည့်လိုက်မိသည်။ တေး မသိခဲ့ရပါလား။ အဲဒီကားအနက်ကြီးကို သူ မစီးပြန်တာကိုတော့ တေး သတိထားမိသည်။ ကားတွေများသူမို့ ကား ပြောင်းစီးတယ်လို့ပဲ ထင်ထားတာပါ။

သူ ဘာတွေများ ဖြစ်သွားသေးလဲ။ အခုတော့ ဘာဒဏ်ရာမှ မတွေ့တော့ပါ။ စိတ်ပူသွားပေမယ့် တေး နှုတ်က ထုတ်မမေးမိပြန်။ သူက တေး စိတ်ထဲက အကြောင်းအရာတွေကို သိနေပုံနှင့် …

“ကံကောင်းပါတယ် … ကိုယ် ဘာမှမဖြစ်ပါဘူး … ကိုယ့်စိတ်က ကားဆီမှာ မရှိဘူးလေ၊ ချစ်တေးဆီမှာပဲ ကျန်ခဲ့တယ် … ချစ်တေး ကိုယ့်ကို မပတ်သက်ချင်အောင်၊ စိတ်ရှုပ်အောင်များ ကိုယ်လုပ်ခဲ့မိပြီလားဆိုပြီး ကိုယ့်ကိုယ်ကို စိတ်ဆိုး ဒေါသထွက်နေမိတာ”

တေး အခုမှ သက်ပြင်းချနိုင်သည်။

သူက ကားကို အချက်ပြကာ လမ်းဘေးတွင် ရုတ်တရက် ကပ်ရပ်လိုက်သည်။ ရန်ကုန်မြို့ကြီးကတော့ အိပ်ပျော်စ ပြုနေပါပြီ။ တစ်စီးတလေကလွဲရင် လမ်းပေါ်မှာ ကားတွေ မရှိသလောက် ရှင်းလို့နေသည်။

သူ ဝတ်ထားသော ကုတ်အင်္ကျီနုံ့သာရောင် ရင့်ရင့်၏ အိတ်ကပ်ထဲမှ ကတ္တီပါဘူး နီနီရဲရဲလေးကို သူ အသာထုတ်ယူသည်။ တေး သူ့ကို ဒီအတိုင်း ကြည့်နေမိဆဲ ...။ သူက လည်ချောင်းရှင်းသလို ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ချစ်တေးကို ကိုယ် လက်ဆောင်တစ်ခု ပေးချင်လို့ ... တကယ်တော့ ဒီလက်ဆောင်လေးကို ကိုယ့်ဒီတစ်သက် ချစ်တေးကို ပေးခွင့်ရပါ့မလားလို့ ကိုယ်ထင်ထားခဲ့တာပါ"

သူက တေးဘက်ကို အနည်းငယ် ငုံ့ကိုင်းလိုက်ကာ ဘူးလေးကို ဖွင့်သည်။

အနီရဲရဲ ... ပတ္တမြား





အသည်းပုံ ...

ဘေးမှ ဝိုင်းရံထားသော စိန်ပွင့်များသည် ညအမှောင်မှာတောင် တဖျတ်ဖျတ် အရောင်တောက်လို့ ...။

တေး ရုတ်တရက် အသက်မရှူမိ။

အဲဒီလောက် တိုက်ဆိုင်သတဲ့လား ...။ ပဒုမ္မာတို့ ဟိုတယ်က ဆိုင်မှာ တွေ့ခဲ့တဲ့၊ ဈေးနှုန်းကို ကြည့်ပြီးတာနဲ့ ပြန်ချထားလိုက်ရတဲ့ လော့ကက်လေး။ သူပေးတာကတော့ လော့ကက်လေး တစ်ခုတည်း မဟုတ်။ အဆင်သင့် ဆွဲလို့ရအောင် မထူမပါး မတိုမရှည် ဒီဇိုင်းခပ်ဆန်းဆန်း ပလက်တီနမ် ကြိုးတစ်ကုံး ပါ ပါသည်။

ဘာပြောရမှန်း မသိဘဲ တေး ငြိမ်သက်နေမိဆဲ ...။ သူက တေး လည်ပင်းမှာ ဆွဲကြိုးနှင့် လော့ကက်ကို ဆွဲပေးသည်။

သူက ဒီလို ကဗျာဆန်တဲ့ လူတစ်ယောက်လည်း ဖြစ်သေးသည်ကိုး။ တေးရဲ့စိတ်နဲ့ သူ့အတွေးနဲ့ တူနေတာကိုတော့ အေး အံ့သြပါသည်။

“တစ်သက်လုံး အမြဲတမ်း ဆွဲထားရမယ်နော် ချစ်တေး၊ အခု ကိုယ့်ကို မချစ်ပေမယ့် နောင်တစ်ချိန်မှာ ချစ်လာမယ် ဆိုတာ ကိုယ် ယုံကြည်ပါတယ် ... ပြီးတော့ ချစ်တေးကို ကိုယ် တစ်သက်လုံး ချစ်သွားမယ် ဆိုတာကိုလည်း ကိုယ် ကတိပေးတယ် ... သိလား ... ကိုယ့်ရဲ့ချစ်တေး”

သူ့စကားကို နားထောင်နေပေမယ့် သူ့မျက်ဝန်း အကြည့်ကို ရင်မဆိုင်ရဲတာမို့ တေးက မျက်လွှာချထားမိခဲ့ ပါသည်။

ချစ်တေးတဲ့လား ...

တေးက သူ့ရဲ့ ချစ်တေး တစ်ပုဒ်ပေါ့။

တေး အသက်ရှူဖို့ မေ့သွားမိတာတော့ အမှန်။



၅။

ခေါင်းနဲ့ ညာဘက်လက်မှာ အထပ်ထပ် စည်းနှောင် ထားတဲ့ ပတ်တီးစ ဖြူဖြူတွေ၊ ကျန်တဲ့ ဘယ်လက်တစ်ဖက် မှာ သွင်းထားတဲ့ ဆေးပိုက်တွေ၊ နှလုံးခုန်နှုန်းတွေကို တိုက် ရိုက် ဖော်ပြနေတဲ့ စက်ကိရိယာ။

ဒါဟာ အိပ်မက်တစ်ခုသာ ဖြစ်ပါစေလို့ ဆုတောင်းမိ တာလည်း အကြိမ်ကြိမ်။ ဒါပေမယ့် တေးရဲ့ ဆုတောင်း မပြည့်ခဲ့။ တကယ့်ဖြစ်ရပ်ကို ရင်မဆိုင်ရဲနိုင်လို့ ရှောင်ပုန်းချင်

သော အတွင်းစိတ် သက်သက်သာ ဖြစ်ပါသည်။ သူ့ကို တေး မချစ်ပေမယ့် အခုလို အဖြစ်မျိုးနဲ့တော့ မမြင်ရက်ပါ။

မင်္ဂလာဦးညမှာပဲ အပြင်းအထန် ထိခိုက်ဒဏ်ရာရခဲ့တဲ့ သတို့သားရဲ့ အဖြစ်ကို ဘယ်သူမှ ကြိုဖူးမှာ မဟုတ်။ သူဟာ အရာရာမှာ ကံကောင်းခဲ့သူ တစ်ယောက် ဘာဖြစ်လို့ သူ့ကိုမှ ဒီလို အဖြစ်ဆိုးနဲ့ ကြုံစေရတာတဲ့လဲ။

ပါးပြင်ပေါ်ကို အလိုအလျောက် လိမ့်ဆင်းကျလာသော မျက်ရည်ပေါက်ကို တေးက လက်ခုံနှင့် ခပ်ကြမ်းကြမ်း ဖိသုတ်လိုက်ပါသည်။

အိမ်ပြန်ရောက်ပြီး ဘယ်လောက်မှ အချိန်မကြာသေး။ တေးတောင်မှ ညစ်ခံပွဲမှာ ဝတ်ထားတဲ့ သတို့သမီး ဂါဝန်ကြီးကို မလဲရသေး။ သူ့ဆီကို အရေးတကြီး ဖုန်းဝင်လာတာ။ သုဝဏ္ဏဘက်က ပရောဂျက်မှာ အလုပ်သမားတစ်ယောက် ခြေချော်ကျပြီး ချက်ချင်း ဆုံးသွားတဲ့အကြောင်း ပရောဂျက်တာဝန်ခံက လှမ်းဆက်တာဖြစ်သည့်။





"ကိုယ် သွားမှ ဖြစ်မယ် ချစ်တေး ... လူသေတာက အန္တရာယ်များတယ်၊ အဲဒီ ပရောဂျက်က ရပ်လို့မရဘူး ... လူသေရင် ဟိုကိစ္စ ဒီကိစ္စနဲ့ ရှုပ်ကုန်လိမ့်မယ် ... သူတို့ စီစဉ်တတ်မှာ မဟုတ်ဘူး ..."

နာရီကြည့်လိုက်တော့ (၁၂) နာရီ ကျော်နေပြီ။ သူက အရေးကြီးတယ် ဆိုတာကြောင့် တေး ဘာမှ မပြောဖြစ်တော့။ ဒါပေမယ့် စိတ်တော့ ပူပါသည်။ တေး စိတ်ပူသွားမှန်း သူက သိပုံနှင့် ...

"စိတ်မပူပါနဲ့ ချစ်တေးရယ် ... ခဏလေးပါ၊ ကိုယ် စီစဉ်ပေးစရာရှိတာ စီစဉ်ပြီးတာနဲ့ ချက်ချင်း ပြန်လာခဲ့မယ် နော် ..."

သူက Suit ကို သာမန်ဝတ်စုံတစ်စုံနဲ့ ခပ်မြန်မြန် လဲပြီး ထွက်သွားသည်။ ဘာရယ်မဟုတ်၊ သူ အပေါ်ထပ်က ဆင်းတော့ သူ့နောက်ကနေ တေး လိုက်သွားမိခဲ့သေးသည်။ သူကြီးမင်းကြီး ထ,ထွက်သွားရတာကို တေး ရင်ထဲ ထင့်နေ

သည်။ သွားရတဲ့ ကိစ္စကလည်း နိမိတ်မကောင်း။ ပြီးတော့ ဒီနေ့က တေးတို့ရဲ့ မင်္ဂလာဦး။

တေး မျက်နှာ မကောင်းတော့တာကိုလည်း သူ သိပုံပါ။ တေးက စကားမဆိုပေမယ့် ကားနားအထိ လိုက်ပို့ပေးတော့ သူက သွားခါနီး တေး နဖူးလေးကို ဖျတ်ခနဲ ခိုးနမ်းပြီး ...

"ချစ်တေး ... စိတ်ချနော်၊ ကိုယ် အမြန်ဆုံး ပြန်လာခဲ့မယ် ..." တဲ့။

သူ့ကို မချစ်ဘူး ဆိုပေမယ့် တေးသည် သူ့အတွက် စိတ်ပူကာ အဝတ်အစားလည်း မလဲနိုင်ဘဲ အောက်ထပ် ဧည့်ခန်းမှာပဲ သူပြန်အလာကို ထိုင်စောင့်နေခဲ့တာပါ။

တစ်နာရီထိုးလည်း ပြန်မလာ။

နှစ်နာရီထိုးလည်း ပြန်ရောက်မလာ။

နှစ်နာရီခွဲလောက်မှာတော့ ခြံထဲကို ကား ပြန်ဝင်လာသံ ကြားရပါသည်။ တေး ပေါ်တီကိုအောက်ကို ပြေးထွက်သွားမိခဲ့သည်။ တေးရဲ့စိတ်ကိုက သူ့ကို တစ်ခုခုဖြစ်ပြီလို့ ထင်နေ





ခဲ့တာပါ။ ကားက သူမောင်းသွားတဲ့ ကားပေမယ့် မောင်းလာသူကတော့ သူမဟုတ်ခဲ့။

ဇော်မိုး ဖြစ်နေခဲ့သည်။

"ကိုဇော်မိုး ... သူရော"

"အစ်မ သိပ်စိတ်မပူပါနဲ့နော် ... အစ်ကို ခေါင်းနည်းနည်း ထိသွားလို့ အခု ဆေးရုံမှာ ... အဲဒါ ကျွန်တော် အစ်မကို လာခေါ်တာပါ"

အဲဒီကတည်းက တေး ဇော်မိုးနဲ့ ဆေးရုံကို ရောက်လာခဲ့တာပါ။ တေး အရမ်း စိတ်ပူမှာစိုးပြီး ခေါင်းနည်းနည်း ထိတယ် ပြောခဲ့ပေမယ့် တေး ရောက်တော့ သူက အရေးပေါ်ခန်းမှာပင်။ ခေါင်းမှာရော၊ ညာဘက်လက်မောင်းမှာရော ပတ်တီးဖြူဖြူဖွေးဖွေးတွေနှင့်။ နှလုံးစက်တွေရော၊ အောက်စီဂျင် ပိုက်တွေရော သူ့အနားမှာ ရှုပ်ယှက်ခတ်နေသည်။ ဆရာဝန် ဆရာမတွေကလည်း မနည်းမနော။ (နောက်မှ တေး သိရတာကတော့ သူဟာ အဲဒီ အထူးကုဆေးခန်းကြီးမှာ ဒါရိုက်တာ အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်သတဲ့။)

စိတ်ချရတဲ့ အခြေအနေ မဟုတ်ဘူးဆိုတာ သူ့အခြေအနေက မြင်ရုံနှင့် သိသာစေပါသည်။

"ဘယ်လိုဖြစ်တာလဲ ကိုဇော်မိုးရယ် ..."

"ဟိုကိစ္စ ဖြစ်သွားတဲ့ နေရာမှာပဲ ဖြစ်တာ အစ်မ ... ရုတ်တရက် ခြေချော်သွားတာ၊ ဒါပေမယ့် အစ်ကိုက ကံကောင်းတော့ အောက်ဆုံးအထိ ကျမသွားဘူး၊ အောက်ထပ်ကိုပဲ ကျလို့ ..."

"အန္တရာယ် ဖြစ်နိုင်တာကို သိလျက်သားနဲ့ ... သူ အတင့်ရဲလွန်းတာကိုး ... ဆရာဝန်တွေက ဘာပြောလဲ ဟင် ..."

တေး ရောက်လာပြီဆိုတာကြောင့် ဆရာဝန်ကြီးလည်း ရောက်လာပြီး သူ့အခြေအနေကို ပြောပြပါသည်။ မနက်က ဧည့်ခံပွဲမှာပဲ အဲဒီ ဆရာဝန်ကြီးနဲ့ တေးကို သူ မိတ်ဆက်ပေးခဲ့သေးသည်။

"ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားထားပါတယ်





ဒေါ်မေချိုတေး ... အသက်အန္တရာယ် မရှိတော့တာကိုတော့ အာမခံနိုင်ပါပြီ၊ ဒါပေမယ့် သတိမရသေးတော့ ခေါင်းဒဏ်ရာရဲ့ အခြေအနေကို မပြောနိုင်သေးဘူး ... ခေါင်းထဲမှာ သွေးယိုစီးမှု နည်းနည်းရှိသွားတော့လေ ... အခန့်မသင့်ရင် မှတ်ဉာဏ် ချို့ယွင်းတာတို့ ... အမြင်အာရုံ ချို့ယွင်းတာတို့ ..."

ဘုရား ... ဘုရား။ တေးသည် ဘုရား တ,ကာ ကိုယ့်စိတ်ကို ကိုယ် မနည်း အားတင်းထားရလေသည်။ သူ ဘာမှ မဖြစ်ပါစေနဲ့။ မှတ်ဉာဏ်တွေလည်း မချို့ယွင်းပါစေနဲ့။ အမြင်အာရုံလည်း မချို့ယွင်းပါစေနဲ့။

သူ အမြန်ဆုံး သတိရလာပါတော့။

စိတ်မပူပါနဲ့လို့ တေးကို ပြောခဲ့တယ် မဟုတ်လား။

"ညာဘက်လက်ကတော့ ကျသွားတဲ့ အချိန်မှာ ထောက်လိုက်မိတယ် ထင်တယ် ... ကျိုးသွားရုံပါပဲ၊ သာမန် အရိုးကျိုးတာပါ ... လေးဆယ့်ငါးရက်ပြည့်တာနဲ့ အကောင်းပကတိ လှုပ်ရှားနိုင်ပါတယ်"

ဆရာဝန်တွေ ရှင်းပြတာသည် တေး နားထဲ ရောက်တစ်ချက် ... မရောက်တစ်ချက်။ တေးသည် အရုပ်တစ်ရုပ်လို ဝတ္တရားအရသာ ခေါင်းညိတ်ရသည်။ သတို့သမီး ဝတ်စုံပင် မလဲရသေးသော အသစ်စက်စက် သတို့သမီးကို အားလုံးက စာနာသနားစိတ်နှင့် ဖေးမ,ကြသည်။ အသစ်စက်စက် သတို့သားကိုလည်း အမြန်ဆုံး သတိရလာဖို့ အားလုံး ဆုတောင်းပေးကြပါသည်။

"အစ်မ ... အိမ်ခဏပြန်ပြီး နားလိုက်ပါလား ... မနေ့က ညဘက်ကတည်းက မနားရသေးဘူး ... ကျွန်တော်တို့ စောင့်နေပ့ါမယ် ..."

မနက် (၆) နာရီ ထိုးသည်အထိ တေးသည် သူ့အနားမှာ ငုတ်တုတ်။ တစ်ရေးမှ မမှေးမိသေး။ မမှေးနိုင်တာ ဖြစ်သည်။ သူ့ကို တေး သနားသည်။ တေးကို လက်ထပ်တဲ့နေ့မှာမှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရတဲ့အတွက် သူ့ကို ပိုပြီး သနားရသည်။ တေးမှာများ အပြစ်တစ်စုံတစ်ခု ရှိနေခဲ့လို့





လား။ တေးဟာ သူ့ကို ကံဆိုးစေတဲ့ မိန်းမတစ်ယောက်များ ဖြစ်နေခဲ့ပြီလား။

"ရပါတယ် ... ကိုဇော်မိုးတို့သာ လုပ်စရာရှိတာ သွားလုပ်ကြပါ ... ကျွန်မ စောင့်နေမယ်၊ ညတုန်းက ကိစ္စလည်း ရှင်းရဦးမယ် မဟုတ်လား"

"အလုပ်က ရပါတယ် အစ်မ ... ကျွန်တော် အားလုံး စီစဉ်ထားပါတယ် ... ညက ကိစ္စလည်း အဆင်ပြေသွားပါပြီ"

"တစ်ခုတော့ ကျွန်မကို ကူညီပါနော်၊ အိမ်ကို ပြန်ပြီး ကျွန်မ အဝတ်အစား သုံးလေးစုံလောက် ယူခိုင်းပေးပါ၊ ကျွန်မ ဒီဝတ်စုံကို လဲဖို့သင့်ပြီ၊ ဪ ... အဘိုးတို့အိမ်ကို ဒီကိစ္စ မပြောမိပါစေနဲ့နော် ... သူတို့ စိတ်ပူနေမှာစိုးလို့ပါ"

"ဟုတ်ကဲ့ ... အစ်မ"

တေး သူ့ဘေးနားမှာ နှစ်ညနှင့် သုံးရက်တိတိ ရှိနေခဲ့ပါသည်။ အဲဒီ သုံးရက်လုံးလုံး တေးလည်း မအိပ်။ ခဏမှေးခနဲ ငိုက်သွားရုံကလွဲရင် တေး အိပ်လို့လည်း မပျော်။ တစ်ယောက်ပြီးတစ်ယောက် အတင်းလာချော့ကျွေး, ချော့တိုက်လို့သာ ကော်ဖီနဲ့ မုန့် နည်းနည်းပါးပါးကို တေး မစားချင်ဘဲစားရသည်။

သူကလည်း သုံးရက်လုံးလုံး သတိမရလာသေး။ အရင်တုန်းက ကြားဖူးနားဝ ရှိခဲ့ဖူးသလို ကိုးမားဝေဒနာ ဖြစ်သွားပြီလား။ ဒါမှမဟုတ် ဒီလိုနဲ့ပဲ တဖြည်းဖြည်း အသက်ရှူ ရပ်သွားမှာလား။ ထိုအတွေးကို တွေးမိသွားသောအခါ တေး





ရင်ထဲမှာ မချိ။ ရသမျှ ဘုရားစာတွေ တတွတ်တွတ်ရွတ်ရင်း သူအမြန်ဆုံး သတိရလာဖို့ကိုသာ ဆုတောင်းရပါသည်။ တေးတင်မကပါ၊ သူ့တပည့်တွေခမျာလည်း တန်ခိုးကြီးဆရာတော်ကြီးတွေဆီ ပြေးရ၊ နာမည်ကြီး ဗေဒင်ဆရာတွေဆီ သွားပြီး ယတြာတောင်းရနှင့် စိတ်ဖြေရာ ရှာကြတာပင်။

ဆရာတော်ကြီးက ပရိတ်ကြိုး ချည်ပေးရမယ်ဆိုလို့ ပရိတ်ကြိုး လာပေးသူကပေး၊ ရေမန်းတိုက်ရမယ်ဆိုလို့ အစာပိုက်ထဲကို ရေမန်း ထည့်ခိုင်းတဲ့သူက ထည့်ခိုင်းနှင့်။ အားလုံးရဲ့ဆန္ဒကတော့ သူ ကောင်းကောင်းမွန်မွန် အမြန်ဆုံး သတိရလာဖို့သာပါပဲ။

သူ အခုလို ဖြစ်တော့မှ သူ့တပည့်တွေ သူ့ကို သိပ်လေးစားပြီး သိပ်ချစ်ခင် ဂရုစိုက်ကြတာကို တေး သိတော့သည်။ တကယ်တော့ သူ့အကြောင်းတွေ၊ သူနဲ့ ပတ်သက်တာတွေကို တေး ဘာမှမသိခဲ့ပါ။ သူ့လုပ်ငန်းတွေ ဘယ်လောက်ရှိတယ်၊ ချမ်းသာကြွယ်ဝမှု ဘယ်လောက်ရှိတယ် ဆိုတာလည်း

တေး မသိ။ သူ့မျက်နှာကိုတောင် တေး စေ့စေ့မကြည့်ခဲ့စဖူး။

အခုမှပဲ သူ့မျက်နှာကို မလွှဲစတမ်း ကြည့်နေမိဖြစ်တော့တာ ဖြစ်သည်။ တည်ကြည်ခံ့ညားတဲ့ လူတစ်ယောက်ဆိုတာ သူ့မေးရိုးများက သိသာစေသည်။ သူ့မျက်ခုံးတွေကတော့ ထူထဲကာ နက်မှောင်လွန်းလှသည်။ သူ့မျက်လုံးတွေ ပွင့်လာခဲ့ရင်တော့ သူ့မျက်ဝန်းတောက်တောက်တွေနဲ့ ဒီတစ်ခါ ရင်ဆိုင်နိုင်ဖို့ တေး ကြိုးစားပါမည်။

သုံးရက်မြောက်သည့် နေ့၏ ညဘက်မှာတော့ သူသတိရလာခဲ့ပါသည်။ ညဉ့်နက်ပိုင်းမို့ နေ့ဘက်တွေလို သူ့တပည့်တွေ အစုံအလင်တော့ ရှိမနေ။ အမြဲတမ်း အမှာခံဖြစ်သော ဖော်မိုး တစ်ယောက်သာ ရှိသည်။ ပြီးတော့ တေးနဲ့ တာဝန်ကျ သူနာပြုဆရာမ။ တေးနဲ့ ဖော်မိုးကတော့ ဘယ်သူမှ မအိပ်နိုင်ကြဘဲ သူ့ရဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာ ထိုင်ရင်း အတွေးကိုယ်စီနဲ့ သူသတိရလာမှာကို စောင့်နေခဲ့ကြချိန်





ဖြစ်သည်။ သူနာပြု ဆရာမကတော့ ခပ်လှမ်းလှမ်းခုံ တစ်လုံးမှာ ထိုင်ရင်း မသိမသာ အိပ်ငိုက်နေခဲ့ချိန်။

သူ သတိရလာတာသည် အိပ်ရေးများစွာ ပျက်ခဲ့သူတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီး အားအင်ပြည့်ဝ လန်းဆန်းစွာ နိုးထလာခဲ့သူ တစ်ယောက်လိုပင်။ သူ့မျက်ဝန်းများက နူးညံ့သိမ်မွေ့လျက်၊ သူ့နှုတ်ခမ်းများက ချက်ချင်းပြုံးတော့မလို။-

သို့ပေမယ့် သူက ဘယ်သူမှ မထင်မှတ်ထားခဲ့သော အားလုံးရဲ့ မျှော်လင့်ချက်ကို အပြည့်အဝ ရိုက်ချိုးသည့် စကားတစ်ခွန်းကို ပထမဆုံး ဆိုခဲ့လေသည်။

"ကျွန်တော် … ကျွန်တော် ဘယ်ရောက်နေတာလဲ …"

သူသည် TKN Group of Companies (တီကေအန် ကုမ္ပဏီများအုပ်စု) ရဲ့ ပိုင်ရှင် ဦးတည်ခန့်နိုင်တဲ့။ သူ မျက်လုံး ဖွင့်လိုက်တော့ သူ့အနားမှာ စိုးရိမ်တကြီး ရှိနေသော အမျိုးသမီး ငယ်သည် သူ့ရဲ့ အသစ်စက်စက် ဇနီးလေးတဲ့။ ထိုဇနီးလိုပင် စိုးရိမ်စွာနှင့် သူ့ကို ဂရုတစိုက်ရှိလှသော သူ့ရဲ့ တပည့်ရင်းချာ ဆိုသည့် လူငယ်က သူ့ကို အားလုံး ပြောပြပါသည်။

မေချိုတေးဟု အမည်ရသော သူ့ဇနီးကတော့ သူ့ကို စိတ်မကောင်းလှသည့် မျက်ဝန်းများနှင့် မလွှဲတမ်းကြည့်လို့။ အနားမှာ လူရှင်းသည့်အခါ သူ့ရဲ့ ဘယ်လက်ဖဝါးကို သူမ ပါးမှာ အပ်လျက် ...





"မမှတ်မိဘူးလား ဦးတည်ခန့်နိုင်ရယ် ... တေးက ရှင့် ဇနီးလေ ... တေးကို ရှင် မရ,ရအောင် လက်ထပ်ခဲ့တာ ... အခု တေးလည်ပင်းက ဆွဲကြိုးလေးနဲ့ လော့ကက်ကလေးက တေးအတွက် မင်္ဂလာဦးလက်ဆောင်အဖြစ် ဦးတည်ခန့်နိုင် ကိုယ်တိုင် ပေးခဲ့တာလေ ... တေးကို တစ်သက်လုံး ဆွဲထား ရမယ်လို့လည်း ပြောခဲ့သေးတယ်"

ပြောလည်းပြော ... သူ့လက်ဖဝါးကိုလည်း အသာ နမ်းရှိုက်တတ်လေသည်။

သူမ လည်တိုင်က လော့ကက်နှင့် ဆွဲကြိုးကတော့ သူမ လည်တိုင်သွယ်သွယ်နှင့် လိုက်ဖက်လွန်းတာ အမှန်။ သူ သိပ်ချစ်လို့ မရရအောင် လက်ထပ်ဖို့ ကြိုးစားခဲ့သော မိန်းကလေးကို သူဘာယ်လိုမှ မခံစားရပါ။ အဲဒီ မိန်းကလေး မပြောနဲ့၊ ဘယ်သူ့ကိုမှလည်း သူ့စိတ်ထဲမှာ တရင်းတနှီး မခံစားရ။ သူ့ကိုယ်သူလည်း သူ မရင်းနှီး။ ဒီလောကကြီး တစ်ခုလုံးနဲ့ကို သူ မရင်းနှီးပါ။ နှုတ်ကဖွင့်ဟလိုက်တာနဲ့

စကားသံတွေ ထွက်လာတာကိုပင် သူ တအံ့တဩ ဖြစ်နေသည်။ အစားအစာကို စားရမယ်ဆိုတာ သိလျက် လူ့ကျန်းမာရေးအရ အလေးအပေါ့ သွားရမည်ကို သိလျက် သူ မသိတော့တာကတော့ သူ့ဘေးနားက အရာအားလုံးကို ဖြစ်သည်။

ဒဏ်ရာတွေ စိတ်ချရသည်အထိ သူ ဆေးရုံမှာ ဆယ့်ငါးရက်တိတိ နေရပါသည်။ ထိုဆယ့်ငါးရက်လုံးလုံး မေချိုတေးဆိုသည့် သူ့ဇနီးသည် သူ့အနားမှာ အချိန်ရှိတိုင်း ရှိနေခဲ့သည်။ ပြီးတော့ ဖော်မိုးဆိုသည့် သူ့တပည့်။ အတိတ်မမေ့ခင် အချိန်တုန်းကတော့ သူဟာ အားလုံးပြောသလိုပဲ အင်မတန် ကိန်းခန်းကြီးလှသော၊ အလုပ်ရှုပ်လှသော နာမည်ကြီး သူဌေး ကြီး တစ်ဦးပဲ ဆိုပါတော့။ လောလောဆယ်မှာတော့ သူသည် ဦးနှောက်ထဲမှာ ဘာမှ မရှိသော လူတစ်ယောက်ဖြစ်နေပါပြီ။

ဆရာဝန်ကြီးတွေက စိတ်ချရပြီဆိုတော့မှ သူ့ကို အိမ်ပြန်ခေါ်သွားဖို့ စီစဉ်ကြသည်။ ဆေးရုံအောက်မှာ သူ့ကို





လာကြိုနေသော ကားတွေသည် လှပခံ့ညားလှသော ကားကြီးတွေချည်း။

"အစ်ကို ဘယ်ကားစီးချင်လဲဟင် ... အစ်ကို စီးချင်တဲ့ကားကို ရွေးပြီးစီးနော် ... "

ဒါဟာ သူ့အတိတ်ကို ပြန်သတိရလာစေဖို့ ဆရာဝန်ကြီးတွေ၏ ကုသမှုအဆင့်တစ် ဖြစ်ပါသည်။ သူ အမြဲ စွဲစွဲမြဲမြဲ စီးလေ့ရှိသော ကားကို သူမှတ်မိစေဖို့တဲ့။ သူ့ကားတွေက ဆယ်စီးထက်မနည်း။ သူ့ ညာလက်ကတော့ ကျောက်ပတ်တီးနှင့် သိုင်းလျက်မို့ သူ့ညာဘက်လက်ကို သူမက တွဲလျက် လျှောက်လာကြပါသည်။ သူသတိရလာချိန်ကထက် အခုဆေးရုံက ဆင်းချိန်မှာ သူမ မျက်နှာ သိသိသာသာ ချောင်ကျသွားပြီး ခန္ဓာကိုယ်လေးလည်း ပိုလို့သေးသွယ်သွားတာကို သူ သတိ ပြုမိသည်။ သူမ ခမျာ သူ့အတွက် တော်တော်ကို ဂရုစိုက် တာပါပဲ။ ဒါပေမယ့် သူမ သူ့ကို မချစ်ခဲ့ပါတဲ့။

"ဒီကားပဲ စီးမယ် ... ဟိုကားတွေက မြင့်တော့ တစ်မျိုးကြီးပဲ"

သူ ရွေးချယ်လိုက်သော ကားသည် သူ့ပိုင်ဆိုင်မှု စာရင်းဝင်သော်လည်း သူ ဘယ်တော့မှ စီးလေ့မရှိသည့် Mark II ပါ။ ကုမ္ပဏီက သူတွေသာ စီးနေကြသော ကား။ ကားနိမ့်ရင် လူက မြေကြီးနဲ့ နီးသလိုကြီး မစီးတတ်ဘူးဆိုကာ သူက ဆလွန်းတွေကို စီးလေ့မရှိ။ အခု သူက Mark II ကို ရွေးတော့ အားလုံး မျက်နှာလေးတွေ ငယ်ကုန်ကြလေသည်။

ဇော်မိုးက ကားမောင်း၊ တေးက နောက်ခန်းက သူ့ဘေးနားမှာ ထိုင်ကာ ပြန်လာခဲ့ကြသော အိမ်အပြန်ခရီးသည် တိတ်ဆိတ်ပြီး ကြေကွဲဖွယ် ကောင်းလွန်းလှရဲ့။ သူက လမ်းဘေးတစ်လျှောက်ကို မမြင်ဘူးသလို ငေးမောပြီး လိုက်ပါလာသည်။ ခဏကြာတော့ ခေါင်းမူးသတဲ့။ အိပ်ချင်တယ်ဆိုပြီး တေး ရင်ခွင်ကို မှီကာ ကလေးတစ်ယောက်လို အိပ်ပျော်လိုက်ပါလာတာ အိမ်ရောက်တဲ့ အထိပင်။

"ဝန်ထမ်းတွေ အားလုံးကို အသိပေးဖို့ သင့်ပါ့မလား ကိုဇော်မိုး ... တစ်မျိုးတမည်များ ဖြစ်သွားမလား"





"ကျွန်တော်လည်း အဲဒါ စဉ်းစားနေတာ အစ်မ ... ဒီလိုလုပ်ရင် ကောင်းမယ်နော် ... လုပ်ငန်းခွဲ Head Officer တွေကိုပဲ တိုးတိုးတိတ်တိတ် အကျိုးအကြောင်း ရှင်းထားတာ ကောင်းမယ်ထင်တယ်၊ အစိုးရနဲ့ ပတ်သက်တဲ့ ကိစ္စတွေရှိတော့ အစ်မကိုယ်တိုင် လုပ်ရမယ့် အပိုင်းတွေ ရှိတယ် ... အစ်ကို ဒီလောက်ကြီး ဖြစ်သွားတာကို အားလုံးသိသွားရင် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာနိုင်တယ်"

"ကျွန်မလည်း ဘာမှ သိပ်နားမလည်ပါဘူး ကိုဇော်မိုးရယ် ... ကိုဇော်မိုးတို့ အားလုံးပဲ ကျွန်မကို အဆင်ပြေအောင် ဝိုင်းကူညီပေးကြပါ ... သူ နေမကောင်းတဲ့ အချိန်မှာ သူ့လုပ်ငန်းတွေ အရင်အတိုင်းပဲ လည်ပတ်နေနိုင်အောင်နဲ့ သူ အမြန်ဆုံး ပြန်ပြီး သတိရလာဖို့ ကျွန်မတို့ အစွမ်းကုန် ကြိုးစားကြမယ်"

ရင်ခွင်ထဲမှာ ကလေးတစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သူ့ကို သနားလှစွာနှင့် တေး ခပ်တိုးတိုး

ပြောနေဖြစ်သည်။ ဇော်မိုးခများလည်း ကားကို အရှိန်လျှော့ မောင်းရင်း သူ့ကိုပဲ မကြာခဏ လှည့်ကြည့်နေသည်။ တေး သိသလောက်တော့ သူ့တပည့် မန်နေဂျာတွေထဲမှာ ဇော်မိုးက သူနဲ့ အရင်းနှီးဆုံး၊ သူ့အနွံတာကို ခံနိုင်ဆုံးပါပဲ။ သူ့ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝကို သိခွင့်ရသည့် သူငယ်ချင်းလည်းဆန်သော တပည့်ဖြစ်သည်။

သူ့ အတိတ်ကို ပြန်သတိရလာဖို့အတွက် ဇော်မိုးရဲ့ အကူအညီ အများကြီး လိုပါလိမ့်မည်။

❦ ❦ ❦





အိမ်ကြီးထဲကို လှမ်းဝင်လိုက်သည်နှင့် ဝင်ဝင်ချင်း ညှော်ခန်းက နံရံတွေမှာ၊ ရှိုးကေ့(စ်)ပေါ်မှာ၊ စားပွဲပေါ်မှာ အရွယ်အစား အမျိုးမျိုး၊ ပုံသဏ္ဌာန် အမျိုးမျိုးနှင့် ရှိနေကြသော သူနှင့် တေး၏ မင်္ဂလာဓာတ်ပုံတွေက ဆီးကြိုနှင့်လေသည်။ တေးလည်း အိမ်ပြန်မရောက်တာ သူနဲ့ အတူတူပါပဲ။ နှစ်ယောက်သား တအံ့တဩနှင့် ခြေလှမ်းတွေပင် တုံ့သွားရသည်အထိ။

"လက်ထပ်တဲ့ နေ့ကတည်းက အစ်ကိုက ဓာတ်ပုံတွေကို အခုလို ပြင်ဆင်ဖို့ မှာထားခဲ့ပြီးသားပါ"

တေးတို့ အံ့ဩသွားတာကို ဇော်မိုးက ရှင်းပြသည်။

တေးက သူ့ကို လက်လွတ်ချန်ထားရစ်ခဲ့ကာ ဓာတ်ပုံတွေ အနားကို ပြေးသွားလိုက်မိသည်။ မနက်ပိုင်း လက်မှတ်ထိုးကြတုန်းက ပုံတွေ၊ ပြီးတော့ နေ့လယ်ပိုင်း Sedona မှာ လုပ်တဲ့ ဧည့်ခံပွဲက ပုံတွေ၊ နောက် ညနေ အစောပိုင်း Traders ဧည့်ခံပွဲနဲ့ ညဘက်က သူ့ Hotel King Yangon မှာ လုပ်တဲ့ ဒင်နာက ဓာတ်ပုံတွေ။ ဓာတ်ပုံတိုင်းမှာ တေးရဲ့ အပြုံးက သိပ်အသက်မပါလှပေမယ့် သူကတော့ တေးကို မြတ်နိုးမှုတွေ သိသိသာသာ ထင်ရှားလျက် အလွန် အင်မတန်မှ ကြည်နူးနေသော အပြုံးတွေနှင့်။

ဓာတ်ပုံတွေကို တွေ့ပြီး တေးရင်ထဲမှာ သူ့ကို တစ်ခုခု အသိအမှတ် ပြုစေဖို့ သူ စိတ်ကူးယဉ်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ဓာတ်ပုံတွေကို နေရာတကျ စီစဉ်ထားသော Decoration ကလည်း အမြင်မရိုင်းလှ။ တကယ့်ကို စိတ်ကူးယဉ်ဆန်ကာ မြင်ရသူကို မိန်းမောသွားစေသည့် ဆင်ယင်မှုမျိုး။

တကယ် တေးရဲ့ ရင်မှာ တစ်ခုခု ခံစားရပါတယ်





ဦးတည်ခန့်နိုင်ရယ်။ ဒါပေမယ့် 'ဘယ်လိုခံစားရလဲ' လို့ တေးကို ရှင် ခပ်တိုးတိုး မမေးတော့ဘူး မဟုတ်လား။ ရှင်ဟာ ရှင် သိပ်ချစ်တဲ့ မိန်းကလေးကို မပြောနဲ့၊ ရှင့်ကိုယ်ရှင်တောင် မသိတော့တဲ့ လူတစ်ယောက် ဖြစ်နေခဲ့ပြီ။ အဲဒီတော့ အမေးမရှိတဲ့ အဖြေအတွက် တေး ဘယ်လို ဖြေရမလဲ။

"ဓာတ်ပုံထဲက လူက ကျွန်တော်ပေါ့နော်"

တေး နောက်ကျောဘက်ဆီမှ ထွက်လာသော ခပ်စိမ်းစိမ်း ခပ်တောင့်တောင့် စကားသံ။ တေးသည် ပါးပြင်ပေါ်ကို အဆီးအတားမဲ့ ရောက်လာကြသော မျက်ရည်တို့ကို သူ မတွေ့အောင် သုတ်ပြီးမှ သူ့ဘက်ကို လှည့်လိုက်သည်။ တေးရဲ့ မျက်ဝန်းတွေကို သူ သတိထားမိဟန်နှင့် ...

"ခင်ဗျား ငိုနေတာလား"

"ဟင့်အင်း ... မဟုတ်ပါဘူး ..."

သူ့အကြည့်တို့က သူစိမ်းဆန်လှတာမို့ တေးက အကြည့်လွှဲထားလိုက်သည်။ အဲဒီ အကြည့်စိမ်းစိမ်းတွေကို တေး ရင်

မဆိုင်ချင်ပါ။ တေး အရင် ရင်ဆိုင်ရတဲ့ မျက်ဝန်းတွေက အရာရာကို နားလည်နေပြီး လောကကြီး တစ်ခုလုံးမှာ သူ့လောက် သွေးအေးတဲ့ သူ မရှိတဲ့ မျက်ဝန်းမျိုး။ သူ့စကား၊ သူ့ဆန္ဒတွေကို ဘယ်သူကမှ မလွန်ဆန်ဝံ့အောင် အထက်စီးဆန် ပိုင်စိုးလှတဲ့ အကြည့်။ အခု သူ့မျက်ဝန်းတွေကတော့ စိတ်ထဲမှာ ဘာခံစားချက် ဘာအသိမှ သိပ်ရှိမနေတာ သိသာလှသည်။ တေးတို့ ပြောပြသမျှကိုသာ လက်ခံထားပြီး ဘာတစ်ခုမှ ငြင်းချက်မထုတ်ပေမယ့် သူ ဘယ်လိုမှလည်း စိတ်ထဲမှာ သဘောထားပုံ မပေါ်။

ဓာတ်ပုံတွေကို ကြည့်နေသော သူ့အကြည့်တွေသည် ရုပ်ရှင်ရုံရှေ့မှာ ရုပ်ရှင်ကြော်ငြာ ပိုစတာတွေကို ကြည့်နေသော သာမန်အကြည့်မျိုးသာ။ တေး သူ့ဘေးမှာ တိတ်ဆိတ်စွာ ရပ်နေဖြစ်သည်။

"ဓာတ်ပုံတွေက အဝတ်အစားလည်း မတူဘူးနော်"

"အင်း ... ဟုတ်တယ်၊ ညှော်ခံပွဲက သုံးပွဲလုပ်တယ်လေ"





"အဝတ်အစားက လေးမျိုးပါလား"

အတိတ်မေ့သွားတယ် ဆိုပေမယ့် သူ့ဦးနှောက်တွေက ထက်မြက်ဆဲပါ။ တေး ပြောတာက ညှော်ခံပွဲက သုံးပွဲနဲ့ ဓာတ်ပုံထဲမှာ ဝတ်စုံလေးမျိုး ဖြစ်နေသည့် ကွဲလွဲချက်ကို သူ ချက်ချင်း သတိထားမိသည်။

"အဲဒါက မနက်ပိုင်း လက်မှတ်ထိုးတုန်းက ဓာတ်ပုံတွေပါ၊ပါတယ်လေ ... အဲဒါကြောင့်ပါ၊ ဒီပုံတွေပေါ့ ... ချိတ်နဲ့ မြန်မာဝတ်စုံ ဝတ်ထားတဲ့ပုံတွေလေ ... ဒါက Sedona ပွဲ ပန်းနုရောင်နဲ့၊ အဖြူနဲ့က Traders ပွဲ၊ ဒီဆင်စွယ်ရောင်နဲ့က ညဘက် Hotel King Yangon မှာ ဒင်နာပေးတုန်းက ... Hotel King Yangon က-ဦးတည်ခန့်နိုင် ပိုင်တာပဲလေ"

"ဩော် ... ဩော် ..."

သူက ခေါင်းတဆတ်ဆတ် ညိတ်သည်။ သူ့မျက်နှာက မရှယ်မပြုံး။ ဓာတ်ပုံတွေကို တစ်လှည့်၊ သူ့ဘေးမှာ ရပ်နေသော တေးကို တစ်လှည့်ကြည့်ကာ ...

"ခင်ဗျားက သိပ်မလှပါဘူး၊ ဒါကို သူက မရ,ရအောင် ယူခဲ့တယ်ပေါ့ ... ဒါပေမယ့် ခင်ဗျား မျက်နှာက ဆွဲဆောင်မှု တစ်ခုတော့ ရှိပါတယ် ..."

တေးမှာ သူ့အပြောက ပွင့်လင်းလွန်းတာမို့ အောင့် သက်သက် ဖြစ်သွားရသည်။ တေး သိပ်မလှတာ တေးကိုယ် တိုင်လည်း သိပါသည်။ အခုလို တည့်တိုး အပြောခံရတာကို တော့ ဘယ်မိန်းကလေးက ကြိုက်မှာလဲ။ ဒါပေမယ့် သူက လူမမာပဲလေ။ လူမမာနဲ့တော့ တေး ပြိုင်ပြီး စိတ်လုပ်မနေချင် တော့။

တေး အောင့်သက်သက် ဖြစ်သွားတာကို သူက ရိပ်မိဟန်နှင့် ပြုံးသည်။

"ရှင် နားသင့်ပြီ ... ဪ ... အိမ်သားတွေနဲ့ ရှင့်ကို မိတ်ဆက်ပေးရဦးမယ် ..."

ဒီအိမ်ကို တေး စ,ရောက်သည့် မင်္ဂလာဦးနေ့မှာ သူက အခုလိုပင် တေးကို သူ့အိမ်သားတွေနှင့် မိတ်ဆက်





ပေးခဲ့သည်။ အဲဒီညက စ,လို့ တေးလည်း ဆေးရုံက သူ့ အနားကို ရောက်ခဲ့တာ၊ အခုမှပဲ သူနဲ့အတူ အိမ်ပြန်ရတာ ဖြစ်သည်။ အိမ်က အိမ်သားတွေနှင့် မရင်းနှီးသေးပါ။ အတိတ် မေ့နေတဲ့ သူနဲ့ ယှဉ်ရင်တော့ တေးက ဘယ်သူက ဘယ် နာမည်နဲ့ ဘာတာဝန်ဆိုတာ သိရုံသာ သူ့ထက်သာပါသည်။

ဖော်မိုး ပြောထားတာမို့ တေး ခေါ်လိုက်သည်နှင့် အားလုံး အိမ်ရှေ့ဧည့်ခန်းကို ရောက်လာကြသည်။ အိမ်သား ဆိုပေမယ့် အားလုံးသည် ဆွေမျိုးမဟုတ်သော သူ့အလုပ်သမား တွေချည်းပါ။

"သူက ဒေါ်သိမ်းတဲ့ ... စားဖိုမှူးကြီးပေါ့၊ သူက ဒေါ်တင့် အိမ်ထိန်းသိမ်းမှုကို တာဝန်ယူတယ် ... ဦးဘကြိုင်ကတော့ ခြံတာဝန်ခံပေါ့ ... ဦးထွန်းကတော့ ကားတွေကို တာဝန်ယူ တယ်၊ ဒီကလေးမ နှစ်ယောက်ကတော့ ဒေါ်သိမ်းတို့ ဒေါ်တင့် တို့ကို ကူညီပေးရတဲ့ ကလေးတွေ ... ဟို ချာတိတ်နှစ်ယောက် ကလည်း ဦးဘကြိုင်နဲ့ ဦးထွန်းရဲ့ ကူညီဖော်တွေပေါ့ ..."

သူတို့ရဲ့ ဆရာကို အခုလို အခြေအနေမျိုးနှင့် တွေ့ရတော့ အားလုံး မျက်နှာမကောင်းကြ။ ဆေးရုံမှာ ရှိနေတုန်းကလည်း သူတို့တွေ အိမ်မှာပဲ အမျိုးမျိုး ချက်ပြုတ်ပေးနေကြတာမို့ မတွေ့ကြရသေး။ အခုမှ တွေ့ရတာ ဖြစ်သည်။

"ဟုတ်ကဲ့ … ကျွန်တော် အတိတ်ကို ပြန်သတိရဖို့ အားလုံးကပဲ ဝိုင်းပြီး ကူညီပေးကြပါနော်"

သူ့အပြောကြောင့် အဘွားကြီးနှစ်ယောက် မျက်ရည် စမ်းစမ်း ဖြစ်ကြလေသည်။

"ကျွန်တော် နားချင်ပြီ"

အပေါ်ထပ်ကို တက်လာတော့လည်း လှေကားအောက နံရံမှာ မင်္ဂလာဆောင်ပုံတွေက ရှိသေးသည်။ သူ အတော်ကို စိတ်ကူးယဉ်တာပဲ။ ဒီအဖြစ်ဆိုးတွေသာ မရှိခဲ့ရင် ပျော်စရာ တော့ ကောင်းပါလိမ့်မည်။

သူ့စိတ်ကြိုက် ပြင်ဆင်ထားခဲ့သော မင်္ဂလာဦး အခန်းသည် တေးတို့ကို လှောင်ရယ်နေသယောင်။ ဘယ်သူမှ





မမှေးစက်ရသေးတဲ့ အသစ်စက်စက် မင်္ဂလာအိပ်ရာသည် အေးစက်စွာ ရှိနေဆဲ။ အိပ်ခန်း တစ်ခန်းလုံး လိမ္မော်ရောင် ဖျော့ဖျော့အရောင် လွှမ်းနေအောင် သူပြင်ဆင်ထားခဲ့တာ။ မီးမှိန်ဖျော့ဖျော့သာ ထွန်းထားတာမို့ အခန်းထဲမှာ တောက်ပ မနေဘဲ စိတ်ကူးယဉ်စရာ ကောင်းလွန်းလှရဲ့။

အခန်းထဲမှာတော့ ခုတင် ခေါင်းရင်းက နံရံမှာ တေးတို့ နှစ်ယောက်၏ ဓာတ်ပုံကြီးကို ငါးပေပတ်လည်အထိ ပုံကြီးချဲ့ကာ ချိတ်ထားသည်။

သူက အခန်းထဲကို သုံးလေးလှမ်းလောက် ဝင်ပြီး ရပ်တန့်ကာ အခန်းတစ်ခုလုံးကို အကဲခတ်ကြည့်နေသည်။

"ကျွန်တော် ဒီအခန်းထဲမှာ မနေချင်ဘူး မေချိုတေး"

မျှော်လင့်ထားပြီးနှင့်သော စကားဖြစ်ပေမယ့် တကယ် တမ်း သူ့နှုတ်ကပြောလာတော့လည်း တေး ခံနိုင်ရည်မရှိပြန်။ တေးရဲ့ ရှေးဘဝက ဝဋ်ကြွေးဟာ အတော်ကို နက်ရှိုင်းပုံ ရပါသည်။

"ဟုတ်ကဲ့ ... တေး စီစဉ်ပေးပါ့မယ်"

ဒေါ်တင့်ကလည်း အဆင်သင့် ပါလာတာမို့ အဆင်ပြေသွားရပါသည်။

"တေးလည်း ဒီအခန်းမှာ မနေဘူး ဒေါ်တင့် ... တေးကိုလည်း တစ်ခန်း စီစဉ်ပေးနော်"

သူ့အိမ်ကြီးက ခမ်းနားထည်ဝါပေမယ့် အခန်းကတော့နည်းသည်။ အပေါ်ထပ်မှာ ဘုရားခန်း တစ်ခန်း၊ စာကြည့်ခန်းတစ်ခန်းနှင့် အိပ်ခန်းကျယ်ကြီး သုံးခန်းသာ ရှိပါသည်။ အိပ်ခန်း သုံးခန်းမှာ မင်္ဂလာအိပ်ခန်း ပြင်ထားတာက တစ်ခန်းမို့ ထိုအခန်းနှင့် မျက်နှာချင်းဆိုင် နှစ်ခန်းသာ အလွတ်ရှိသည်။ ထိုနှစ်ခန်းက ကပ်လျက်။

"ဒီနှစ်ခန်းမှာ ပြင်လိုက်မယ်နော် ... မမ"

"ဟုတ်ကဲ့ ... အဆင်ပြေပါတယ်၊ ဪ ... ဒါနဲ့ တေးကို မမလို့ မခေါ်ပါနဲ့နော် ဒေါ်တင့် ... တေး မနေတတ်လို့ပါ၊ ကလေးတွေကလွဲရင် ဒေါ်တင့်တို့ လူကြီးလေးယောက် တေးကို တေးလို့ပဲ ခေါ်ပါနော်"





ဟုတ်ကဲ့ ..."

တေးပါ ဒေါ်တင့်ကို ဝင်ကူပြီး ရွှေ့ပေးတာမို့ သူ့အဝတ်အစား တချို့တစ်ဝက်ကိုပါ ရွှေ့ပေးထားလိုက်သည်။ ဒေါ်တင့်က ဝိုင်းကူ မလုပ်ဖို့ တားပေမယ့် တေးက မနေတတ်။ ပြီးတော့ သူ့ကို ပြုစုရမယ့် ဝတ္တရားက တေးမှာ အဓိကရှိတာပါ။ သူနေဖို့ အခန်းကို အားလုံး စိတ်တိုင်းကျ ပြင်ဆင်ပြီးတော့ သူက ပျောက်နေသည်။ စိတ်ပူသွားပြီး လိုက်ရှာတော့မှ သူက ဝရန်တာက ဒရင်းဘတ် (Dream bed) မှာ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေပြီ။ ကလေးတစ်ယောက်လို အပြစ်ကင်းစင်လှသော သူ့မျက်နှာကို ကြည့်ကာ တေး ပင့်သက်လေးလေးကို ရှိုက်မိလေသည်။

ဆြာ

၆။

သူ ဆေးရုံက ပြန်ဆင်းလာသည့် နေ့၏ နောက်တစ်ရက်မှာပင် ဝေးသည် ဘဝသစ် စာမျက်နှာကို စတင်ရလေသည်။ သူက ညာဘက်လက်ကို အသုံးပြုလို့ မရသေးတာမို့ အိပ်ရာက နိုးကတည်းက မျက်နှာသစ်တာ၊ အဝတ်အစားလဲတာ၊ နံနက်စာ စားတာက အစ ဝေး သူ့ကို ဂရုတစိုက် လုပ်ပေးရသည်။ ဇော်မိုးက ယောကျ်ား သူနာပြုတစ်ယောက်

ခေါ်ထားပေးမယ် ဆိုပေမယ့် သူက လက်မခံ။ တေးကလည်း ကိုယ့်အိမ်မှာ သူစိမ်းတစ်ယောက်ကို မခေါ်ထားချင်ပါ။

ဆေးရုံမှာကတည်းက တေး အပြုအစုကိုသာ သူ အထာကျနေပြီမို့ ဘာမဆို တေး လုပ်ပေးမှသာ သူ့ စိတ်တိုင်းကျသည်။ ဒါပေမယ့် တေး မတတ်နိုင်တာ တစ်ခုကတော့ သူ့ရဲ့ ဘဝအကြောင်းကို လုံးစေ့ပတ်စေ့ မပြောပြနိုင်တာပါပဲ။ သူ့ကို လက်ထပ်ခဲ့ပေမယ့် သူ့ရဲ့ ဘဝကို တေး သိတာ နည်းလွန်းပါသည်။ သူ ဘယ်လိုလုပ်လို့ အခုလို အမြင့်မားဆုံးကို ရောက်လာတယ် ဆိုတာလည်း တေး မသိ။

"ဦးနှောက်ရဲ့ အာရုံကြောလေးတွေ အတိတ်အကြောင်းအရာတွေကို သိမ်းဆည်းပေးတဲ့ မှတ်ဉာဏ်လို့ ဆိုမလားပဲ ... အဲဒီက အကြောလေးတွေ ထိခိုက်သွားတာပါ၊ ဒဏ်ဖြစ်သွားတာပေါ့၊ လုံလောက်တဲ့ အချိန်နဲ့ ကုသမှုတွေ လုံလောက်တဲ့ အချိန်ကျရင် နဂိုမူလအတိုင်း ပြန်ဖြစ်သွားမှာပါ၊ အဲဒီအချိန် အကန့်အသတ်ကိုတော့ ကျွန်တော်လည်း မခန့်မှန်းနိုင်ဘူးပေါ့၊





တစ်လလည်း ဖြစ်ရင်ဖြစ်မယ် ... တစ်နှစ်လည်း ဖြစ်ရင်ဖြစ်မယ် ... ဆယ်နှစ်လည်း ဖြစ်ရင် ဖြစ်သွားနိုင်တယ် ... သူ့ကို ဂရုစိုက်မှုအပေါ်မှာလည်း မူတည်ပါတယ်"

သူ့ရောဂါအခြေအနေကို ရှင်းပြရင်းနဲ့ ဆရာဝန်ကြီး ပြောခဲ့တာတွေ ဖြစ်သည်။ သူ့ကို ပြုစုဖို့ တခြားသူစိမ်း တစ်ယောက် လက်ထဲမှာ တေး အပ်မထားရက်ပါ။ ငွေပေးရင် အကောင်းတကာ့ အကောင်းဆုံး ပြုစုပေးမယ့် သူတွေရမှာ ဖြစ်ပေမယ့် ရင်ထဲက စေတနာချင်းတော့ တူနိုင်မှာမဟုတ်။ အိမ်မှာလည်း အဘိုးနဲ့ အဘွားကိုတောင် တေး အလုပ်တစ်ဖက်နဲ့ ပြုစုပေးခဲ့သေးတာပဲ။ သူ့ကို ပြုစုရတာက လူကြီးတွေကို ပြုစုရတာလောက် အလုပ်ရှုပ်တာမှ မဟုတ်တာ။

"ဆရာက လူတစ်မျိုး တေးရဲ့ ... အစားအသောက်ကို သိပ်ဂရုစိုက်တယ် ... ဟိုတယ်တွေ စားသောက်ဆိုင်တွေမှာ ကျွေးတဲ့ အစားအစာတွေကို သိပ်မကြိုက်ဘူး ... ဝတ္တရားအရသာ စားတာ ... မနက်ဆိုရင် အိမ်မှာ ဆန်ပြုတ်ပူပူနွေးနွေးနဲ့

ငါးရံ့ခြောက် မီးဖုတ်လေး စားရမှ ... ဆန်ပြုတ်က အစာကျေ လွယ်တယ် ... ရင်အေးတယ်တဲ့၊ လူကို မထိုင်းမှိုင်းဘူးတဲ့၊ အဲဒါမှ အလုပ်များများ လုပ်နိုင်မှာတဲ့ ..."

သူ့အတွက် မနက်စာကို မီးဖိုချောင်မှာ သွားပြင်ဆင် တော့ ဒေါ်သိမ်းက ဆန်ပြုတ်မွှေးမွှေးလေးကို ချက်ထားနှင့်ကာ သူတို့ဆရာ အကြိုက်ကို ရှင်းပြသည်။

"ဆန်ကလည်း ဆရာ့ ပုသိမ်က လုပ်ငန်းခွဲ မန်နေဂျာက လတိုင်းပို့ပေးတယ် တေးရဲ့ ... ပုသိမ်ဘက်မှာ ဆရာ့ လယ်တွေ၊ ဆန်စက်တွေ ရှိတယ်လေ ..."

"ဪ ..."

ဒါလည်း တေး မသိ။ သူ့ပိုင်ဆိုင်မှုတွေဟာ ကုန်ပဲ မကုန်ဆုံးနိုင်တော့ဘူး ထင်ပါရဲ့။ ဒါပေမယ့် အခုတော့ အဲဒီ ပိုင်ဆိုင်မှုတွေသည် သူ့အတွက် ဘာမှ မကူညီနိုင်။ အဲဒါကို တေး စိတ်မကောင်း ဖြစ်ရပါသည်။

"တေးလည်း ဘာစားချင်လဲ ... စားချင်တာရှိရင် ဒေါ်သိမ်းကို ပြောနော် ... ဒေါ်သိမ်း ချက်ပေးမယ်"





"ရပါတယ် ... တေး အစားအသောက် မရွေးပါဘူး ... သူ့အတွက်ပဲ အဓိကထားပြီး လုပ်ပေးပါနော် ... သူ စားတာ ကို တေး စားမှာပါ"

"ဆရာကတော့ ကံကောင်းပါတယ်ကွယ် ... အခုလို ဖြစ်တဲ့အချိန် သူ့အနားမှာ တေး ရှိလို့ ... မဟုတ်ရင် ဆွေ မရှိ မျိုးမရှိနဲ့ အထီးကျန်နေမှာ ..."

"သူ့မိဘတွေ ဆုံးသွားတာ ကြာပြီလားဟင် ဒေါ်သိမ်း"

"ကြာပြီ ဆိုပါတော့ ... ဆယ်နှစ်ကျော်ပြီလေ"

"တေးနဲ့ အတူတူပဲပေါ့နော်၊ တေးလည်း ဖေဖေနဲ့ မေမေ ဆုံးသွားတာ ဆယ့်ငါးနှစ်ကျော်ပြီ ... အဘိုး၊ အဘွားနဲ့ နေရတာ ... အခုတလောတောင် သူ့ကိစ္စဖြစ်တာနဲ့ ဘိုးဘိုး ဘွားဘွားကို ပြန်မကြည့်ဖြစ်သေးပါဘူး ဒေါ်သိမ်းရယ်"

ပြောရင်းနှင့် ဘိုးဘိုးနဲ့ ဘွားဘွားကို သတိရသွားရပါ သည်။ ဒီရက်တွေမှာ ဖုန်းဆက်ရုံကလွဲလို့ လူကိုယ်တိုင် မရောက်ဖြစ်သေး။ ဆိုင်ကိုလည်း စာခြည်နဲ့ ခဏလွှဲထားရ

တာ။ သူ ဘာမှမဖြစ်ရင်တောင် အစတုန်းက သူစိစဉ်ထား သလို လက်ထပ်ပြီး နောက်ရက်မှာ ပေလီကို ဟန်းနီးမွန်း ထွက်၊ ပြန်လာရင် နှစ်ယောက်စလုံး လုပ်ငန်းခွင်ကိုယ်စီ ပြန်ဝင်ကြ။ အခုတော့ သူ ရုတ်တရက် ဖြစ်သွားတာကြောင့် အစီအစဉ်တွေ အားလုံး ပြောင်းလဲကုန်ရတာ ဖြစ်သည်။

ဒေါ်သိမ်း ပြင်ပေးသော ဆန်ပြုတ်နှင့် ငါးရံ့ခြောက် မီးဖုတ် ပန်းကန်တွေကို ယူကာ တေး အပေါ်ထပ် ပြန်တက် လာခဲ့တော့ သူ နိုးနေပြီ။

"နိုးပြီလား … အခုမှ (၇) နာရီပဲ ရှိသေးတယ်၊ ပြန် အိပ်ရင် အိပ်ဦးလေ ဦးတည်ခန့်နိုင် … အားရှိသွားအောင်"

"ကျွန်တော် နိုးနေတာကြာပြီ၊ မမေချိုတေး အသံကို မကြားသေးလို့ မထ,သေးတာ"

"တေးက အောက်မှာ ဦးတည်ခန့်နိုင် နိုးလာရင် စားဖို့ သွားစီစဉ်နေတာပါ"

အစားအသောက်တွေကို စားပွဲမှာ ခင်းဆင်ပြီး သူ မျက်နှာသစ်ဖို့ တေး ပြင်ဆင်ပေးနေဆဲ …





"ကျွန်တော် ရေချိုးချင်တယ်"

ဟုတ်ပေသားပဲ။ သူ ဆေးရုံမှာနေရတဲ့ တစ်လျှောက် လုံး ရေမချိုးခဲ့ရ။ ရေပတ်တိုက်ရုံလောက်ပဲ ရှိခဲ့တာ။

"အဖျားမရှိရင်တော့ ချိုးလို့ရမှာပါ … ဒါပေမယ့် ကျောက်ပတ်တီးကိုတော့ ရေမစိုအောင် လုပ်ထားရမယ်၊ တေး ရေနွေး စပ်ပေးမယ်နော် … မဖြစ်ပါဘူး … တေး ချိုး ပေးပါ့မယ်"

"ဟိုတစ်ယောက်ရော … မလာဘူးလား"

"ဘယ်တစ်ယောက်လဲဟင် …"

"ဇော်မိုးဆိုတဲ့ တစ်ယောက် …"

"လာမှာပါ … ရုံးကို သွားဦးမယ် ထင်တာပဲ၊ ဘာဖြစ် လို့လဲဟင် … သူ့ကို တွေ့ချင်လို့လား"

သူက တွေးတွေးဆဆ ပုံစံနှင့် …

"ကျွန်တော် မမေချိုတေးကို အားနာလို့ပါ၊ ဖြစ်နိုင်ရင် ကိုဇော်မိုးနဲ့ပဲ ကျွန်တော် ရေချိုးချင်တယ်"

ဗုဒ္ဓေါ ...။ အစတိတ်မေ့တဲ့ သူကလည်း တကယ့်ကို ကြီးကြီးကျယ်ကျယ်ပါလားရှင်။ ကိုယ့်ဇနီး တစ်ယောက်လုံး ကိုတောင် သူက အားနာနေရသေးသည်။ တေးလို အပျို စင်စစ်က မရှက်ရ၊ သူလို အိမ်ထောင်တစ်ကြိမ် ပြုခဲ့ဖူးသူက ရှက်နေသတဲ့။

ထားပါတော့လေ။ သူ့ဆန္ဒအတိုင်းပေါ့။

ဇော်မိုးကို ခေါ်တော့ ဇော်မိုးလည်း အိမ်ကို လာနေပြီတဲ့။ သူနဲ့ ဇော်မိုးကြားမှာ ဘယ်လိုကျေးဇူးတရား၊ သစ္စာတရားတွေ ရှိလည်း မသိပေမယ့် ဇော်မိုး သူ့ကို မိဘလိုပင် သဘောထား တာ တေး မျက်မြင်ကိုယ်တွေ့ပင်။

ခဏကြာတော့ ဇော်မိုး ရောက်လာပါသည်။ တေးက အကျိုးအကြောင်း ပြောပြတော့ ရယ်ပါလေရော ...။

"ကျွန်တော့်ဆရာက အခုမှ သိပ်ရှက်တတ်နေတယ် ပေါ့လေ ... အရင်ကဆိုရင် ကောင်မလေး တစ်သိုက်နဲ့ ရေကူး နေကျကိုများ"





"ကဲ ... ပေါ်ပြီ ... ဦးတည်ခန့်နိုင်ရဲ့ လျှို့ဝှက်ချက် တွေ ..."

သူ့ကို တေးတို့ နောက်နေတော့ သူက မရယ် မပြုံး။ ပြောနေတာတွေဟာ သူနဲ့ ဘာမှ မပတ်သက်သလို။ နောက်ဆုံး တော့ ပြောတဲ့သူတွေသာ စိတ်မကောင်း ဖြစ်ရပြန်သည်။

"လက်ကို ရေမထိစေနဲ့နော် ကိုဇော်မိုး ... မဟုတ်ရင် ကျောက်ပတ်တီးက ရေစိုပြီး ပွမှာစိုးလို့ ..."

"စိတ်ချ အစ်မ ... Rose နဲ့ လျှော်လိုက်မယ်"

ရေချိုးခန်းထဲက ထွက်လာပြီး အဝတ်အစားလဲတာကို တောင် တေး ရှိမနေစေရတဲ့။ ခါတိုင်းလိုဆိုရင်တော့ ရယ်စရာ အကြောင်းအရာ တစ်ခုအဖြစ် ဓာခြည့်ဆီ ဖုန်းဆက်ပြီး ပြော ဖြစ်ဦးမှာ။ လင်မယားအရာ မမြောက်သေးကြတဲ့ လင်မယား နှစ်ယောက်၊ အပျိုစင်ဇနီးကို ရှက်နေတဲ့ တစ်ကြိမ် လက်ထပ် ပြီးသား ခင်ပွန်း။ ဓာခြည်ကတော့ အိမ်ထောင်သည်ပီပီ 'နင် တော့ ထိပေါက်ပြီး ထိလက်မှတ် ပျောက်တာပဲ တေးရဲ့' ဆိုပြီး အားမနာတမ်း စ,နောက်နေဦးမယ် ထင်ရဲ့။

အခုတော့ ရယ်စရာအဖြစ်တွေလည်း မဟုတ်။ ဆရာဝန်ကြီး ပြောသလို တစ်သက်လုံးလည်း ဖြစ်ရင် ဖြစ်သွားနိုင်တယ် ဆိုရင် ဘယ့်နှယ်လုပ်ပါ့မလဲ။ သူ့ကိုတော့ တစ်သက်လုံး အခုလို မဖြစ်စေချင်ပါ။ သူ့ကိုယ်စား ဒီအတိတ်မေ့ရောဂါကို တေး ယူလိုက်ချင်သည်။ အစဉ်အမြဲ ထက်မြက်ဝံ့ကြွားနေသော အမြင့်မားဆုံးမှ တည်ခန့်နိုင်သာ ဖြစ်စေချင်သည်။

"ကျွန်တော့်ကို ကိုဇော်မိုးက နေ့တိုင်း ရေလာချိုးပေးမယ်တဲ့ မမေချိုတေးရဲ့"

"ကောင်းတာပေါ့ ... အဲဒီ အစီအစဉ် ကောင်းတယ်"

"ရေချိုးလိုက်လို့ ထင်တယ် ... ကျွန်တော် ဗိုက်ဆာသွားပြီ"

တကယ့်ကို ကလေးတစ်ယောက်လိုပင်။ တေး ခွံ့ကျွေးတဲ့ ဆန်ပြုတ် တစ်ပန်းကန်လုံးကို ကျေကျေနပ်နပ် တစ်ဖွန်းမကျန် စားလေသည်။





"နေ့လယ်စာကိုလည်း ဒေါ်သိမ်းက ဦးတည်ခန့်နိုင် စိတ်ကြိုက် ချက်ပေးမယ်တဲ့"

"ကျွန်တော် အခု ဘာလုပ်ရမှာလဲ"

"ဦးတည်ခန့်နိုင် ဘာလုပ်ချင်လို့လဲ ..."

"အိပ်ချင်တယ် ... လူက ဗိုက်လေးသွားပြီလေ ..."

တေးက သူ့အိပ်ရာကို ပြင်ဆင်ပေးတော့ သူက ခေါင်းယမ်းသည်။

"ဟင့်အင်း ... ဒီမှာ မအိပ်ချင်ဘူး ... မနေ့ကလေ အောက်ထပ်က ဧည့်ခန်းမှာ တွေ့ခဲ့တဲ့ ခုံအရှည်ကြီး ... အဲဒီမှာ အိပ်မယ် ... မမေချိုတေးက ကျွန်တော့် အနားမှာ နေနော်"

ဧည့်ခန်းက Lorenzo ဆိုဖာကြီးတွေကို သူ ပြောတာပါ။ ကလေးအပြောလေးမို့ ရယ်လည်းရယ်ချင်၊ သနားလည်း သနားရသည်။ ဇော်မိုးက သူ့ကိုတွဲပြီး အောက်ထပ်ဆင်းတော့ တေးလည်း အနောက်က ပါလာရသည်။ လှဲအိပ်လိုက်ဖို့ ခေါင်းအုံးလေး ယူပေးတော့ သူ မအိပ်။

"မမေချိုတေးကိုပဲ ခေါင်းအုံးမယ်လေ ... ဆေးရုံက ပြန်လာတုန်းက အိပ်သလိုလေ ..."

တေး ရင်ခွင်မှာ ခေါင်းအုံးချင်တာ။ ဒါတော့ သူက မရှက်ဘူးပေါ့လေ။ သူ့စိတ်ထဲမှာ တေးကို သူ့ရဲ့ အမေ တစ်ယောက်လို့များ ထင်မှတ်နေသလား မသိ။ တေး ရင်ခွင် ထဲမှာ သူ အိပ်မောကျသွားသည်အထိ တေးရော ဇော်မိုးပါ သူ့ကို သနားစိတ်နှင့် ကြည့်နေမိကြရင်း စကား မဆိုမိကြ။ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တော့မှ ဇော်မိုးက စကား စ,သည်။

"ခဏနေကျရင် ကုမ္ပဏီက လူကြီးတွေ ရောက်လာ ကြလိမ့်မယ် အစ်မ၊ လူကြီးတွေ ဆိုပေမယ့် ကျွန်တော့်အရွယ် အစ်ကို့အရွယ်နဲ့ လေးဆယ်ကျော်တွေပါ ... ကုမ္ပဏီက အဓိက လူတွေပေါ့ ... TKN ကုမ္ပဏီခွဲတွေ အားလုံးပေါင်းရင် ဆယ့် ရှစ်ယောက်လောက် ရှိတယ်၊ သူတို့ကတော့ အစ်ကို့အခြေအနေ ကို သိထားမှ ဖြစ်မယ်လေ ... ပြီးတော့ အစ်ကို ဆုံးဖြတ်မှ





ဖြစ်မယ့် ကိစ္စမျိုးတွေလည်း ရှိတော့ အစ်မ လုပ်ငန်းပိုင်းမှာ ဝင်မှ ဖြစ်လိမ့်မယ် ..."

"ကျွန်မလည်း အဲဒီကိစ္စတွေ တွေးမိပါတယ် ... သူ့ လုပ်ငန်းတွေကို သူ မသိတဲ့အချိန်မှာ လျော့ပါးမသွားစေချင် ဘူး ... ဒါပေမယ့် ကျွန်မ ဝင်ဖို့ သင့်တော်ပါ့မလား ကိုဇော်မိုး၊ အများက ကျွန်မကို တစ်မျိုးတစ်မည် ထင်ရင် ကျွန်မအတွက် မကောင်းဘူးလားလို့ ... ပြီးတော့ ကျွန်မကြောင့် ဆုံးဖြတ်ချက် အမှားအယွင်း ဖြစ်တာမျိုးကိုလည်း စိုးရိမ်တယ်"

"အဲဒါတော့ စိတ်ချ အစ်မ ... ကျွန်တော်တို့ အရမ်း မလုပ်ပါဘူး၊ အဲဒါကြောင့် အခု အားလုံးနဲ့ အစ်မကို ဆုံစေ ချင်တာလေ ... ပွဲနေ့တုန်းကတော့ ဒင်နာမှာ အစ်မတို့ ဆုံပြီးသား ဖြစ်မှာပါ၊ သိပ်တော့ မစိမ်းပါဘူး အစ်မ ... အစ်ကို့ အခြေအနေကလည်း မြင်တဲ့အတိုင်းပဲ ဥစ္စာ ..."

"အင်းပေါ့လေ ... ကျွန်မတို့ အကောင်းဆုံးဖြစ်အောင် တိုင်ပင်ကြတာပေါ့ ..."

တစ်ယောက်ပြီး တစ်ယောက် တစ်ဖွဲဖွဲ ရောက်လာကြပါသည်။ ဇော်မိုး ပြောသလိုပါပဲ။ တေးတို့ ဧည့်ခံပွဲမှာ ဆုံဖူးပြီးသားတွေပါ။ ရောက်လာသမျှသူတွေ တေး ဘေးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သူ့ကို တွေ့ကာ မပြုံးနိုင်ကြတော့ချေ။

သူကတော့ အိပ်မောကျနေဆဲပင်။





သူ၊ ဇော်မိုးနဲ့ ရှိနေချိန်မှာ တေး ဘိုးဘိုး၊ ဘွားဘွားဆီ ခဏ ပြေးရသည်။ အရင်က ဘိုးဘိုးနဲ့ ဘွားဘွား အဖော်ရအောင်ဆိုပြီး သူ ထားပေးသော ဒေါ်ပြုံးက စိတ်ချရ၍သာ တော်တော့သည်။ တေးမှာ သူနဲ့ လက်ထပ်ပြီးကတည်းက အိမ်ကို တစ်ခေါက်သာ ရောက်ဖြစ်ပါသည်။ ဒေါ်ပြုံးရဲ့ ဂရုစိုက်မှုနဲ့ ဘိုးဘိုးနဲ့ ဘွားဘွားရော ခိခိပါ ဝလို့ ဖြိုးလို့။ လူကြီးတွေ စိတ်ပူမှာစိုးတာကြောင့် သူ့အခြေအနေကိုလည်း အမှန်အတိုင်း မပြောပြရဲ။ နေမကောင်းလို့ အိမ်မှာ နားနေရဲ့ လောက်သာ ပြောထားရသည်။ မဟုတ်ရင် သူတို့ဆန္ဒကြောင့် တေး စိတ်ညစ်ရတယ်ဆိုပြီးလည်း တွေးကြဦးမှာ။ သူ့အတွက်လည်း စိတ်ပူကြဦးမှာ မလွဲ။

တစ်လနီးပါး ဇာခြည့်လက် အပ်ထားပြီး ဆိုင်ကို ဒီအတိုင်း ပစ်ထားရတာမို့ ဆိုင်တွေကိုလည်း သွားရသေးသည်။ ဇာခြည့်ခမျာလည်း ဆိုင်ကို တေး လက်ရာအတိုင်းဖြစ်အောင် အတတ်နိုင်ဆုံး ထိန်းသိမ်းထားပေးရှာသည်။ ပစ္စည်းသွင်းတဲ့ သူတွေက အဆင်သင့်ရှိပြီးသားမို့ ပေါ်သမျှဒီဇိုင်းတွေ အပတ်စဉ် ရောက်နေတာပင်။ ဆိုင်က ကောင်မလေးတွေကလည်း ဝန်ထမ်းကောင်းလေးတွေမို့ တေး စိတ်ချရတာပါ။

ဘိုးဘိုးတို့ အိမ်နဲ့ ဆိုင်တွေ ပြေးပြီး အိမ်လည်း ပြန်ရောက်ရော သူက တေးကို ဂျီတိုက်ဖို့ အဆင်သင့် စောင့်နေပါသည်။ ဇော်မိုးက အလုပ်ကိစ္စ အရေးကြီးတာကြောင့် ထွက်သွားတာ နာရီဝက်လောက် ရှိပြီတဲ့။ တေးကလည်း ဖုန်းယူမသွားတာကြောင့် တေးကို လှမ်းအကြောင်းကြားလို့ မရကြ။ ထမင်းစားချိန် ကျော်နေတာကို့ ထမင်း မစားပါတဲ့။ တေးလည်း ရောက်ရော သူက အိမ်ရှေ့ဧည့်ခန်းမှာ တစ်ယောက်တည်း ထိုင်နေသည်။





"ဟောတော့ ... ဦးတည်ခန့်နိုင်၊ နေ့လယ်ခင်း မအိပ်ဘူးလား ..."

"ကျွန်တော် အခုထိ ထမင်းမစားသေးဘူး၊ ခင်ဗျား ဘယ်လျှောက်သွားနေတာလဲ ... တစ်မနက်လုံးပဲ ..."

"တေး အလုပ်ကိစ္စတွေ ရှိလို့ပါ ဦးတည်ခန့်နိုင် ... ဇော်မိုးလည်း ရှိနေတော့ စိတ်ချသွားတာပေါ့"

"ဗိုက်ဆာပြီ ... စကားမပြောနဲ့တော့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... တေး သွားပြင်လိုက်မယ်နော်၊ ခဏလေး ..."

ထမင်းစားခန်းထဲ ရောက်တော့ ဒေါ်သိမ်းက အဆင်သင့် ပြင်ပေးပြီးသားပါ။ ရယ်ချင်သလို၊ ငိုချင်သလို မျက်နှာလေးနှင့် ဒေါ်သိမ်းက တေးကို ခပ်တိုးတိုး ရင်ဖွင့်သည်။

"ဆရာ့ကို သနားလိုက်တာ တေးရယ် ... တကယ့်ကို အရင်က အသိစိတ် မရှိတော့တာနော် ... ကလေးတစ်ယောက် လိုပဲ၊ တေး ပြန်မရောက်လာသေးလို့ ဆိုပြီး စူပုပ်နေတာ ...

တေးကို အခုချက်ချင်း ခေါ်ပေးလို့ချည်း ပြောနေတာ ... တေးကလည်း ဖုန်းမှမယူသွားဘဲ ... နောက်ဆိုရင် ဖုန်းယူသွားနော် တေး ..."

"ဟုတ်ကဲ့ ... တေးကလည်း အလုပ်နဲ့ ပတ်သက်တဲ့ ဖုန်းတွေအားလုံး သူ့တပည့်တွေကို ပေးကိုင်ထားလိုက်တာ၊ သူ့ကိုယ်ရေးကိုယ်တာ ဖုန်းတစ်လုံးပဲ ရှိတော့တယ်၊ အဲဒါကို ကိုင်ထားရမှာ အားနာလို့"

"ကိုယ့်ခင်ပွန်းရဲ့ ဖုန်းကို ကိုယ့်ဇနီးက ကိုင်တာပဲကွယ် အားမနာပါနဲ့ ... မလွှဲသာလို့ပဲ ဥစ္စာ"

သူ့မိဘများရှိစဉ်ကတည်းက ဒေါ်သိမ်းရော ဒေါ်တင့်ပါ ရှိခဲ့ကြတာမို့ မိသားစု ရင်းချာတွေလို ဖြစ်နေပါပြီ။ တေးကလည်း သူတို့ကို တလေးတစား ဆက်ဆံတာမို့ လူကြီးပီသ,စွာ အကျိုးသင့်အကြောင်းသင့်ကြောင့် ပြောရဲဆိုရဲ ရှိကြပါသည်။

နှစ်ယောက်သား တိုးတိုးကျိတ်ကျိတ် ပြောနေတုန်း





သူက ထမင်းစားခန်းထဲ ဝင်လာတာမို့ အသံတိတ်သွားကြရသည်။ သူက နှစ်ယောက်စလုံးကို စူပုပ်ပုပ်နှင့် အကဲခတ်သလို ကြည့်ရင်း ...

"စားတော့မယ် ..."

"အဆင်သင့် ဖြစ်ပါပြီ ... စားလို့ရပြီ"

စားလို့ရပြီ ဆိုပေမယ့် သူကိုယ်တိုင် မစားနိုင်သေးတာကြောင့် တေးက ခွံ့ကျွေးရတာပါပဲ။ တမင်သက်သက် တေးခွံ့ကျွေးတာကိုပဲ စားချင်လို့ စောင့်နေတာ အသိသာကြီးပါ။ အခြေအနေ တိုးတက်တယ်လို့တော့ ဆိုရမှာပါပဲ။ အတိတ်မေ့သူအဖြစ် ပြန်သတိရလာပြီး နောက်ပိုင်းက ကိစ္စတွေကိုတော့ သူ အားလုံး အသေးစိတ်မှတ်မိသည်။ တေးက သူ့ကို စိတ်ရှည်လက်ရှည် ပြုစုသူဆိုတာ သူ သိသည်။ ကလေးလိုပဲ တေးက လက်သာလို့ တေးကို သူ တမ်းတနေတာ။

ဒေါ်သိမ်းချက်ပေးထားသော သူ့အကြိုက် ပဲကြီးဟင်းချို၊ မှိုကြော်နဲ့ ဝက်သားအချိုချက်တို့ကိုလည်း သူ မြိန်ရေရှက်ရေ

စားပါသည်။ ထမင်း တစ်လုတ်ခွံ့လိုက်ပြီးရင် ဝါးနေတာ မပြီးတော့။ ပါးထဲမှာ ထမင်းတွေ ပလုပ်ပလောင်း ဖြစ်နေတာ သည် ချစ်စဖွယ်။ အစဉ်အမြဲ တည်နေတဲ့မျက်နှာနဲ့ မင်းသား တစ်ယောက်လို အိုက်တင်ကြီး တစ်ခွဲသား ရှိတတ်တဲ့ ဦးတည်ခန့်နိုင်ဆိုတာ ဘယ်သူမှ ယုံကြမှာမဟုတ်။ ဖြစ်နိုင်ရင် ဗီဒီယိုနဲ့ပါ မှတ်တမ်းတင်ထား လိုက်ချင်ပါသည်။ သူ ပြန် သတိရလာတဲ့အခါ သူ့ကို ပြချင်သေးသည်။

"ကောင်းလား ... စားလို့ ..."

"အင်း ... ကောင်းတယ်"

"နောက်နေ့တွေကျရင် အပြင်မှာ မုန့်လိုက်ကျွေးမယ် နော်၊ အရင်တစ်ခေါက်တုန်းက ဦးတည်ခန့်နိုင် တေးကို ကော်ဖီ လိုက်တိုက်ဖူးတဲ့ Sedona က Coffee Shop မှာလေ ... နော်"

သူက မျက်မှောင်ကြုတ်ကာ ..."

"တော်တော် တင်စီးတဲ့ နာမည်ပဲ"





"ဘာလဲဟင် ... ဆီဒိုးနား ဟိုတယ်လား"

"မဟုတ်ပါဘူး၊ တည်ခန့်နိုင်ဆိုတဲ့ နာမည်ကြီးလေ၊ ဒီကြားထဲ ခင်ဗျားက ဦးဆိုတာ ထည့်လိုက်တော့ ပိုဆိုးသွား တော့တာပေါ့ ..."

တေး ဟက်ဟက်ပက်ပက်ကို ရယ်မိပါတော့သည်။ သူ့ သိပ်နှစ်သက်တယ်ဆိုတဲ့ နာမည်။ စနေသားမို့ တည်ခန့်နိုင် ဆိုတဲ့ နာမည်ကို အမေကိုယ်တိုင် ပေးခဲ့တာဆိုပြီး သူ့နာမည်ကို ဂုဏ်ယူစွာ ပြောတတ်တာ။

"သူက တေးထက် အသက်နှစ်ဆယ်နီးပါး ကြီးတာပဲ လေ ... တေးက ဦးထည့်မခေါ်တော့ ဘယ်လိုခေါ်ရမှာလဲ ရှင် ..."

"ကျွန်တော့် အရင်ဘဝတုန်းက ဘယ်လိုခေါ်ရမယ်လို့ ခင်ဗျားကို မပြောခဲ့ဘူးလား"

"အရင်ဘဝတုန်းက ..."

"အင်းလေ ... အရင်ဘဝ ခင်ဗျားတို့ပြောတဲ့ အတိတ် မမေ့ခင် အရင်ဘဝကို ပြောတာပေါ့"

"ဘာမှ မပြောခဲ့ပါဘူး"

သူက မျက်လုံးထောင့်ကပ်ကာ ခဏ စဉ်းစားဟန် ပြုပြီးမှ …

"အင်း … ဒါဆိုရင် အခု ပြောမယ်၊ အသက်ကြီးတယ် ဆိုတော့ ကို … တည် … ဟင် … မကောင်းပါဘူး … ကိုခန့် အင်း … မဆိုးဘူး … ကိုနိုင် … ရိုးလွန်းတယ်"

သူတစ်ယောက်တည်း အမျိုးမျိုး ပြောနေတာကို ထိုင်ငေးကြည့်ရင်း တေး ပြုံးနေမိသည်။ ဟန်တွေ ပန်တွေ မရှိဘဲ ပြောနေတာလေးကိုက ချစ်စရာကောင်းနေတာ။ တေးတို့ အဖြစ်ကလည်း ရယ်စရာနော် … ။ သူ တေးကို အသည်းအသန် ချစ်တုန်းကတော့ တေးက ခါးခါးသီးသီး။ အခု သူ အတိတ် မေ့နေတော့မှ တေးက သူ့ကို ချစ်မိသွားရသည်။

တေး အချစ်ကို သူသိချင်မှာ မဟုတ်။ အခုအချိန်မှာ သူ သိခဲ့ရင်လည်း နောင်တစ်ချိန် ပြန်သတိရလာတဲ့အခါ မေ့သွားမှာပင်။ ခက်ပဲ ခက်ရချည်ရဲ့။ တေးက သူမသိအောင် ပင့်သက်ရှိုက်မိပါသည်။





"ကိုခန့်ပဲ ကောင်းပါတယ် … နော်၊ ကိုခန့်ဆိုတာပဲ နားထောင်လို့ကောင်းတယ်၊ ခင်ဗျား ကျွန်တော့်ကို ဒီနေ့ကစပြီး ကိုခန့်လို့ ခေါ်တော့ …"

"ကိုခန့် …"

"ဗျာ …"

"ကိုခန့်လို့ ခေါ်တာကတော့ ဟုတ်ပါပြီ၊ တေးကို ခင်ဗျား … ခင်ဗျား မမေချိုတေး … မမေချိုတေးနဲ့ ခေါ်နေတာလည်း သိပ်နားဝင် မချိုဘူးနော်"

တေးလည်း အခွင့်ရတုန်း ပြောရတာ။ မမေချိုတေးလို့ သူ ခေါ်လိုက်တိုင်း တေးရင်ထဲက နာကျင်မှုကို တေး အသိဆုံး။ သူနဲ့ တေး မိုင်တွေအများကြီး ဝေးကွာသွားသလို ခံစားရပါသည်။

တေး အပြောကို သူ ခဏငြိမ်ပြီး စဉ်းစားနေပြန်သည်။ တေးက သူ စဉ်းစားနေတုန်း ထမင်းတစ်လုပ် ရအောင် ခွံ့လိုက်သည်။ ထမင်းလုတ်ကို ကြေညက်သွားအောင် ဝါးပြီးမှ …

"ချိုချိုလို့ ခေါ်မယ်"

"ချိုချို ..."

သူပြောတဲ့ နာမည်ကြီးက ကလေးကလားမို့ တေး မျက်လုံးဝိုင်းသွားရသည်။

"ဘာလဲ ... မကောင်းလို့လား"

"အင်း ... ဒီနာမည်က သိပ်မကောင်းဘူး၊ ဦး ... အဲ ... ကိုခန့်ရဲ့၊ ကလေးနာမည်ကြီးနဲ့ တူတာပေါ့ ... သူများတွေ ကြားရင် ရယ်မှာပေါ့"

"ဒါဆိုရင် ... ချို ... လို့ ခေါ်ရင်ရော ..."

"အဲဒါဆိုရင်တော့ မဆိုးပါဘူး"

ချစ်တေး ... ဟု သူ တမ်းတမ်းမက်မက် ခေါ်ခဲ့ဖူးတာကို သတိရသည်။ သိပ်ကို တိမ်းမူးဖွယ် ကောင်းလွန်းလှစွာ၊ စိတ်ကူးယဉ်ဖွယ် နာမည်တစ်ခုကို သူ အမြတ်တနိုး ခေါ်ခဲ့တာ။ အခုတော့ ကလေးဆန်လှသော နာမည်လေးကို သူ စဉ်းစားမိသတဲ့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အရင်ကလို အခေါ်အဝေါ်မျိုး မဟုတ်တာကတော့ တော်ပါသေးသည်။





ဘယ်တော့များမှ နဂိုအသိစိတ်တွေ ပြန်ရမှာပါလိမ့်။ သူ့အတွက်ပဲ တေးက စာနာသနားမိတာပါ။ တေးအတွက်ကတော့ ဘာမှမသိတဲ့ တည်ခန့်နိုင်ကသာ ချစ်စရာကောင်းနေတာ။ အရင်တုန်းက တည်ခန့်နိုင်ကို တေး ကြောက်ပါသည်။ အမြဲတမ်း တည်နေတဲ့ မျက်နှာထားနဲ့ အမိန့်တွေ ပေးတတ်သူ။ သူလိုချင်တာကို မရရအောင် ယူတတ်တဲ့၊ မပြည့်စုံမှုဆိုတာ စိုးစဉ်းမျှပင် မရှိခဲ့သူ တစ်ယောက်။ ရှေးခေတ်ရာဇဝင်တွေထဲကလို ခိုင်းနိုင်းရရင် လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ သူမျိုး။ အဲဒီလို လူတစ်ယောက်ဟာ ကလေးသာသာ သူများပြုသမျှ နရမယ့်အဖြစ်မျိုးနဲ့ ကြုံနေရတာ။

စိတ်ချပါ ဦးတည်ခန့်နိုင်။

တေး တတ်နိုင်စွမ်းသမျှ ရှင့်အတွက် ကူညီပါ့မယ်။

"ဘာတွေ တွေးနေပြန်ပြီလဲ ... ချို့ဦးလေ"

သူ စိတ်မရှည်စွာ သတိပေးမှ တေး သတိဝင်သည်။ တေးတစ်ယောက်တည်း စိတ်မကောင်းဖြစ်ရတာ မဟုတ်၊

ဒေါ်တင့်နဲ့ ဒေါ်သိမ်းတို့လည်း အခန်းဝက လာချောင်းနေကာ မျက်ရည်သုတ်နေကြတာ ဖြစ်သည်။



၇။

"အခု ထပ်ရမယ့် မြေကွက်တွေမှာ အိမ်ရာစီမံကိန်း တစ်ခု ထပ်ဆောက်မယ်လို့ ကျွန်မ စဉ်းစားထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေရာက အချက်အချာကျတယ်၊ မြေသား အနေအထားအရလည်း ခိုင်မာမှုရှိတယ်၊ ကျွန်မတို့ မယူရင် ( ... ... ) Group က ယူသွားမယ် မဟုတ်လား၊ သူတို့လက်ထဲကိုတော့ အရောက်မခံနိုင်ဘူးလေ၊ အားလုံးရဲ့ သဘောကရော ..."

သူ့ကိုယ်စား တေးက သူ့အလုပ်မှာ ဝင်လာခြင်းအတွက် သိပ် လက်မခံချင်သူ တချို့ ရှိတာကို တေး သိပါသည်။ တေးလို အသက်သုံးဆယ်ပင် မပြည့်သေးသော မိန်းကလေး တစ်ယောက်ဟာ သိပ်ကိုများပြားလှတဲ့ လုပ်ငန်းတွေရဲ့ ဦးဆောင်သူ မဖြစ်သင့်ဘူးလို့ ယူဆသူက ယူဆသည်။ သူနဲ့ အိမ်ထောင်သက် ရက်ပိုင်း၊ လပိုင်းသာ ရှိသေးတဲ့ ဇနီး တစ်ယောက်ကို လုပ်ငန်းကြီးတစ်ခုလုံး ချက်ချင်း အုပ်ချုပ်ဖို့ မယုံကြည်သင့်ဘူးလို့ ထင်သူက ထင်သည်။

ဒါပေမယ့် ... တေးကလွဲရင် ကျန်တဲ့သူတွေအားလုံးဟာ သူနဲ့ ဘာမှ မတော်စပ်ကြသူတွေချည်းပဲ မဟုတ်လား။ တေး တစ်ယောက်ကသာ သူ့ရဲ့ ဇနီးဆိုတဲ့ တော်စပ်မှု ရှိသေးသည်။ ဘယ်သူတွေ ဘာပြောပြော တေး ဂရုမစိုက်နိုင်ပါ။ သူ ဦးဆောင်မှု မရှိတဲ့ အခိုက်အတန့်မှာ တေးက သူ့နေရာကို စေတနာသန့်သန့်နှင့် ကူညီပေးချင်တာ ဖြစ်သည်။ သူ့ပစ္စည်း ဥစ္စာတွေကို ဘာတစ်ခုမှ လျော့ပါးမသွားစေချင်။ တိုးသထက် တိုးလာစေဖို့သာ တေး ရည်ရွယ်ပါသည်။





အစောပိုင်းမှာတော့ တေးကို လိုက်လှဲလှသူ သိပ်မရှိလှ။ တေးရဲ့ လုပ်ငန်းအပေါ် စိတ်ပါဝင်စားမှုနဲ့ မှန်ကန်တိကျမှု ကြိုးစားမှုတို့ကို တဖြည်းဖြည်း သိလာကြပြီး နောက်ပိုင်းမှာ တော့ သူတို့ တေးကို လက်ခံလာကြပါသည်။ ဆုံးဖြတ်ချက် တိုင်းကိုလည်း လုပ်ငန်းခွဲ၊ ကဏ္ဍတိုင်းက သူတွေကို အဆိုး အကောင်း တိုင်ပင်ဝေဖန် သုံးသပ်ပြီးမှ ဆုံးဖြတ်တာကြောင့် တေးရဲ့ ဆုံးဖြတ်ချက်တွေက အမှားအယွင်းလည်း နည်းပါ သည်။

ရန်ကုန်မြို့ထဲက ပရောဂျက်တွေကိုတော့ တေး အပတ် စဉ် (သူရှိတုန်းက အချိန်ဇယားအတိုင်း) သွားရပါသည်။ သူ့ကိုယ်စား မဖြစ်မနေ တက်ရသော အစည်းအဝေးများကို လည်း ရှိဖန်ရံခါ သွားရတတ်ရဲ့။ ဖော်မိုးကတော့ သူနဲ့ ကတည်းက သူ့မန်နေဂျာလည်း ဟုတ်၊ ကိုယ်ရေးအတွင်းရေးမှူး လည်း ဟုတ်တာမို့ တေးနဲ့ လိုက်ပေးပါသည်။ တချို့လုပ်ငန်း ကိစ္စတွေမှာ တေးက ရပ်ပြပေးရုံ ဖြစ်ပြီး အသေးစိတ်ကို ဖော်မိုးပဲ ဖြေရှင်းပေးရသည်။

"ဒါတောင် နယ်ထွက်ဖို့ကိစ္စတွေ ရှိသေးတယ် အစ်မရဲ့ မြစ်ကြီးနား ပရောဂျက်က အစ်မ မသွားလို့ မဖြစ်ဘူး၊ ပုဂံ ဟိုတယ်ကင်း (Hotel King Bagan) ကလည်း အခုတလော ကွန်ပလိန်း အရမ်းတက်တယ်၊ တစ်ခေါက်လောက်တော့ အစ်မ သွားရလိမ့်မယ် ... နောက် မန္တလေးမှာလည်း ဇာရတ ကုန်သည်ကြီးများနဲ့ စာချုပ် ချုပ်ဖို့ ရှိသေးတယ်"

"ဒီတစ်ရက်နှစ်ရက်ဆိုရင်တော့ သူလည်း လက်က ကျောက်ပတ်တီး ဖြေရပါပြီ၊ အဲဒီအခြေအနေကို စောင့်ရဦးမယ်လေ၊ ပြီးမှ ခရီးသွားဖို့ စီစဉ်တာပေါ့၊ သူလည်း စိတ်ဖြေ လက်ပျောက် ဖြစ်တာပေါ့၊ ဩော် ... ဒါနဲ့ ကိုဇော်မိုးရေ ... တစ်ခု ပြောရဦးမယ် ..."

"ပြောပါ ... အစ်မ"

လုပ်ငန်းအရရော၊ အိမ်က လူနာကိစ္စတွေ အတွက်ပါ တေးနဲ့ ဇော်မိုးမှာ သွားလေရာ အတူတူ ဖြစ်နေကြရတာ အခုလို သူ နေမကောင်းချိန်မှာ ပတ်ဝန်းကျင်က တစ်မျိုး





တမည် ထင်သွားရင် မကောင်းပါ။ ဇော်မိုးနဲ့ တေးက အသက်အရွယ်ချင်းလည်း မတိမ်းမယိမ်းမို့ အမြဲတမ်း အနီးကပ် ရှိနေကြမို့ မသင့်တော်တာမို့ အမျိုးသမီးဝန်ထမ်းတစ်ယောက်ကို အနားမှာ ထားဖို့ စိတ်ကူးရလို့ပါ။ ဟိုတယ်နဲ့ အုပ်ချုပ်မှုရုံးမှာတော့ အမျိုးသမီးဝန်ထမ်းတွေ ရှိပါသည်။ သူရှိစဉ်တုန်းကတော့ ဒီလိုပဲ အပြောအဆိုလွတ်အောင် သူ့အနားမှာ ယောကျ်ားတွေပဲ ထားခဲ့ဟန်တူသည်။ တေးလည်း အပြောအဆိုလွတ်အောင် တေးအနားမှာ အမျိုးသမီး ဝန်ထမ်း တစ်ယောက် ထားမှ ဖြစ်တော့မည်။

"ကိုခန့် ကိစ္စတွေရော ... အလုပ်ကိစ္စတွေရောနဲ့ ကိုဇော်မိုး တစ်ယောက်တည်း အရမ်းအလုပ်ရှုပ်နေမလားလို့ ... Staff ထဲက တစ်ယောက်ယောက်ကို ထပ်ပြီး ခေါ်ထားလိုက်ရရင် ကောင်းမလားလို့ပါ ..."

တေးရဲ့ ဆိုလိုရင်းကို ဇော်မိုးကလည်း သဘောပေါက်ပါသည်။

"ကောင်းပါတယ် အစ်မ ... ကျွန်တော်လည်း အစော ကတည်းက စိတ်ကူးမိသေးတယ်၊ အစ်မ မကြိုက်မှာစိုးလို့ မပြောဖြစ်တာ၊ အသစ်ခန့်ချင်သလား ... လက်ရှိထဲကပဲ တစ်ယောက် ခေါ်မလား ... အစ်မ"

"ကိုဇော်မိုး ဘယ်လိုစိတ်ကူးရလဲ ... ကျွန်မကတော့ ဒီက Staff တွေနဲ့ သိပ်လည်းမရင်းနှီးတော့ ..."

"မပဒုမ္မာ ဆိုရင်ရော ..."

"ကျွန်မလည်း စဉ်းစားမိပါတယ်၊ ဟိုရက်ကတောင် တွေ့ဖြစ်သေးတယ်၊ ဒါပေမယ့် Marketing Director ကနေ Personal Assistant ဆိုတော့ သူ မပြောင်းချင်မှာ စိုးလို့ပါ"

"ပြောင်းချင်မှာပါ အစ်မ ... သူငယ်ချင်း အချင်းချင်း ဆိုတော့ အစ်မတို့ တိုင်ပင်ဖော်လည်း ရတာပေါ့နော် ... ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

ဇော်မိုးက ချက်ချင်းပင် သွားပြီး စီစဉ်တော့မည့်ပုံစံမို့ တေးက တစ်စုံတစ်ခုကို သတိရသွားရင်း ...





"ဪ ... ခဏလေး ကိုဇော်မိုး၊ ကျွန်မ မရှင်းတာလေး တစ်ခု ရှိလို့"

"ဟုတ်ကဲ့ ... အစ်မ"

"ပဒုမ္မာတစ်ယောက် သူ့ဟိုတယ် Hotel King Yangon ကို တေးကို အသိမပေးဘဲ လျှို့လျှို့ဝှက်ဝှက် ပြောင်းသွားတာရော၊ သူနဲ့ ရန်ကင်းစင်တာမှာ မကြာခဏ ဆုံဖူးတာကိုရော၊ အဲဒီနှစ်ခုကို တေး စိတ်ထဲမှာ သိချင်နေမိသည်။ ပဒုမ္မာနဲ့ သူ့ကြားမှာ ဘာပတ်သက်မှုမျိုး ရှိခဲ့ဖူးသလဲ လို့ပါ။ ဇော်မိုးကတော့ သူ့ကိုယ်ရေးကိုယ်တာ ကိစ္စတွေမပါ သိပ်ရတာမို့ ပဒုမ္မာ့ကိစ္စလည်း ဇော်မိုး သိနိုင်ပါလိမ့်မည်။

"ကျွန်မ တစ်ခု သိချင်လို့ပါ ... ကိုဇော်မိုးလည်း သိလိမ့်မယ် ထင်လို့ ... ပဒုမ္မာနဲ့ သူ့ကြားမှာ ပတ်သက်မှု တစ်ခုခု များ ရှိခဲ့သလားဟင် ... ကျွန်မ သိခွင့်ရှိမလား"

ဇော်မိုးက ပြုံးပါသည်။ သူ့ဆရာရဲ့ ဇနီးဟာ အခုမှ သူ့ဆရာကို သဝန်တိုစကား ပြောရှာထင်ပါရဲ့။ မေးမိပြီးမှ

မထူးတော့တာမို့ တေးက အဖြေကိုပဲ နားစွင့်နေလိုက်သည်။

"သိခွင့်ရှိပါတယ် အစ်မ ... အစ်ကိုနဲ့ မပဒုမ္မာနဲ့ကြားမှာ ဘာပတ်သက်မှုမှ မရှိပါဘူး၊ ကျွန်တော် ရဲရဲကြီး အာမခံပါတယ်၊ ဒါပေမယ့် ဆရာက မပဒုမ္မာကို ဆက်နွယ်မှုတစ်ခုကြောင့် ရင်းနှီးခဲ့တာတော့ မှန်ပါတယ်"

"ဆက်နွယ်မှု ..."

တေး ရင်ထဲမှာ ဆို့နင့်နင့်ကြီး ဖြစ်သွားရသည်။ ဘယ်လို ဆက်နွယ်မှုမျိုးလဲ။ ပတ်သက်မှု မရှိဘူးလည်း ဆိုသေးရဲ့။

"ဟုတ်ကဲ့ ... အဲဒီ ဆက်နွယ်မှုက အစ်မပါပဲ၊ မပဒုမ္မာက အစ်မရဲ့ သူငယ်ချင်း၊ လုပ်ငန်းတူ ပါတနာဖြစ်နေလို့ပါ၊ အစ်မ မျက်နှာနဲ့ သူ့ကို အလုပ်ခန့်ခဲ့တာပါ၊ သဘောကတော့ အစ်မနဲ့ ရင်းနှီးချင်လို့ ... ဆက်စပ်ချင်လို့ပါ"

ဒါဆိုရင် ပဒုမ္မာ ဘာကြောင့် တေးကို ပွင့်ပွင့်လင်းလင်း မပြောခဲ့တာပါလိမ့်။ အဲဒီအချိန်တုန်းကတော့ မျှော်လင့်ချက်





တစ်ခုခုလည်း ပဒုမ္မာ့ရင်ထဲမှာ ရှိခဲ့ဟန်တူပါသည်။ အင်းပေါ့လေ ... လွတ်လပ်သော မိန်းကလေး တစ်ယောက်ဟာ လွတ်လပ်သော သူ့ကို လွတ်လပ်စွာ စိတ်ကူးယဉ်ခွင့် ရှိတာပဲ။ ဒါကို တေး အပြစ်မမြင်ပါ။ ပြီးတော့ အခုချိန်မှာ သူ့ကို ပိုင်ဆိုင်ရသူသည် မေချိုတေးပဲ မဟုတ်လား။

တေး ပုံစံက တွေဝေနေတဲ့ပုံစံ ပေါက်သွားလို့လားတော့ မသိ။

"တကယ်လို့ အစ်မ အဆင်မပြေရင် ကျွန်တော် တခြားတစ်ယောက် ..."

"နေ ... နေ ... ကိုဇော်မိုး၊ တခြားလူ မရှာပါနဲ့၊ ပဒုမ္မာ့ကိုပဲ ခေါ်ပါ၊ ကျွန်မ အဆင်ပြေပါတယ်၊ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမယ့် ပဒုမ္မာ့ ဆန္ဒကိုလည်း အရင်မေးပါနော်၊ ပဒုမ္မာ သဘောမတူရင် မလုပ်ပါနဲ့"

ပဒုမ္မာ သဘောတူတာကြောင့် နောက်ရက်မှာ HR မန်နေဂျာ လက်မှတ်နှင့် ပဒုမ္မာ့ကို ကိုယ်ရေးလက်ထောက်

ခန့်သည့် စာ ထုတ်ပေးပါသည်။ ဇော်မိုးကိုလည်း ကားတစ်စီး ပေးသုံးထားတာမို့ ပဒုမ္မာ့အတွက်လည်း နေ့တိုင်း ရုံးတက် ရုံးဆင်းကို သီးသန့် ဖယ်ရီ သဘောမျိုး စီစဉ်ခိုင်းလိုက်သည်။ ကျန်တဲ့ အချိန်တွေကတော့ တေးနဲ့ အတူရှိနေတာမို့ သီးသန့် ကား မလိုပါ။

ဘာပဲပြောပြော ပဒုမ္မာ တေးအနား ရောက်လာတာမို့ အရင်ကထက် ပိုပြီး သွားလာရတာ အဆင်ပြေသွားပါသည်။ ဇော်မိုးလည်း အမြဲတမ်း တေးနောက်ကို လိုက်ပေးစရာ သိပ် မလိုတော့ဘူးပေါ့။

မိန်းမသား ဖြစ်ရတာ အထူးသဖြင့် အိမ်ထောင်ရှင် မိန်းမသား တစ်ယောက် ဖြစ်ရတာ တကယ် မလွယ်လှ။ ပတ်ဝန်းကျင်ရဲ့ အပြောအဆို အဆေးအဖန် လွတ်အောင် ဂရုတစိုက် နေရတာ။ ဒီကြားထဲမှာ ကိုယ့်ဘေးမှာ မှားမား မတ်မတ် ရပ်ပေးမယ့် ခင်ပွန်းသည်ရဲ့ ကျန်းမာရေးကလည်း စိတ်ပူရသေးသည်။





"အစ်မကို ရတာ အစ်ကို သိပ်ကံကောင်းတယ်၊ ခင်ဇလပ်ဖြူလို မိန်းမမျိုးဆိုရင်တော့ ဒီအချိန်မှာ အစ်ကို့ လုပ်ငန်းတွေထဲက ရသမျှ အကျိုးအမြတ်ကို သိမ်းကျုံးယူမှာပဲ"

ဝင်ငွေများကို တေး စေ့စေ့စပ်စပ် ရှိလှသည့်အခါ ဇော်မိုးက တစ်ခါတစ်ရံ ပြောတတ်လေသည်။ တေးကတော့ သူတို့ သုံးသပ်ချက်ကို ဒီအတိုင်း ပြုံး၍သာ နားထောင်နေ ဖြစ်ပါသည်။ အခုအချိန်ထိ တေး ကိုယ်ရေးကိုယ်တာ သုံးစွဲ နေတာသည် တေးရဲ့ ဆိုင်က တေးရဲ့ ကိုယ်ပိုင် ပိုက်ဆံတွေ ဆိုတာ သူတို့ သိကြရင်တော့ ဘယ်လိုပြောကြဦးမည် မသိ။ တေးရဲ့ ကိုယ်ရေးကိုယ်တာ အတွက် သူ သတိပြန် မရလာ မချင်း သူ့ငွေတွေကို မသုံးဘူးလို့ တေး ဆုံးဖြတ်ခဲ့တာ သူ အတိတ်မေ့သွား ကတည်းကပင်။ သူ သတိရလာတဲ့ အခါ တေးကို ငွေကြေးနဲ့ ပတ်သက်ပြီး တစ်မျိုး မြင်မှာမျိုးကို တေး မကြုံချင်လို့ ဖြစ်သည်။

ငွေကြေးကိစ္စတင် မဟုတ်၊ ဘယ်ကိစ္စနဲ့မှ တေးက တစ်မျိုး အမြင်မခံချင်တာပါ။ လင်မယားချင်း မာနကြီးတယ်ပဲ ဆိုချင်ဆို။ သူသတိရလာတဲ့အခါ တေးအတွက် ပျော်ရွှင်စရာများ ပြန်ယူဆောင်လာဖို့သာ မျှော်လင့်မိခဲ့ရုံလေးပင်။





ညာဘက်လက် အရိုးကောင်းစွာဆက်ပြီး စိတ်ချရသော အချိန်မှာတော့ သူ့ ညာဘက်လက်မှ ကျောက်ပတ်တီးကို ဖြေပါသည်။ မလှုပ်ရှားရတာ ကြာ၍ တစ်မျိုးဖြစ်နေတာက လွဲလို့ အကောင်းပကတိ ပြန်ဖြစ်၍ စိတ်အေးရသည်။ စိတ်တစ်ခုကလွဲလို့ ကျန်တာအားလုံး အရင်အတိုင်း ပြန်ဖြစ်သွားပြီမို့ တေးတို့တွေ ဂရုတစိုက် ပြုစုကျိုးနပ်ပါသည်။

ကျောက်ပတ်တီးနဲ့တုန်းကလို ရေချိုးတာကအစ အသေးစိပ်လည်း လိုက်ပြီး ဂရုစိုက်နေစရာ မလိုတော့။ ဒါပေမယ့် ထမင်းကိုတော့ တေးက ခွံ့ကျွေးရဆဲ။ တေး ပြောပြနိုင်တဲ့ တေးနဲ့ ပတ်သက်တဲ့ သူ့ဘဝ အစိတ်အပိုင်းကို တေးက

ပြော၊ တခြားသူတွေကလည်း သူတို့နဲ့ ပတ်သက်သမျှကို ပြောနှင့် တည်ခန့်နိုင်ဆိုသော လူတစ်ယောက်၏ နဂိုမူလ ဘဝကို သူ အနည်းငယ်တော့ ရင်းနှီးလာပါသည်။

ညဘက် အိပ်ရာမဝင်ခင် လသာဆောင် ဝရန်တာမှာ ထိုင်ဖြစ်ကြသည့် အချိန်မျိုးမှာ တစ်ခါတစ်ရံ သူက စိတ်လို လက်ရ ပြောတတ်သည်။

"ဒါဆို ကျွန်တော်တို့ နှစ်ယောက်က ရည်းစားဖြစ်ပြီးမှ ယူကြတာ မဟုတ်ဘူးပေါ့ ... ကျွန်တော်တို့ စ,တွေ့တုန်းက ချိုက ကျွန်တော့်ကို စိတ်မဝင်စားဘူးပေါ့ ... ဟုတ်လား"

"အင်း ... ဟုတ်တယ်၊ ကိုခန့်ကို တေး စိတ်မဝင်စားပါဘူး ... ကိုခန့် ပုံစံက သိပ်ကို မြင့်မားတဲ့ လူတစ်ယောက်ဆိုတာ သိသာတာပဲဥစ္စာ၊ တေးက သာမန် မိန်းကလေးတစ်ယောက်ပဲလေ ... တေး စိတ်ကူးလည်း မယဉ်တတ်ဘူး ..."

"ကျွန်တော်က စိတ်ဝင်စားတယ် ထင်တယ်နော်"

သူပြောပုံကလည်း တေး ဘယ်လိုဖြေရမှန်းကို မသိခဲ့။





သူ့ရဲ့ ခံစားချက်တွေကို တေးမှ မသိတာ။ သူ့ကို ဒီအတိုင်း အဖြေမပေးဘဲ ငြိမ်သက်နေဖြစ်တော့လည်း ဘာမှ ဆက်မမေး တော့။ သူ့ မျက်နှာမှာတော့ ပကတိ အရိုးခံသက်သက်ကိုသာ တွေ့ရပါသည်။

"ကျွန်တော့်ကို မချစ်ဘဲ လက်ထပ်ခဲ့ရတော့ မမှန်းဘူး လား ..."

အဲဒီလို ရှာရှာကြံကြံ မေးခွန်းမျိုးတွေလည်း သူက မေးတတ်သေးရဲ့။ တေးက ရယ်ကာ ...

"ကိုခန့် ဘယ်လိုထင်လို့လဲ"

"ကျွန်တော် တွေ့နေရတာတော့ အားလုံးထဲမှာ ချိုက ကျွန်တော့်ကို ဂရုအစိုက်ဆုံးပဲ ... ကျွန်တော့်ကို ချို မမုန်းပါဘူး"

"အဲဒါဆိုလည်း အဲဒီအတိုင်းပေါ့ ... မဟုတ်ဘူးလား"

"နောက်ပြီးတော့ အရင်တုန်းက ကျွန်တော်က ရုပ်တယ် ဆို ..."

"အဲဒီကိစ္စတွေကို တေး သိပ်မသိပါဘူး ..."

တေးက ဝိနည်းလွတ်ရုံသာ ဖြေဖြစ်သည်။ မဟုတ်ဘူးလည်း မပြော၊ ဟုတ်တယ်လည်း မဆိုဖြစ်။

"ကျွန်တော် အရင်တုန်းက ဘယ်လိုလူပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ပါ၊ အခုအချိန်မှာတော့ ကျွန်တော့်မှာ ချိုပဲရှိပါတယ်၊ ကျွန်တော့်အပေါ်မှာ အကောင်းနိုင်ဆုံးက ချိုပါပဲ"

"သတိရလာတဲ့ အချိန်ကျရင်လည်း ဒီစကားမျိုးကိုပဲ ပြောနိုင်ပါစေလို့ ဆုတောင်းပါတယ်"

သူကတော့မသိ။ တေးကတော့ အဲဒီလို သူနဲ့ ဝရန်တာမှာ ထိုင်ဖြစ်ကြသော ညတွေမှာ ကိုယ့်အခန်းကို ကိုယ်ပြန်ရောက်တဲ့အခါ အတွေးတွေများပြီး တော်တော်နဲ့ အိပ်မပျော်။ သူဟာ အချိန်အကြာကြီး အတိတ်မေ့နေဦးမှာလား။ လူ့ဘဝကြီးမှာ ဘယ်အချိန်မှာမှ သာမန်လူတစ်ယောက်လို သူရှင်သန်လှုပ်ရှားနိုင်မှာလဲ။ တကယ်လို့များ သူ သတိမရခင်မှာ တေး တစ်ခုခု..ဖြစ်သွားခဲ့ရင် ... ။

ကံကြမ္မာဆိုတာ ကြိုတင်ပြီး မှန်းဆနိုင်တဲ့ အရာမျိုးမှမဟုတ်ဘဲ။ သူကိုယ်တိုင်တောင်မှ ဘယ်လိုမှ တွေးမထားခဲ့





ဘူးတဲ့ အခြေအနေ တစ်ခုနဲ့ ကြုံခဲ့ရတာ။ တေးတို့ နောက်တစ်ကြိမ် ကံမဆိုးတော့ဘူးလို့ မပြောနိုင်။

တေးသည် အမျိုးမျိုး တွေးပြီး ရင်ပူရပြန်သည်။ လူတစ်ယောက်ကို ချစ်မိခြင်းရဲ့ ဒုက္ခကို တေး ခံစားတတ်လာပါပြီ။ ကိုယ်ချစ်တဲ့သူအတွက် စိုးရိမ်ရခြင်းဟာ သိပ်ကိုပူလောင်လှတာ။ ၁၅၀၀ အချစ်က ၅၂၅ အချစ်နဲ့ မတူမှန်းကိုလည်း အခုမှ တေး လက်တွေ့ကြုံရတော့သည်။ တေး တစ်သက်လုံးမှာ ဖေဖေနဲ့ မေမေ ဆုံးသွားပြီးကတည်းက အဘိုးနဲ့အဘွားကိုသာ တွယ်တာရာမို့ အဘိုး၊ အဘွား မကျန်းမာရင် စိတ်ပူရတာကို ပူလောင်လှပြီ ထင်ခဲ့မိသမျှ ကိုယ့်ချစ်သူအတွက် ပူပင်ရတာနဲ့ ယှဉ်တော့မှ အဆပေါင်းများစွာကွာမှန်း သိနေတော့တာ။

ဒါပေမယ့် အဲဒီ ပူလောင်မှုတွေကို တေး ကိုယ်တိုင်ကလည်း မက်မက်မောမော ထွေးပိုက်ထားဆဲ မဟုတ်လား။

ပေါ့၊ ကိုဇော်မိုး ပင်ပန်းရင် ကျွန်မလည်း တစ်လှည့် မောင်းပေးလို့ ရပါတယ်၊ အေးအေး ဆေးဆေး မောင်းသွားကြတာပေါ့ ...”

တေးနဲ့ သူက နောက်ခန်းမှာ ထိုင်၊ ဇော်မိုးက ကားမောင်းပြီး ပဒုမ္မာကတော့ ရှေ့ခန်းက ကားမောင်းသူဘေးကခုံမှာ ထိုင်ပါသည်။ သူ့ကို တစ်လမ်းလုံး တေးတို့သုံးယောက်သား တစ်ယောက်တစ်ပေါက် ပြောလာခဲ့ကြသည်။ သူကတော့နားထောင်ရင်းနဲ့ ဘာတစ်ခုမှ စဉ်းစားလို့ မရတဲ့အပြင်အိပ်ငိုက်သွားလေသည်။ ခေါင်းကို ထိပြီးမှ သောက်ရတဲ့အာရုံကြော ဆေးတွေကြောင့် သူ ခဏခဏ အိပ်ငိုက်လာပြီ။ပုံပြောတာ နားထောင်ရင်း အမေ့ရင်ခွင်ထဲမှာ အိပ်ပျော်သွားရသည့် ကလေးငယ် တစ်ယောက်နှယ်။

အိပ်ပျော်သွားပြီး ပြန်နိုးလာတဲ့အခါ အရင်တုန်းကအသိဉာဏ်တွေနဲ့ လူကောင်းပကတိ ပြန်နိုးထလာမလားလို့တေး မျှော်လင့်မိဖူးတာ အကြိမ်ကြိမ်။ ဒါပေမယ့် သူသာ





သူနဲ့အတူ ခရီးထွက်ရသည့် အချိန်များကတော့ တေးဘဝအတွက် ပျော်ရွှင်ဖွယ်ကောင်းသော ရှားရှားပါးပါး အချိန်တွေပါ။ သူကလည်း အချိန်တိုင်း အိမ်တွင်းပုန်းနေရတာကြောင့် ပြင်ပ ခရီးသည် သူ့အတွက် အထူးတဆန်း။ မန္တလေးနဲ့ ပုဂံကို သူက လေယာဉ် မစီးသွားချင်ဘူးဆိုတာကြောင့် အိမ်က ကားနဲ့ပဲ သွားဖို့ စီစဉ်ရပါသည်။

“ဦးထွန်းကို မခေါ်ပါနဲ့တော့ အစ်မ ... ကျွန်တော်မောင်းနိုင်ပါတယ်၊ ခါတိုင်းလည်း အစ်ကိုနဲ့ ခရီးထွက်တိုင်းကျွန်တော် မောင်းနေကျပါ ...”

“ဒါဆိုလည်း ကျွန်မတို့ လေးယောက်ပဲ သွားတာ

အရင် ဦးတည်ခန့်နိုင် ပြန်ဖြစ်ခဲ့ရင် အခုလို ချစ်စရာကောင်းတော့မယ် မထင်။ အရင် တည်ခန့်နိုင်မှာက သူတစ်ပါးရဲ့ အတွင်းစိတ်ကို ထိုးထွင်းအကဲခတ်နိုင်တဲ့ စူးရှလှသော အကြည့်တစ်စုံနဲ့ ပြုံးခဲလှတဲ့ နှုတ်ခမ်းတွေ ရှိရဲ့။ အခု တည်ခန့်နိုင်ကတော့ အစဉ်အမြဲ ပြုံးနေတတ်သော နှုတ်ခမ်းတွေနှင့် လောကကြီးကို မသိနားမလည်လှသော အပြစ်ကင်းသည့် မျက်ဝန်းတစ်စုံ ပိုင်ဆိုင်လေသည်။

သူ့အချစ်ကို တေး တဖြည်းဖြည်း နားလည်လက်ခံလာနိုင်တာက တေး သူ့ကို ချစ်မိသွားပြီး တေးရဲ့ အချစ်တွေကို သူ မသိတဲ့၊ မခံစားတတ်တဲ့ အချိန်မှာ ဖြစ်သည်။ ဟိုအရင်တုန်းက သူလည်း တေးကို ဒီလိုပဲ ချစ်ခဲ့မှာပဲ။ တေးကသာ သူ့ရဲ့ အရှိန်အဝါတစ်ခုကို ကြောက်ရွံ့ကာ သူ့ရဲ့အချစ်ကို မခံစားတတ်ခဲ့တာ။ အခုလည်း သူက အချစ်ကို နားမလည်တတ်တဲ့ သူတစ်ယောက် ဖြစ်နေခဲ့ပြီ။

"ရှင်က ကျုပ်ကို အထင်လွဲခဲ့သေးတယ် မဟုတ်လား





တေးရဲ့ … ကျုပ် သိပါတယ်နော် … အထင်လွဲမယ်ဆိုရင်လည်း လွဲချင်စရာပဲလေ၊ ကျုပ်က ဘာမပြော ညာမပြောနဲ့ Hotel King Yangon ကို ပြောင်းသွားတာကိုး … အဲဒီတုန်းက ကျုပ်လည်း စိတ်ကူးယဉ်နေမိတာပေါ့ဟယ် … သိတယ်မဟုတ်လား …"

ဖြူးက အဓိပတိမှာ ထမင်းစားပြီး ဇော်မိုးနဲ့ တေးခဏ ဂျူတီချိန်းပြီး မောင်းဖြစ်သည်။ ပဒုမ္မာက တေး ဘေးနားမှာ တေး အိပ်မငိုက်အောင် ရောက်တတ်ရာရာတွေ ပြောနေရင်း ဘာစိတ်ကူးပေါက်သည် မသိ။ အရင်က ကိစ္စတွေကို တေးတို့ နှစ်ယောက်စလုံး အလုပ်အတူတူ လုပ်နေကြပေမယ့် အတတ်နိုင်ဆုံး မပြောဖြစ်ခဲ့ကြ။ တစ်ခုခုပြောလိုက်ရင် တစ်မျိုးကြီးဖြစ်ပြီး တစ်ယောက်နဲ့ တစ်ယောက် ရှိန်သွားမှာလည်း စိုး၍ပါ။

"ဘာဖြစ်လို့လဲ"

တေးက တမင် မသိချင်ယောင်ဆောင်ပြီး မေးလိုက်ပါ

သည်။ နောက်ကြည့်မှန်က တစ်ဆင့် အနောက်ခန်းက နှစ်ယောက်ကို အကဲခတ်ကြည့်လိုက်တော့ တကယ် အိပ်ပျော်နေတာလား၊ တေးတို့ လွတ်လွတ်လပ်လပ် စကားပြောစေချင်လို့လားတော့ မသိ။ ဇော်မိုးက အိပ်နေသည်။ သူကတော့ တေးတို့ကို ဂရုမထားဘဲ ကားအပြင်ဘက် ရှုခင်းတွေကို ငေးလို့ ...။ ဒါပေမယ့် သူ မကြာခင်မှာ အိပ်ပျော်သွားဦးမှာပါ။

"ဩော် ... ကျုပ် စိတ်ထဲမှာ ရယ်ချင်လို့ပါ တေးရဲ့၊ ကျုပ်က သူကျုပ်ကို အလုပ်ခေါ်ခန့်တာရော၊ ကျုပ် ရန်ကင်းစင်တာမှာ ဆိုင်ရှိတယ်ဆိုတာနဲ့ Aroma မှာ သူ ကော်ဖီလာသောက်တတ်တယ်ဆိုပြီး ချက်ချင်းကြီး ဖြစ်သွားတာရောကို စိတ်ကူးယဉ်တာပေါ့ဟာ ... ငါ့ကို သူ ကြွေနေပြီဆိုပြီး ..."

"အင်း ... တေးလည်း သူ ရှင့်ကို စိတ်ဝင်စားတယ်လို့ပဲ သိခဲ့တာပဲလေ"





"အဲဒါကြောင့် ရယ်စရာကောင်းတာပေါ့၊ ကျုပ်ကို ရှင့် သူငယ်ချင်းမို့လို့ သူက စိတ်ဝင်စားတာလေ ... ရှင့်ကား ပျက်လို့ တွေ့ကြကတည်းက ရှင့်ကို သူ သဘောကျသွားတာတဲ့ ... တစ်ခုတော့ ရှင်နဲ့ ကျုပ် ကျေပါတယ်နော် တေး၊ ကျုပ်က Hotel King Yangon ကို ပြောင်းတဲ့အကြောင်း ရှင့်ကို မပြောခဲ့သလို ရှင်ကလည်း သူနဲ့ ကားပျက်တုန်းက သူနဲ့တွေ့တယ်ဆိုတာ ကျုပ်ကို မပြောပါဘူးနော်"

တေး ရယ်လိုက်မိသည်။ ဟုတ်သား;ပဲ။ အဲဒီအကြောင်းကို တေး တမင်ကို မပြောဖြစ်ခဲ့။ ဘာရယ်တော့မဟုတ်။ မလိုအပ်လှဘူး ထင်လို့ပါ။

"အင်း ... ဟုတ်တယ်၊ လျှို့ဝှက်ထားတာတော့ မဟုတ်ပါဘူး ပဒုမ္မာရယ် ... မပြောမိတာပါ၊ ဘာကြောင့်မှတော့ မဟုတ်ဘူး"

"ကျုပ် သိပါတယ် ... နောက်တော့ သူ ပြောပါတယ်၊ ရှင်က သူ့ကို တွေ့တာနဲ့ သရဲသဘက် တွေ့သလိုပဲတဲ့ ...

ပြုံးလည်း မပြုံးနိုင်တော့ဘူးတဲ့၊ ဒါပေမယ့် အဲဒီလို သူ့ကို ကြောက်တဲ့ မိန်းကလေးကိုမှ သူက ချစ်မိသွားတယ်တဲ့”

သူ ဘယ်တုန်းက ပဒုမ္မာ့ကို ပြောခဲ့ပါလိမ့်။ အင်းပေါ့လေ ... သူတို့က အလုပ်အတူတူ လုပ်ခဲ့ကြတဲ့ သူတွေပဲ ဥစ္စာ။ တေးကသာ သူနဲ့ လက်ထပ်ခဲ့ရပေမယ့် သူ့အကြောင်းကို ဘာမှ သိပ်သိတာ မဟုတ်။

“မျက်နှာကြီး အီးမှန်တဲ့ပုံ ဖြစ်မသွားပါနဲ့ တေးရယ်၊ ကျုပ်နဲ့သူက အလုပ်ရှင်အလုပ်သမား ဆက်ဆံရေးပဲ ရှိတာပါ၊ ဒီအကြောင်းတွေကို သူပြောတာက ရှင့်အိမ်ကို သူ ပထမဆုံး ရောက်တဲ့နေ့လို့ ပြောတယ်၊ အဲဒီနေ့ကလေ ရှင် သူ့ကို နောက် မပတ်သက်ဖို့ ပြောလိုက်တယ်ဆို ... ရှင် မှတ်မိလား”

“အင်း ... မှတ်မိတယ်လေ”

“အဲဒီနေ့က ရုံးကို ဝုန်းဒိုင်းကျဲပြီး ပြန်လာတယ်လေ၊ Underground ကားပေါ်ကင်မှာတောင် ဝင်ကျူးခဲ့သေးတယ်၊ အဲဒီနေ့က လုပ်ငန်းခွဲတွေက ဝန်ထမ်းအားလုံးကို တွေ့ဖို့





လုပ်ထားတာကိုတောင် ရက်ရွှေ့လိုက်တယ်လေ ... ဒေါ်လာ သန်းချီပြီး မြတ်မယ့် လုပ်ငန်းတစ်ခုအတွက် ချိန်းထားတဲ့ အပွိုင့်မင့် တစ်ခုကိုတောင် ငြင်းလိုက်တယ် ကြားတာပဲ ... ပြီးတော့ ကျုပ်ကို သူခေါ်ပြီး တွေ့တယ်”

ဒီအကြောင်းတွေ တေး မသိခဲ့။ သူလည်း မပြော၊ ဖော်မိုးလည်း တေးကို ဘာမှ မပြောခဲ့ပါ။ ကားတိုက်မိတာကိုတော့ တေးတို့ လက်ထပ်တဲ့ ညတုန်းက သူ ပြောခဲ့သည်။

“ဟုတ်လား ... ”

“အဲဒီမှာ ပြောခဲ့တာပေါ့၊ ပြီးတော့ သူ့တပည့် တစ်ယောက် အနေနဲ့ ကျုပ်ကလည်း သူ့တပည့် ဖြစ်သွားတာကိုလေ ... သူ ရှင့်ကို လက်ထပ်နိုင်ဖို့ သူ့ကို ကူညီရမယ့် တဲ့ ... ရှင့်ကို သူ မရ ရအောင် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီတဲ့၊ တကယ်လို့ သူ မတရားဘူး ထင်ရင်တော့ ကျုပ် သူ့ဆီက နုတ်ထွက်နိုင်တယ်တဲ့”

ပြောရင်းနှင့် ပဒုမ္မာက ထိုအချိန်ကို ပြန်သတိရသွား

သည်။ နုတ်ထွက်တာ မထွက်တာက အကြောင်းမဟုတ်။ ပဒုမ္မာ အရည်အချင်းနဲ့ ဆိုရင် ချက်ချင်း အလုပ်ခန့်ကြမှာကို ယုံကြည်ပြီးသား။ Hotel King Yangon မှာ မလုပ်ရလည်း ဘာမှမဖြစ်။ ဒါပေမယ့် သူ့ မတရားဘူးထင်ပြီး မကူညီနိုင်ပါဆိုရင် ပဒုမ္မာကပဲ ဒဿဂီရိလို မိန်းမကြမ်းကြီး ဖြစ်ရဦးမည်။ ကိုယ့်သူငယ်ချင်းရဲ့ အချစ်ရေးကိုပဲ ဖျက်လိုဖျက်ဆီး လုပ်တဲ့ နာမည်ဆိုးကြီး တွင်ဦးမည်။

"အခုထိ မနုတ်ထွက်သေးပုံထောက်ရင်တော့ ရှင် ရှင့်ဘော့စ်ကို ကူညီခဲ့တယ်ပေါ့လေ ... မိန်းမ ... ကြည့်စမ်း ... ကိုယ့်သူငယ်ချင်းကို ရှင် သစ္စာဖောက်တယ်ပေါ့လေ၊ အဘိုးနဲ့ အဘွားက ဘာဖြစ်လို့များ ဒီလောက် အချိန်တိုလေးအတွင်းမှာ သူ့ကို သဘောကျသွားပါလိမ့်လို့ ထင်နေတာ ... လက်စသတ်တော့ ရှင်က အလိုတူ အလိုပါကိုး"

ပဒုမ္မာက တေး စိတ်တိုကာ အသည်းတယားယား ဖြစ်နေပုံကို ကြည့်ပြီး ရယ်နေလေသည်။ သူ့မှာ ဘယ်လို အစွမ်းအစတွေ ရှိလို့များ အဘိုးနဲ့ အဘွားက တေးကို သူ့





လက်ထဲ ယုံကြည်စိတ်ချလွန်းစွာ အပ်ခဲ့ရပါလိမ့်လို့ တေးဉာဏ်မီသလောက် တွေးကြည့်လို့တောင် မရခဲ့။ အခုမှပဲ တရားခံက ပေါ်တော့သည်။ အတွင်းလူပါတာကိုး။ ပဒုမ္မာကတော့ တေးရဲ့ ပါတနာမို့ အဘိုး အဘွားကလည်း သူတို့ မြေးမ,လို သဘောထားကာ ချစ်ကြရှာပါသည်။ ပဒုမ္မာက တေးတို့ အိမ်သားလိုကို ဖြစ်နေတာ။

"ပြောစမ်းပါဦး ... ပြောစမ်းပါဦး ... ကိုယ့် သူငယ်ချင်း တစ်ယောက်လုံးကို သူများလက်ထဲ ရောက်သွားအောင် ရှင် ဘယ်လိုများ အကျိုးဆောင်ခဲ့လဲ"

"ဟဲ ... ဟဲ ... သိပ်ပင်ပင်ပန်းပန်းကြီးတော့ မဟုတ်ပါဘူး၊ ရှင့်ကို သူ လက်ထပ်ခွင့်တောင်းလာတာ လေးငါးနှစ် ရှိပြီပေါ့ ... ရှင်က အဘိုးအဘွားကိုလည်း စိတ်မချတော့ ဒီတစ်သက်လုံး အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားပြီး လက်မခံဘူးပေါ့၊ သူက ရှင့်ကို တကယ် မေတ္တာသက်ဝင်ပြီး ဖွဲမလျှော့တာပေါ့ ... ပြီးတော့ သူက ဘယ်သူဘယ်ဝါပေါ့ဟယ် အဲဒီလောက်ပါပဲ"

"ဩော် ... အဲဒီလော့ကက်ပါပဲ ... ဟုတ်လား ... တစ်ခု ကျန်ပါသေးတယ်"

"ဘာတစ်ခု ကျန်တာလဲ"

တေးက တေးလည်ပင်းမှာ ဆွဲထားသော (ဘယ်တုန်းကမှလည်း မချွတ်ဘူးသော) ပလက်တီနမ် ဆွဲကြိုးနှင့် ပတ္တမြား စိန်အသည်းပုံ လော့ကက်ကို ကုတ်အင်္ကျီအပြင်ဘက် ထုတ်ပြလိုက်ရာ ...

"ဒီမှာလေ ..."

သူ ပေးတုန်းကတော့ သူ့စိတ်ကူးနဲ့ တေးစိတ်ကူး တိုက်ဆိုင်လှတယ် ထင်ခဲ့တာ၊ အခုတော့ အဲဒီ လျှို့ဝှက်ချက်ကိုလည်း သူ ပဒုမ္မာ့ဆီက ရခဲ့တယ်ဆိုတာ တေး မှန်းဆလို့ ရသွားသည်။ သိပ်လည်တဲ့ ဦးတည်ခန့်နိုင်ပါလား။

ပဒုမ္မာက မျက်လုံးလေး ဝိုင်းသွားရင်း ...

"ဘာဖြစ်လို့လဲ တေးရဲ့ ..."

"ဒီလော့ကက်လေးကို ကျုပ် ကြိုက်တဲ့အကြောင်းလည်း ရှင် ရှင့်ဘော့စ်ကို သတင်းပေးခဲ့တာပဲ မဟုတ်လား"





"အဲဒီလော့ကက်က ရှင် ဝယ်ထားတာ မဟုတ်ဘူးလား တေးရဲ့ ... ကျုပ် တကယ် ဘာမှ အဲဒါနဲ့ ပတ်သက်လို့ မပြောမိဘူး ... သူလည်း မမေးဘူး"

ပဒုမ္မာ့ အဖြေကြောင့် တေး ရင်ထဲ ကြည်နူးသွားရသည်။ ဒါဆိုရင် သူ့စိတ်ကူးနဲ့ပဲပေါ့။ မမျှော်လင့်ဘဲ တေးရဲ့ စိတ်ကူးနဲ့ တိုက်ဆိုင်သွားတာပါ့။ တေးတို့ ရင်ထဲမှာ ထပ်တူ ညီမျှတဲ့ အချစ်တွေ တစ်ချိန်ချိန် ရှိလာလိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ့နော်။

အခု တေးလည်း သူ့ကို သူ့ရင်ထဲက အချစ်တွေနဲ့ ထပ်တူ ချစ်နေမိပြီဆိုတာ ပြောချင်ပါသည်။

နောက်ကြည့်မှန်က တစ်ဆင့် လှမ်းကြည့်တော့ သူက ဖော်မီး ပခုံးကို မှီကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေပြီ။

# အပိုင်း (သုံး)

## ၈။

ဘာလိုလိုနဲ့ တေးတို့ လက်ထပ်ခဲ့တာ တစ်နှစ်ပြည့်ခါနီးပြီ ဖြစ်သလို သူ အတိုက်မေ့နေခဲ့တာလည်း တစ်နှစ်ပြည့်ခါနီးပါပြီ။ သူ့ ကျန်းမာရေး အခြေအနေကတော့ အတိတ်ကို သတိမရတာကလွဲလို့ လူကောင်းတစ်ယောက်ထက် ပိုလို့တောင် ဒေါင်ဒေါင်မြည် နေပါသေးသည်။ တေး တာဝန်လွှဲယူထားရသော သူ့လုပ်ငန်းတွေသည်လည်း တေးနဲ့ အံဝင်ခွင်ကျ

ဖြစ်နေခဲ့ပြီ။ သူ ရှိစဉ်တုန်းကလို ပုံမှန်လည်ပတ်နေသလို တချို့ လုပ်ငန်းတွေဆို သူ့လက်ထက်ကထက်တောင် ပိုလို့ တိုးတက်လာသေးရဲ့။

တေးကိုယ်တိုင်လည်း ဒီဘဝကြီးမှာ အတော်လေး နေသားကျလာသည်။ မနက်မိုးလင်းလို့ မျက်လုံးဖွင့်တာနဲ့ သူ့အတွက် ပြင်ဆင်ကျွေးမွေးပြီး ရုံးကို ပြေး၊ ဆိုဒ်တွေထဲကို ပြေး၊ စက်ရုံတွေဆီ ပြေးနဲ့ အလုပ်ကျသွား (တစ်ခါတစ်ရံ မှာတော့ သူက တေးနဲ့အတူ အပျင်းပြေ ကားလိုက်စီးတတ်သည်။) ပြီးတော့ ထမင်းစားချိန်အမီ အိမ်ပြန်ပြီး သူနဲ့ ထမင်းစား၊ ပြီးရင် အရေးကြီး အလုပ်ရှိရင်တော့ အပြင်ပြန် ထွက်၊ မရှိရင် သူ့အနားမှာနေပြီး စာတွေ ဖတ်ပြ၊ စကားတွေ ပြောပြ။ ညရောက်ရင်လည်း ညဆေးသောက်ပြီး သူ အိပ်ပျော် သွားတော့မှ ကိုယ့်အခန်းကို ကိုယ်ပြန်ပြီး အလုပ်တွေ ပြန်လုပ်ပြီး အမောဖြေရသည်။ အဲဒါ တေးရဲ့ တစ်နေ့တာ လှုပ်ရှားမှုပါပဲ။





အရင်တုန်းက သူလည်း အခုလိုပဲ ပင်ပန်းမှာလို့ တွေးမိရင်တော့ လတ်တလော အမောတွေ ပြေရသည်။ ပြီးတော့ တေးမှာ မျှော်လင့်ချက် ရှိသည်လေ။ တေးရဲ့ စေတနာတွေကြောင့် သူ တစ်နေ့တော့ သတိပြန်ရလာမယ်ဆိုတာ တေး ယုံကြည်ပါသည်။

မေချိုတေးကို ချစ်ဖို့ တည်ခန့်နိုင် ပြန်ရှင်သန်မှ ဖြစ်မှာပေါ့။

ဟုတ်ဘူးလား ... ။

တစ်နှစ်လည်း တေး စောင့်မယ်၊ နှစ်နှစ်လည်း တေး စောင့်မယ် ... ဆယ်နှစ်၊ အနှစ်နှစ်ဆယ်မကလို့ တစ်သက်လုံး ဆိုရင်တောင် တေးက ပျော်ပျော်ကြီး စောင့်တော့မှာပင်။

ကလေးဆန်ဆန်နဲ့ မသိနားမလည်တတ်တဲ့ ကိုခန့်ပဲ ဖြစ်ဖြစ်၊ အင်မတန် လူကြီးဆန်တဲ့ တည်ခန့်နိုင်ပဲ ဖြစ်ဖြစ် ...

သူ့ကို တေး သိပ်ချစ်နေရပါပြီ။

တေး အချစ်တွေကို သူ နားလည်သိနိုင်လာမယ့်

နေ့ဟာ ကမ္ဘာနှစ်ဆန်း တစ်ရက်နေ့ ဆိုဦးတော့ တေး စိတ်ရှည်စွာ ချစ်နေမှာ ဖြစ်သည်။

**"ချစ်တေး … အခု ကိုယ့်ကို မချစ်သေးမယ့် နောင်တစ်ချိန်မှာ ချစ်လာမယ်ဆိုတာ ကိုယ် ယုံကြည်ပါတယ် … ပြီးတော့ ချစ်တေးကို ကိုယ် တစ်သက်လုံး ချစ်သွားမယ်ဆိုတာကိုလည်း ကိုယ် ကတိပေးပါတယ်"**

သူပြောခဲ့ဖူးသော စကားက မှန်တော့မှန်နေပြီပဲ။ တေး သူ့ကို တစ်နေ့တော့ ချစ်လာလိမ့်မယ် ဆိုတာ သူ ပိုင်ပိုင်နိုင်နိုင်ကို သိနှင့်နေခဲ့တာ ထင်ပါရဲ့။ သူ တစ်သက်လုံး တေးကို ချစ်သွားမယ်ဆိုတာကိုလည်း တေးက ယုံကြည်ပါသည်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ … ကိုခန့်ဆိုတဲ့ သူစိမ်းဆန်ဆန် လူတစ်ယောက် အနေနဲ့ တေးရဲ့ ဘေးမှာ ရှိနေတာကိုပဲ ကျေနပ်ရဦးမှာ။ တစ်ဖက်သတ် ချစ်ရတဲ့ ဝင့်ကြွေးကို တေး ကိုယ်ချင်းစာတတ်စေဖို့ ကံကြမ္မာက တမင် ညှဥ်းထားတာ





နေမှာပါ။ တေးရဲ့ ချစ်နိုင်စွမ်းတွေကို စမ်းသပ်ပြီးတဲ့ တစ်နေ့ကျရင် ကံကြမ္မာက တေးအတွက် လက်ဆောင်ကောင်းတစ်ခု ပေးမယ်ဆိုတာ တေး ယုံကြည်ပါသည်။

❀ ❀ ❀

"ဒေါ်မိုးမိုးထွန်း ဒီနေ့ညနေ ဖလိုက်နဲ့ ရောက်မယ်တဲ့ အစ်မ … အစ်မတို့ အိမ်မှာပဲ တစ်ည တည်းခိုချင်တယ်တဲ့၊ ဒေါ်မိုးမိုးထွန်းနဲ့အတူ သူ့အမျိုးသား ကိုမိုက်ကယ် ပါမယ်တဲ့၊ မနေ့က E-mail ဝင်လာတယ် အစ်မ … မနက်ဖြန်မနက် စောစော ပုဂံကို ခရီးဆက်မယ်တဲ့"

"ဒေါ်မိုးမိုးထွန်း …"

တေးက ထိုနာမည်ကို ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

သူ့ရဲ့ ဇနီးဟောင်း မိုး …။

သူနဲ့ မကွာရှင်းခင်ကတည်းက နိုင်ငံခြားကို ပါရဂူဘွဲ့ယူဖို့ ထွက်သွားခဲ့သည်ဆိုသော ဒေါ်မိုးမိုးထွန်း။ မြန်မာပြည်ကို ပြန်လာခဲ့ပြီပေါ့။





တေးတို့ လက်ထပ်ခါနီးတုန်းကတော့ သူက တေးတို့ မင်္ဂလာဖိတ်စာကို ဒေါ်မိုးမိုးထွန်းဆီ ပို့ပေးခဲ့တာ တေးသိသည်။ အရင်က သူတို့နှစ်ယောက်ကြားမှာ ဘယ်လိုအဆက်အသွယ်မျိုး ရှိခဲ့သလဲတော့ တေး မသိ။

"အရင်တုန်းကတော့ ဒေါ်မိုးမိုးထွန်းက ဟိုမှာ Student Visa နဲ့ နေတာထင်တယ် … အခု ဟိုမှာ Immigrate လုပ်တော့မယ်တဲ့ … Immigrate မလုပ်ခင် ဒီမှာ သူ့နာမည်နဲ့ ရှိခဲ့တာတွေကို အစ်ကို့ နာမည်နဲ့ လွှဲပေးမလို့တဲ့"

"သူ့နာမည်နဲ့ …"

"ဟုတ်တယ် အစ်မ … ကျွန်တော်တို့ မလိုအပ်ဘူးထင်လို့ မပြောတာပါ … အစ်ကို့ ပိုင်ဆိုင်မှုတွေထဲက Hotel King Yangon ရဲ့ မြေကွက်တို့၊ မန္တလေးက ကစားကွင်း ဖွင့်ထားတဲ့ မြေတို့၊ တချို့အိမ်တို့က ဒေါ်မိုးမိုးထွန်းနာမည်နဲ့ပါ၊ နာမည် မပြောင်း မလွှဲပေးရသေးပေမယ့် ဒေါ်မိုးမိုးထွန်းက အစ်ကို့ကို အကုန်ပေးခဲ့ပြီးသားပါ၊ အခု

ဟိုမှာ Immigrate လုပ်တော့ ဒီကိစ္စတွေ ပြဿနာရှိမှာ စိုးလို့ ထင်ပါတယ်”

ဇော်မိုး စကားကို တေး အံ့သြမှင်သက်ကာ နားကြားလွဲသလား ထင်မိသေးသည်။ တေး ထင်ထားခဲ့တာက သူနဲ့ ဒေါ်မိုးမိုးထွန်း ကြားမှာ ဘယ်လို ပတ်သက်မှုမျိုးမှ မရှိတော့ဘူးလို့ပါ။ အခုတော့ သူ့လုပ်ငန်းတွေရဲ့ အဓိက အရာတွေဟာ ဒေါ်မိုးမိုးထွန်းရဲ့ ပိုင်ဆိုင်မှုတွေတဲ့၊ ကွာရှင်းကြပြီးသားဖြစ်ပေမယ့် သူတို့နှစ်ယောက် အဆက်အသွယ် မပြတ်ကြဘူးပေါ့။ တေး၏ အတွေးတွေကို ဇော်မိုးက သိနေဟန်နှင့် ...

“စိတ်တော့ မပူပါနဲ့ အစ်မ ... အစ်ကိုနဲ့ ဒေါ်မိုးမိုးထွန်းကြားမှာ ဘာအဆက်အသွယ်မှ မရှိခဲ့ပါဘူး၊ ဒေါ်မိုးမိုးထွန်းက ဟိုကို ထွက်သွားပြီး နှစ်နှစ်ကြာတော့ လက်ထပ်လိုက်တယ် ... အဲဒီတော့မှ အစ်ကို့ကို ကွာရှင်းစာချုပ် လှမ်းပို့တာတဲ့ အစ်မရဲ့၊ သူ့အပြစ်နဲ့ သူမို့ ဘာပစ္စည်းကိုမှလည်း မယူတဲ့ပုံပါ”

“အင်းလေ ... ဘာအဆက်အသွယ်ပဲ ရှိခဲ့ ရှိခဲ့ပါ ... အခု





အချိန်မှာတော့ ဘာမှ မတတ်နိုင်ပါဘူး ... သူက နာမည်ပြန်လွှဲပေးမယ်ဆိုတော့ ကိုခန့်နဲ့တော့ ပြောဆိုဦးမှာပဲပေါ့၊ အိမ်မှာ တည်းမယ့် ဥစ္စာ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့က ကျွန်မတို့ရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့ ဖြစ်နေတယ်”

ဒီတော့မှ ဇော်မိုးလည်း သူ့ဆရာရဲ့ ရောဂါကို သတိရသွားပုံ ရသည်။

“ဟုတ်သားပဲနော် ... အစ်ကိုနဲ့ တွေ့လို့ ဖြစ်ပါ့မလား၊ အစ်ကို ခရီးထွက်သွားတယ်ဆိုရင်ရော အစ်မ”

“မလုပ်ပါနဲ့ ... အမှန်အတိုင်းသာ ပြောလိုက်ပါ့မယ်၊ သူ ဆုံးဖြတ်ပစေပေါ့ ... မလွှဲပေးတော့ဘူး ဆိုရင်လည်း ဒီ့လိုပဲပေါ့၊ ဘာပဲပြောပြော ဖုံးကွယ်ထားရင် ပိုပြီး မကောင်းဖြစ်လိမ့်မယ်”

“ဟုတ်ကဲ့ ... ဒါဆို ကျွန်တော် ပြင်ဆင်စရာရှိတဲ့ စာရွက် စာတမ်းတွေကိုတော့ ပြင်ဆင်ထားလိုက်မယ်၊ ညနေ ငါးနာရီကျရင် ကျွန်တော် လေဆိပ်မှာ သွားကြိုလိုက်မယ်”

"ကျွန်မလည်း လိုက်မယ် ကိုဇော်မိုး ... ကျွန်မကို အိမ်မှာ ဝင်ခေါ်လိုက်"

ဒီနေ့ အိမ်မှာ မင်္ဂလာတစ်နှစ်ပြည့်တဲ့ နေ့မို့ မနက်စောစော အရုဏ်ဆွမ်း ကပ်ပါသည်။ ရုံးမှာလူတွေနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတချို့သာ ဖိတ်ထားတာမို့ ဧည့်သည်တော့ သိပ်မရှိလှ။ ရုံးချိန်အမီ ပြန်ကြရသူများမို့ ၉ နာရီကျော်ကျော်မှာ လူရှင်းသွားသည်။ လူရှင်းသွားတော့မှ ဇော်မိုးက ဒီအကြောင်းကို ပြောခြင်းပါ။

သူ သတိရနေရင် သိပ်ကောင်းမှာပဲကွယ်။ ပစ္စည်းဥစ္စာတွေကို မရလိုက်မှာ စိုးလို့တော့ မဟုတ်။ သူ့ဇနီးဟောင်းနဲ့ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကို သံသယရှိနေလို့ပါ။ ဒေါ်မိုးမိုးထွန်းဟာ ဘယ်လိုအမျိုးသမီးမျိုး ပါလိမ့်။

သူ့အိမ်သားလို ဖြစ်နေသော ဒေါ်တင့်နဲ့ ဒေါ်သိမ်းကို ဒေါ်မိုးမိုးထွန်းအကြောင်း မေးမှဖြစ်တော့မယ်မှန်း တေးဆုံးဖြတ်လိုက်ပါသည်။





"မမိုးက သူ့ကျောင်းစာကလွဲရင် ဘာမှစိတ်ဝင်စားတာ မဟုတ်ဘူး ... အမှန်တော့ မမိုးနဲ့ ဆရာက ကျောင်းနေဘက် အိမ်နီးချင်း သူငယ်ချင်းတွေပဲ ... မိဘချင်း ရင်းနှီးတော့ မိဘတွေက စီစဉ်တာလေ ... သူတို့ လက်ထပ်ပြီး အိမ်ထောင်သက် နှစ်နှစ်လောက်ပဲ ခံပါတယ်၊ မမိုးက နိုင်ငံခြား ထွက်သွားတာပဲ ... ဆရာကလည်း မတားပါဘူး၊ အခု မမိုးက ဟိုမှာ အိမ်ထောင်ပြုထားတာ ကြာပြီပဲ"

"မမိုးကြောင့် ဆရာ့ခမျာ တော်တော် စိတ်ဆင်းရဲရတာ တေးရဲ့၊ အိမ်ထောင်သက် နှစ်နှစ်မှာ မမိုးက ဆရာ့ကို တစ်ခါမှ ထမင်း ချူးမကျွေးဖူးဘူး ... ထမင်းလက်ဆုံလည်း မစားကြဘူး၊ မမိုးကလည်း သူ့ကျောင်းစာအုပ်တွေနဲ့ မျက်နှာနဲ့ မခွာဘူး ... ဆရာကလည်း အလုပ်နဲ့ တစ်နေကုန် အိမ်မကပ်ဘူး ..."

တေး ကြားရသမျှတို့က သူနဲ့ ဒေါ်မိုးမိုးထွန်းရဲ့ အစေးမကပ်မှုတွေချည်းသာ ဖြစ်လေသည်။ ဒါတောင်မှ

သူ့ကို ပိုင်ဆိုင်မှုတွေအားလုံး ပေးသတဲ့။ ဒေါ်မိုးမိုးထွန်းသည် ထူးဆန်းသော အမျိုးသမီးတစ်ယောက် ဖြစ်ပါလိမ့်မည်။

ဒီညနေမှာပဲ တေးသည် သူ့ရဲ့ ဇနီးဟောင်း ဒေါ်မိုးမိုးထွန်းနဲ့ ဆုံရဦးမှာကတော့ လောလောဆယ် ရှောင်လွှဲလို့မရသော ကိစ္စတစ်ခုသာ ဖြစ်ပါသည်။





"နေမကောင်းဘူး ဆိုပေမယ့် ခန့်က အရင်အတိုင်းပါပဲ၊ အိုင်တို့တွေ ဆယ်နှစ်နီးပါး မတွေ့ရပေမယ့် ခန့်က ဘာမှ မပြောင်းလဲဘူး ... အတိတ်ကို ခန့် ခဏမေ့နေတာ ကောင်းပါတယ် ... မဟုတ်ရင် အိုင့်ကို ရန်လိုဠတိုက်တဲ့ စကားတွေချည်း ပြောနေဦးမှာ ..."

ဒေါ်မိုးမိုးထွန်းက တေး ထင်ထားတာထက် ပိုပြီး ထူးဆန်းနေခဲ့ပါ၏။ သွက်လက်တက်ကြွသော အနောက်တိုင်းဆန်လှသည့် အမျိုးသမီး ဖြစ်ပြီး သူမ အတွေးအခေါ်တွေက ခပ်ဆန်းဆန်း။ သူမ သူ့ကိုခေါ်သည့် အခေါ်အဝေါ်ကို ကြားတော့ တေးကို သူခေါ်ခိုင်းသည့် 'ကိုခန့်' ဆိုသော အခေါ်

အဝေါ်ကို တွေးမိသည်။ သူ့စိတ်ထဲမှာ အကြောင်းတော့ ရှိသေးတာပဲ။

"ယူက သိပ်ရဲရင့်တဲ့ မိန်းကလေးပဲ တေးရဲ့၊ သူများဆိုရင် ဒီရောဂါကိစ္စကို ဖုံးကွယ်ထားမှာပဲ၊ ယူ့မျက်လုံးတွေကို ကိုယ်သိပ်ကြိုက်တယ် ... ယူ့အလှက သိပ်မထူးခြားပေမယ့် ရှန်းမထွက်နိုင်တဲ့ ဆွဲဆောင်မှုတစ်ခု ယူ့မှာရှိတယ် ... ပြီးတော့ စိတ်သဘောထား ပြည့်ဝပြီး ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ယူ့ပုံစံက သိသာတယ်၊ အဲဒါကြောင့် ခန့်က ယူ့ကို ချစ်တာ"

တေးကိုလည်း ပွင့်ပွင့်လင်းလင်း ဝေဖန်လိုက်သေးရဲ့။ သူ့ရောဂါအကြောင်းကို တေး ဖုံးကွယ်မထားတာကိုလည်း ချီးကျူးလို့မဆုံး။ ဇော်မိုး ပြောသလို ဖုံးကွယ် မထားလို့ဘဲ တော်ပါသေးသည်။ မဟုတ်ရင် သူမက အားမနာတမ်း အပြစ်ပြောဦးမှာ။ သူ့ရောဂါအခြေအနေကို ဟိုမှာကတည်းက ကြားပြီးသားတဲ့။ တေးတို့ ဖုံးကွယ် ထားခဲ့ရင်တောင် မရိုးသားမှု ဖြစ်သွားနိုင်သည်။





သူမခင်ပွန်း ကိုမိုက်ကယ်ကတော့ ခပ်အေးအေး။ သူမတို့ ပြောသမျှ ဘာမှလည်း ဝင်မစွက်။ မြန်မာနိုင်ငံအကြောင်း သိကောင်းစရာ စာအုပ်တစ်အုပ်နှင့် ငြိမ်သက်နေသည်။

"တကယ် ... ခန့်နဲ့ အိုင်နဲ့က ဇာတ်ချက်ကလေးမှ မျက်နှာကြော တည့်ကြတာ မဟုတ်ဘူး ... ဒီအချိန်မှာသာ အရင်က ခန့်ဆိုရင် အိုင့်ကို စကားစစ်ထိုးနေလောက်ပြီ ... ဟုတ်တယ်နော် ... ခန့်"

သူမက သူ့ကို အဖော်စပ်သေးသည်။ သူက ဘုမသိ ဘမသိ အူကြောင်ကြောင်နှင့် ခေါင်းညိတ်တော့ တေး ပြုံးရသည်။

"မဆိုးဘူး ... အရင် ခန့်က Very Proud ပဲ၊ အခု ခန့်ကမှ Very Sweet ... အတိတ်ကို သတိမရရင်လည်း မရနဲ့ပေါ့ ခန့်ရယ် ... ဒီအတိုင်းလည်း ကောင်းပါတယ်"

"အဲဒါတော့ ဘယ်ဖြစ်မလဲ မမိုးမိုးရဲ့၊ တေးရဲ့ ခင်ပွန်းကိုတော့ တေး ပြန်ပိုင်ဆိုင်ချင်ပါသေးတယ်"

တေးက ချက်ချင်းတုံ့ပြန်တော့ သူမက just joking ဟုဆိုကာ ရယ်နေသည်။ ဖော်မိုး ပြင်ဆင်ထားတဲ့ စာရွက်စာတမ်းတွေမှာလည်း လက်မှတ်ကို ချက်ချင်း ထိုးပေးသည်။ ကောင်းသည် ဆိုးသည်လည်း တစ်ခွန်း မပြော။ ဒေါ်တင့်တို့ကတောင် သူမရဲ့ ပြောင်းလဲသွားမှုအတွက် တအံ့တဩ ရှိနေကြလေသည်။ အရင်တုန်းက ဒေါ်မိုးမိုးထွန်းဟာ သိပ်အတ္တကြီးသတဲ့။ အခုတော့ လူ့ဘဝ အတွေ့အကြုံတွေက သင်ကြားပေးလိုက်ပြီ ထင်သည်။ ဒေါ်မိုးမိုးထွန်းသည် တော်တော် ပြည့်ဝသော အမျိုးသမီး ဖြစ်နေပြီ။

သူ့ဇနီးဟောင်းအဖြစ် တေး သူမကို ရှိန်မနေအောင်လည်း သူမ ဖန်တီးနိုင်သည်။

"အိုင် ဆုတောင်းပါတယ်၊ ခန့်လည်း အမြန်ဆုံး နေကောင်းပါစေလို့ ... ယူတို့နှစ်ယောက် အနှစ်တစ်ရာတိုင် ပါစေလို့ ..."

ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ၊ လုပ်ငန်းအကြောင်းတွေ ပြောကြနှင့် အဲဒီညက ဆယ့်တစ်နာရီထိုးခါနီးမှ အိပ်ရာဝင်ဖြစ်ကြပါသည်။ တေးတို့နှစ်ယောက် ဒီတစ်ညတော့ မင်္ဂလာဦး အခန်းမှာ ခဏပြန်နေရပါသည်။ အပေါ်ထပ်မှာ အိပ်ခန်းသုံးခန်းပဲမို့ သူ လက်ရှိ နေနေတဲ့ အခန်းကျယ်ကို ဒေါ်မိုးမိုးတို့ စုံတွဲအတွက် ပြင်ဆင်ပေးလိုက်ရသည်။ ဒေါ်တင့်တို့ကလည်း ဒေါ်မိုးမိုးထွန်း ရောက်နေတုန်း တေးတို့ကို အခန်းခွဲ မအိပ်စေချင်ကြ။ သူတို့ဆရာရဲ့ ပျော်ရွှင်အောင်မြင်သော အိမ်ထောင်ရေးကို ကြွားချင်ကြသည်။ နောက်ဆုံးတော့ တခြားအခန်းမှာ သွားအိပ်နေရင် မသင့်တော်တာမို့ တေးသည် သူနဲ့အတူ မင်္ဂလာဦးအခန်းမှာ အိပ်ရတော့သည်။

ဒီမင်္ဂလာဦးအခန်းကို တေးရော သူပါ မရောက်တာ တစ်နှစ်ရှိပြီ။ နောက်ဆုံး ရောက်တာ မှတ်မှတ်ရရ သူဆေးရုံက ဆင်းလာတဲ့နေ့။ အဲဒီနေ့ နောက်ပိုင်းမှာ မဝင်ဖြစ်တော့။ သူ အတိတ်ကို သတိမရသေးဘဲနဲ့ ဒီအခန်းကို ပြန်မဝင်တော့ဘူးလို့ တေး ဆုံးဖြတ်ထားခဲ့တာ။

အခုတော့ ... ထိုဆုံးဖြတ်ချက်ကို တေး ဖျက်ရတော့မည်။

❀ ❀ ❀





တယ်လီဖုန်းသံ မြည်လာချိန်သည် ည (၁၂) နာရီနဲ့ နှစ်ဆယ်မိနစ်။ တေး မျက်လုံးတွေ ဖွင့်ပြီး ထိုင်လိုက်ချိန်မှာ သူလည်း နိုးလာသည်။ တေးက ခုတင်ဘေးရှိ စားပွဲပုလေး ပေါ်က ဟန်း(ဒ်)ဖုန်းကို လှမ်းယူပြီး ထူးလိုက်သည်။

တိုက်ဆိုင်လှချည်လား။

ဒီနေ့ ... ဒီအချိန် ...

"ဟယ်လို ..."

"အစ်မ ... ကျွန်တော် ရွှေပြည်သာ အထည်ချုပ်စက်ရုံက မန်နေဂျာ ကိုကျော်ဝင်းပါ ခင်ဗျ"

တစ်ဖက်မှ အသံသည် အမောတကော ...။ ဘာ ပြဿနာ ဖြစ်ပြီလဲ။ တေး ခေါင်းထဲ တဒိန်းဒိန်း ဖြစ်လာသည်။

"ပြော ... ဘာအရေးကြီးလဲ"

"ကျွန်တော် ဇော်မိုးဆီ ဖုန်းခေါ်လို့ မရတာနဲ့ အစ်မဆီ လှမ်းခေါ်တာ ..."

"ဒါဆို ကျွန်မ အခုလာခဲ့မယ်၊ ကိုဇော်မိုး ဖုန်းလည်း ရအောင်တော့ ခေါ်ကြည့်ပါဦး ... ကျွန်မ အခုထွက်လာမယ်"

တေး ဖုန်းချလိုက်တော့ သူက ...

"ဘာဖြစ်လို့လဲ ချို ..."

"အလုပ်မှာ အရေးကြီးလို့ပါ ... တေး ခဏသွားရမယ်၊ ခဏပါပဲ ... ကိုခန့် ပြန်အိပ်လိုက်နော် ... စိတ်မပူနဲ့"

သူ တေးကို ပြောခဲ့ဖူးသည့် စကားမျိုးကို အခု တေးက သူ့ကို ပြန်ပြောနေရသည်။ ညဝတ်အင်္ကျီကို အပြင်ဝတ်စုံ တစ်စုံနဲ့လဲဖို့ နံရံကပ် ဗီရိုကြီးကိုဖွင့်ပြီး ဝတ်စုံတစ်စုံကို ကမန်းကတန်း ဆွဲထုတ်ကာဝတ်၊ ပြီးတော့ ပိုက်ဆံအိတ်နဲ့ ဖုန်းကို ယူပြီး ထွက်ခဲ့ရသည်။ ဗီရိုကိုလည်း ပြန်မပိတ်နိုင်ခဲ့။ ဗီရိုထဲမှာ တေးရဲ့ မင်္ဂလာပွဲတွေမှာ ဝတ်ခဲ့သည့် ဝတ်စုံတွေ





နှင့် သူ ဝတ်ခဲ့သည့် Suit တွေ ချိတ်လျက်သား တန်းစီလျက် ရှိပါသည်။

သူက တေးနောက်ကို လိုက်ဖို့ အိပ်ရာက ထ,လိုက်ပြီးမှ ဗီရိုဆီ အကြည့်ရောက်သည်။ မင်္ဂလာဝတ်စုံတွေ ...။ သူက ဗီရိုဆီ တစ်လှမ်းချင်း လျှောက်သွားမိသည်။ အဲဒီတုန်းက ဝတ်စုံတွေမှာ သူကိုယ်တိုင် ဆွတ်ပေးခဲ့သော Avon ကုမ္ပဏီထုတ် Women of the earth ရေမွှေးရနံ့သင်းသင်းက သူ့ခေါင်းထဲ တိုးဝင်လာသည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်လို့ ...

နာရီသံတွေက လွဲရင် ဘာမှ မကြားရ။ air-con အရှိန်ကြောင့် တစ်ခန်းလုံး အေးစိမ့်မှုက လွှမ်းခြုံနေသည်။

သူ နာရီကို ကြည့်မိပြန်သည်။

ချစ်တေး ဦဦ

ဒူးအထက်ကို မရောက်တရောက်ပင် ဖြစ်နေသော ရေတွေထဲမှာ လိုအပ်တာတွေကို မပြတ်ညွှန်ကြားရင်း တေး ခြေထောက်တွေ ယိုင်နဲ့လုလု ဖြစ်လာရသည်။ ရင်ထဲမှာလည်း ပူနေရတာ။ ကားလမ်းဘက်ကိုလည်း မကြာခဏ ငဲ့ကြည့်ရင်း အားတင်းနေရလေသည်။

သူသာ တစ်ခုခုဆိုရင် တေး သေရပါလိမ့်မည်။

တေးရဲ့နောက်ကို သူ လိုက်လာသတဲ့။ ဖုန်းထဲကနေ ဒေါ်မိုးမိုးထွန်း ဝမ်းသာအားရ လှမ်းပြောတာကတော့ သူ အတိတ်ကို ပြန်သတိရသွားပြီ ဆိုပါသည်။ တေး ထွက်သွား

ပြီး နာရီဝက်လောက်ကြာတော့ သူ လေ့ကားကို တဒုံးဒုံးနဲ့ အမောတကော ဆင်းလာသတဲ့။ တေး ဘယ်သွားလဲလို့ အော်မေးလိုက်တဲ့ အသံဟာ တစ်အိမ်လုံးမှာ ဟိန်းသွားတာပဲ တဲ့။ ရွှေပြည်သာက စက်ရုံတွေနဲ့ ဂိုဒေါင်တွေ ရေကြီးလို့ သွားတယ်ဆိုတာနဲ့ တစ်ခါတည်း ကားတစ်စီးကို မောင်းထွက်သွားတယ်တဲ့။

ဒေါ်တင့် ပြောတာလည်း ထိုအတိုင်းပင်။ ဒေါ်တင့်တို့က တားပေမယ့် မမိုးက မတားနဲ့၊ သွားပစေဆိုပြီး လွှတ်လိုက်တယ်ဆိုပြီး ဒေါ်တင့်က ဒေါ်မိုးမိုးထွန်းရဲ့ ဆုံးဖြတ်ချက်ကို သိပ်မကြည်လင်။ ရှေးလူကြီးတွေအဖို့ကတော့ စိတ်ပူမှာပေါ့လေ။ ဒေါ်မိုးမိုးထွန်းကတော့ အနောက်တိုင်းဆန်ဆန် စွန့်စားလိုက်ဟန်တူသည်။

သူတို့ လွှတ်လိုက်တာ မလွှတ်ချင်တာထက် တေးမှာသာ လမ်းမှာ ပြန်ရှာရနိုး၊ ဒီမှာပဲ စောင့်နေရနိုးနှင့် ချီတုံချတုံ ဖြစ်နေရသည်။ သူ ကားမောင်းလာတာကိုလည်း တေး စိတ်မချ။





လမ်းမှာ ပြန်ရှာမယ်ဆိုပြန်တော့လည်း သူက ဘယ်လမ်းက လာမယ်မှန်းလည်း မသိ။ တကယ်သာ သူ သတိရလာတာ မှန်ရင်တော့ ဒီကို တန်းတန်းမတ်မတ် ရောက်လာမှာပါ။

နောက်ဆုံးတော့ တေးသည်လည်း ဒေါ်မိုးမိုးထွန်းလိုပင် စွန့်စားလိုက်ပါသည်။

သူ ရောက်လာတဲ့အထိ စောင့်ရုံပဲပေါ့။

တစ်နာရီ ခွဲတော့မည်။

သူ ထွက်လာတာ နာရီဝက် ရှိပြီပေါ့။ အိမ်နဲ့ ဒီခရီးက ညဘက်ဆိုရင် နာရီဝက်ပင် မမောင်းရပါ။ ကိုဒေါင်ထဲက ပဲ သယ်ထုတ်ဖို့၊ စက်ပစ္စည်းတွေ ရေလွှတ်ရာ ရွှေ့ဖို့အတွက် တေး လှမ်းခေါ်လိုက်တဲ့ တေးတို့ရဲ့ သာကေတ ဆောက်လုပ်ရေး ပရောဂျက် ညဆိုင်းက အလုပ်သမားတွေတောင် ရောက်လာကြပြီ။ သူက ရောက်မလာသေး။

တေး စိတ်ပူစ ပြုလာပါသည်။

"အစ်မ … ရေလွှတ်ရာ သွားနေပါလား … အရမ်းအေး လာပြီ"

---

ရွှေသမင်စာပေ

ကိုကျော်ဝင်းကတော့ သတိပေးရှာပါသည်။ ရေလွတ်ရာကလည်း စက်ရုံ အပေါ်ထပ်မှာမို့ တေး အပေါ်ထပ်လည်း တက်မနေချင်။ ကားဝင်လာတာကို မြင်သာတဲ့ နေရာမှာပဲ ရပ်ရင်း လည်တဆန့်ဆန့် ဖြစ်နေရသည်။

တစ်နာရီ မိနစ်ငါးဆယ် ...။

ရေတွေထဲမှာပဲ မှောက်ရက်လှဲချပြီး နေလိုက်ချင်စိတ်တွေပါ ဖြစ်လာရသည်။ သူ ရောက်မလာဘူးလား။





နှစ်နာရီ တိတိ ...

တေး မျှော်လင့်ချက်တွေ တဖြည်းဖြည်း ယိုင်နဲ့လာသည်။ မျှော်ပါလာသော ပေပါခွံ တစ်လုံးပေါ်မှာ အားအင်မဲ့စွာ ထိုင်ချလိုက်မိသည်။

ကံကြမ္မာက တေးကို မျက်နှာသာ မပေးတော့ဘူး ထင်ပါရဲ့။ တေးရဲ့ အချစ်ကို ကိုယ်ချင်းမစာတော့ဘူးလား။ ပိုပြီး ရင်ကွဲစေတဲ့ အဖြေတစ်ခု ပေးဦးမှာလား။

နှစ်နာရီ ဆယ့်ငါးမိနစ် ...။

ပြာလဲ့လဲ့ ကားမီးရောင်တို့က တေး အကြည့်ထဲ ရောက်လာပါသည်။ တေး ဝမ်းသာအားရ ထ,ရပ်လိုက်မိသည်။

ကားမောင်းသူ နေရာက ဆင်းလာသူကို တွေ့သောအခါ တေး ပြန်ပြီး ခွေယိုင်သွားရသည်။

ဇော်မိုး ...။

ဒီတစ်ခါလည်း တေး ကံဆိုးပြန်ပြီ ထင်ပါရဲ့။

ဇော်မိုး ပြောလာမယ့် သတင်းဆိုးတွေကို နားထောင်နိုင်ဖို့ ကိုယ့်ကိုယ်ကို ပြန်အားတင်းပြီး သတ္တိ မွေးနေရလေသည်။

ထိုအခိုက်မှာ ... တေး ဘယ်လိုမှ ထင်မှတ်မထားခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်လာခဲ့ပါသည်။

ဇော်မိုး မောင်းလာခဲ့သော ကားရဲ့ နောက်ခန်းတံခါး ဖွင့်လာကာ လူတစ်ယောက် ဆင်းလာခဲ့ခြင်းပါ။





"ချစ်တေး ..."

တစ်နှစ်တိတိ မကြားခဲ့ရပေမယ့် ထိုခေါ်သံမှာ ကြင်နာမှု၊ မြတ်နိုးမှုနှင့် ချစ်ခြင်းကို သိသာထင်ရှားစေမှုတွေ ပါဆဲ။ တေး ရင်မဆိုင်ရဲခဲ့တဲ့ မာနစွက်သော မျက်ဝန်းတစ်စုံ။ ဒါပေမယ့် သူ့မျက်ဝန်းမှာ ချစ်ခြင်းတွေ ရှိနေတာကိုလည်း သိနိုင်သည်။

ဝမ်းသာလွန်းလို့ တေး နှုတ်ခမ်းတွေ ဆွံ့အ,နေလေရဲ့။ သူ့ကို ပြန်ရတဲ့ အရာထက် ပိုပြီး ဘယ်အရာကမှ တေးကို ကျေနပ်ပျော်ရွှင် ဝမ်းမြောက်စေမှာ မဟုတ်တော့။ ရင်ထဲက

၂၄၆ မြန်မာ

ဝမ်းသာလုံး ဆို့နေတာကြီး ကျသွားတဲ့အခါ တေး အရင်ဆုံး ပြောချင်တာ သူ့ကို သိပ်ချစ်တဲ့အကြောင်းသာ ဖြစ်သည်။

12:15 AM
1 st;Sep;03
MONDAY

ရွှေသမင်စာပေ


မြနန္ဒာ
ချစ်ကေးသီသီ